ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ နတ်တော်လကွယ်၊ စနေနေ့၊ (9-1-2016) (၈၄၄၀)

## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# စွမ်းအင်အရင်းအမြစ်များအားဖော်ထုတ်၍ စွမ်းအင်ဖူလုံမှုရရှိအောင် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းနေ

**နေပြည်တော် ဇန်နဝါရီ ၈**

အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟီလ်တန်ဟိုတယ်၌ ကျင်းပသည့် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ (၁/၂၀၁၆)အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ **(ယာပုံ)**



အဆိုပါအစည်းအဝေးသို့ အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ကျွမ်းကျင်ပညာရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီနာယက ဒုတိယသမ္မတက နိုင်ငံတော်အစိုးရသည် ကြွယ်ဝသော စွမ်းအင်အရင်းအမြစ်များအား ဖော်ထုတ်၍ စွမ်းအင်ဖူလုံမှုရရှိအောင် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းနေကြောင်း၊ စွမ်းအင်တိုးမြှင့်ထုတ်လုပ်နိုင်ရန် လိုအပ်သကဲ့သို့ အလေအလွင့်မရှိရေးနှင့် နောင်လာနောက်သားများအတွက် သိုမှီးထိန်းသိမ်းထားနိုင်ရေးသည်လည်း အရေးကြီးပါကြောင်း။

စွမ်းအင်ကဏ္ဍ ရေရှည်မျှော်မှန်းချက်မှာ စီးပွားရေးအရလည်းကောင်း၊ ဘဏ္ဍာရေးအရ လည်းကောင်း၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအရ လည်းကောင်း **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

# ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခွင့် မူဝါဒအပြောင်းအလဲများကြောင့် ကားဈေးကွက်အပေါ် လေ့လာစောင့်ကြည့်မှုများရှိနေ

ရန်ကုန် ဇန်နဝါရီ ၈

**ပြည်ပမှတင်သွင်းခွင့်ပြုသော ယာဉ်များ၏ ထုတ်လုပ်သည့်ခုနှစ် (Model Year) သတ်မှတ်ချက် မူဝါဒအပြောင်းအလဲများကြောင့် ကားဈေးကွက်အတွင်း အရောင်းမဝယ်မရှိသလောက်ဖြစ်သွားကာ ဈေးကွက်အခြေအနေအပေါ် လေ့လာစောင့်ကြည့်မှုများသာရှိနေကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



**ရန်ကုန်မြို့ရှိ ယာဉ်ရောင်းဝယ်ရေးစင်တာတစ်ခုကို တွေ့ရစဉ်။** (ဓာတ်ပုံ-ခင်မောင်ဝင်း)

# နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ တီထွင်ထားသည့်စက်ရုပ်များ ပြသ

**ရန်ကုန် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ၂၀၁၆ ခုနှစ် နှစ်ပတ်လည်ညီလာခံနှင့် မျိုးဆက်သစ်အင်ဂျင်နီယာများ စီစဉ်ကျင်းပသော အင်ဂျင်နီယာနည်းပညာဆိုင်ရာ(Process &Products Show-2016)ပြပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်း ရန်ကုန်နည်းပညာတက္ကသိုလ်ဝင်းအတွင်း ကျင်းပသည်။

ပြပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နည်းပညာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများကိုယ်တိုင် တီထွင်ပြုလုပ်ထားသည့် ရိုဘော့ရုပ်များ၊ ကွန်ပျူတာဖုန်းကွန်ထရိုးဖြင့် မောင်းနှင်နိုင်သည့် ကားများ၊ ဗိသုကာပုံစံများနှင့် ကုမ္ပဏီများမှ နည်းပညာမြင့် စက်ပစ္စည်းများကို ပြသထားသည်။

"ကျောင်းသား ကျောင်းသူတွေနဲ့ ပြည်တွင်းက အင်ဂျင်နီယာ လူငယ်တွေရဲ့ နည်းပညာကြိုးစားအားထုတ်မှုတွေကို အားပေးဖို့အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကြီးက စီစဉ်ကျင်းပတာပါ။ အဓိကကတော့ ကလေးတွေစာကျက်ပြီး စာမေးပွဲဖြေတာမဟုတ်ဘဲနဲ့ သူတို့သင်ယူရတဲ့ သီအိုရီသဘောတရားတွေကို လက်တွေ့အသုံးချစေချင်တာပါ။ စက်ရုပ်လေးတွေက သူတို့ကိုယ်တိုင်လုပ်ထားတာ **စာမျက်နှာ ၇ ကော်လံ ၅ သို့ ❒**

ပြင်သစ်နိုင်ငံရှိ PGSM မှတိုက်ရိုက် ချီးမြှင့်သည့်
International Executive MBA 7th Batch ကို
February လတွင် စတင်ဖွင့်လှစ်ပါမည်။
Specialisation Available:
✓ Banking & Finance
✓ Marketing
✓ International Business Management
✓ Human Resource Management
JOIN 45,000 GLOBAL NETWORK OF ALUMNI
BUSINESS INSTITUTE YANGON
No.(27), Ground Floor, Building (E), Pearl Condo, Kabaraye Pagoda Road, Bahan Township, Yangon.
Tel : 09 73223 777, 09 8628878, 09-253382715

ကြေးမုံ စာ တည်း ရှု ထောင့် ၉-၁-၂၀၁၆၊ စနေနေ့

# နိုင်ငံနှင့်ပြည်သူအကျိုးကိုရှေးရှု

နိုင်ငံတော်ကိုတည်ဆောက်လျက်ရှိရာ၌ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံများကို နိုင်ငံတစ်ဝန်းတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဖြန့်ကြက်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် စီးပွားရေးမြို့တော် ရန်ကုန်မြို့တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် မြို့တော်အင်္ဂါရပ်နှင့်အညီ အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်လာကြသည်ကို တွေ့ရသည်။

ထိုသို့ ဆောက်လုပ်လာရာတွင် အများပြည်သူအကျိုးစီးပွားကို ဘက်ပေါင်းစုံရှုထောင့်မှရှုမြင်ကာ အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ လက်ရှိတွင် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရာ၌ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် ညီညွတ်ခြင်းမရှိဘဲ ဆောက်လုပ်နေမှုများကို တွေ့ရှိလာသောကြောင့် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်မှုကို ရပ်ဆိုင်းထားရန် တိုက်တွန်းကြောင်း အရေးကြီးအဆိုအား တင်သွင်းခဲ့ရာ ပြည်သူ့လွှတ်တော်က မှတ်တမ်းတင် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရာ၌ နိုင်ငံတော်ဘတ်ဂျက်နှင့်ဆောက်လုပ်သော အဆောက်အအုံများနှင့် ပုဂ္ဂလိကရင်းနှီးငွေများနှင့် ဆောက်လုပ်သော အဆောက်အအုံများဟူ၍ နှစ်ပိုင်းရှိပြီး အဆိုပါ အဆောက်အအုံများကို သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီများက သတ်မှတ်စည်းမျဉ်းစည်းကမ်းများချမှတ်၍ ကြီးကြပ်ခွင့်ပြုပေးလျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနကဆောက်လုပ်သော အဆောက်အအုံများကို အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးကြီးကြပ်မှုအဖွဲ့ဖြင့် ၁၂ ထပ်ခွဲနှင့်အထက်မြင့်သော အဆောက်အအုံများအား လွတ်လပ်စွာ ကြီးကြပ်စစ်ဆေးဆောင်ရွက်ပေးနေသည်ကိုတွေ့ရပါသည်။ အဆောက်အအုံများကို ဆောက်လုပ်ရာ၌ ရေရှည်တည်တံ့ခိုင်မြဲရေး၊ နေထိုင်သူတို့ ဘေးအန္တရာယ်ကင်းရှင်းရေး၊ စည်းကမ်းနှင့်ညီညွတ်စွာ ဆောက်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ခွင့်ပြုချက်ရယူ လျှောက်ထားရမည်ဖြစ်သလို ခွင့်ပြုချက်ရပါကလည်း စံချိန်၊ စံညွှန်းနှင့်ညီ၊ မညီ အစစ်ဆေးခံနိုင်ရမည် ဖြစ်ပါသည်။

ဖော်ပြပါ အဆောက်အအုံများနှင့်ပတ်သက်၍ ခွင့်ပြုချက်လျှောက်ထားခြင်း၊ စံချိန်စံညွှန်းနှင့်ညီ၊ မညီ စိစစ်ထားခြင်း၊ သတ်မှတ်ခွင့်ပြုထားသည့်နေရာဖြစ်ခြင်းတို့နှင့် မကိုက်ညီသဖြင့် ကန့်ကွက်မှုများပေါ်ထွက်လာခြင်းဖြစ်သည်။ ထိုသို့ပေါ်ထွက်သောကြောင့် ဆောက်လုပ်ဆဲအဆောက်အအုံများနှင့်ပတ်သက်ရာ ကိစ္စအဝဝအတွက် ထိခိုက်နစ်နာမှုများရှိလာမည်မှာ အမှန်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အများပြည်သူအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်သည့်ကိစ္စများအတွက် မဆောက်လုပ်မီကတည်းက သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ပြီး ပြည်သူများ စောစီးစွာခံစားနိုင်ရန်အတွက် ဝိုင်းဝန်းကူညီတည့်မတ်ကာ စနစ်တကျဆောင်ရွက်သင့်ပေသည်။ သို့မှသာ ပြည်သူများအတွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးရာ ရောက်ပေမည်။

လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာ၌ လူအနည်းစုအကျိုးစီးပွားထက် လူအများစုအကျိုးစီးပွားကို ဦးစားပေးရမည်။ လူအများစုအကျိုးစီးပွားထက် နိုင်ငံတော်၏ အကျိုးစီးပွားကို ဦးစားပေးရမည်သာဖြစ်သည်။ ထိုဥပဒေသသည် မီဒီယာများတွင်သာမက အခြားနယ်ပယ်များတွင်လည်း အကျုံးဝင်သဖြင့် ထိုအချက်များကို အလေးထားသင့်သလို စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများနှင့်အညီလည်း ဆောင်ရွက်သင့်ပါသည်။

ကိစ္စတစ်ခုပေါ်ပေါက်ပါက အထက်ပါဥပဒေသနှင့်အညီ ဦးစားပေးရှေးရှုသင့်ပြီး စည်းမျဉ်း၊ စည်းကမ်းနှင့်မညီပါကလည်း ပြန်လည်ပြုပြင်တည့်မတ်ပြီး နိုင်ငံတော်၏အကျိုးစီးပွား၊ အများပြည်သူအကျိုးစီးပွားကို ရှေးရှုကာ ပြင်ဆင်လိုက်နာဆောင်ရွက်ကြမှသာ နိုင်ငံနှင့်ပြည်သူတို့အတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်သော ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများ အကောင်အထည်ပေါ်လာမည် ဖြစ်ပါသည်။

သို့ဖြစ်ရာ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ အများသဘောဆန္ဒများကို အလေးထားလိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်ရာ စည်းကမ်းဥပဒေများကို လေးစားလိုက်နာပြီး အကောင်းမြင်အပြုသဘောဖြင့် ဝိုင်းဝန်းကြိုးပမ်းညှိနှိုင်းဆောင်ရွက်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်ဟု ရှုမြင်ပါသည်။ ။



# ဒေသထွက်ကျောက်များဖြင့် ပြုလုပ်ထားသည့် လက်မှုပစ္စည်းများကို အွန်လိုင်းစနစ်ဖြင့် ရောင်းချ

**မုံရွာ ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသတွင်းထွက် ကျောက်များဖြင့် ပြုလုပ်သော လက်မှုပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် မုံရွာတွင် ထုတ်လုပ်ရောင်းချလျက်ရှိရာ ဇန်နဝါရီ ၈ ရက်မှစတင်ပြီး အွန်လိုင်းစနစ်ဖြင့် မုံရွာမြို့ စက်မှုဇုန်ရပ်ကွက်ရှိ KSM Monywa Jewellery တွင် စတင်ရောင်းချကြောင်း သိရသည်။

"ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာထွက်ရှိတဲ့ တွင်းထွက်ပစ္စည်းတွေကို တန်ဖိုးမြင့်လက်မှုပစ္စည်းတွေအဖြစ် ထုတ်လုပ်ပြီး နိုင်ငံခြားဧည့်သည်တွေနဲ့ ပြည်တွင်းကခရီးသွားဧည့်သည်တွေ၊ အမှတ်တရပစ္စည်းအဖြစ် စုဆောင်းလိုသူတွေ၊ လက်ဆောင်ပေးရန်နဲ့ ကိုယ်တိုင်ဝတ်ဆင်လိုသူတွေအတွက် ရည်ရွယ်ပြီး ထုတ်လုပ်ခဲ့တာပါ။ ပြောင်းလဲတိုးတက်လာတဲ့ခေတ်မှာ သွားလာဖို့ အခက်အခဲရှိတဲ့ရပ်ဝေးက မှာယူလိုတဲ့သူတွေ အဆင်ပြေအောင် အွန်လိုင်းစနစ်နဲ့ ရောင်းချဖို့အတွက် အခုလို စီစဉ်ခြင်းဖြစ်ပါတယ်။

နောက်ပြီး နိုင်ငံခြားခရီးသွားတွေ အဝင်အထွက်များတဲ့ မြို့တွေက ဒီလက်မှုပစ္စည်းတွေကို တစ်ဆင့်ရောင်းချဖို့ စိတ်ဝင်စားရင်လည်း အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးပါတယ်။ အွန်လိုင်းကနေရောင်းချမယ့် ဒေသတွင်းထွက်လက်မှုပစ္စည်းတွေကို အွန်လိုင်းမှာ ဈေးနှုန်းနဲ့အတူ မှာယူနိုင်တဲ့လိပ်စာတွေကို တင်ပေးထားမယ်။ မှာယူလိုတဲ့သူတွေဘဏ်မှာ ငွေသွင်းပြီး သုံးရက်အတွင်း သက်ဆိုင်ရာမြို့နယ် ကားဂိတ်အရောက်ပို့ပေးမှာပါ။ ဝယ်ယူသူအနေနဲ့ မှာယူတဲ့ပစ္စည်းက သိပ်ပြီးကြိုက်နှစ်သက်မှုမရှိဘူးဆိုရင် သုံးရက်အတွင်း ပစ္စည်းသော်လည်းကောင်း၊ ငွေသော်လည်းကောင်း ပြန်လည်လဲလှယ်နိုင်ပါတယ်"ဟု KSM Monywa Jewellery မှ ကိုစန်းမိုးအောင်က ပြောသည်။

အဆိုပါ အရောင်းပြခန်းတွင် ဒေသအတွင်းမှ သဘာဝအလျောက်ထွက်ရှိသော အင်ကြင်းကျောက်၊ ထန်းကျောက်၊ အလင်းပိတ်သလင်း (Jasper)၊ မဟူရာ (agate)၊ သက်နုသလင်း(Quartzit)များကို ဆွဲကြိုး၊ ဆွဲပြား၊ ဆွဲသီး၊ ပုတီး၊ လက်ကောက်၊ အိမ်ခန်းအလှဆင်ပစ္စည်း၊ အရုပ်မျိုးစုံစသည့်ပစ္စည်းများ ထုတ်လုပ်ထားပြီး အွန်လိုင်းမှတစ်ဆင့် ပြန်လည်ရောင်းချမည်ဖြစ်ရာ တစ်ဆင့်ရောင်းချလိုသူများ၊ လက်ဆောင်အဖြစ် ပေးလိုသူများ၊ အမှတ်တရအဖြစ် သိမ်းထားလိုသူများအနေဖြင့် လာရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ရွှေစျေး၊ စက်သုံးဆီစျေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၈**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေစျေး) | ၇၄၉၄၀၀ - ၇၅၀၄၀၀ | မန္တလေး(ရွှေစျေး) | ၇၄၉၂၀၀ - ၇၅၀၂၀၀ |

| စက်သုံးဆီစျေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၉၀/၆၁၀ ကျပ်၊ | ၆၄၀/၆၈၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၂၀/၇၅၀ ကျပ်၊ | ၈၂၀/၉၁၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၁၀/၆၄၀ ကျပ်၊ | ၇၀၀/၇၂၀ ကျပ် |

**ရန်ကုန် လက်ကားစျေး**

ဒီဇယ် တစ်လီတာ ၄၇၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၂၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၀၂. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၂၁. ၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇. ၄၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅. ၉၀၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၆. ၆၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၄၆၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၀၆. ၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၈. ၈၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၃. ၄၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၈. ၅၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ရွှေတိဂုံစေတီတော်သို့ (၁၅)ကြိမ်မြောက် ရွှေပြားသင်္ကန်းလှူမည်

**ရန်ကုန် ဇန်နဝါရီ ၈**

ရန်ကုန် အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဆင်မင်းဈေး အငှားယာဉ်မောင်းမိသားစုများနှင့် စေတနာရှင်မိသားစုများ၏ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ (၁၅)ကြိမ်မြောက် ရွှေပြားရွှေသင်္ကန်းလှူဒါန်း ပူဇော်ပွဲအဖြစ် ရွှေပြား ၃၃ ကျပ်သား လှူဒါန်းမည်ဖြစ်သည်။ ထို့ပြင် အောင်ပွဲဓမ္မပူဇာကို ဇန်နဝါရီ ၂၀ ရက် မှ ၂၄ ရက်အထိ ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒအပါအဝင် ဆရာတော်လေးပါးက လေးညတိုင်တိုင် ဓမ္မသဘင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထိုနေ့ မွန်းလွဲ ၁ နာရီတွင် ဓမ္မိကာရာမကျောင်းတိုက်၌ လှူဒါန်းမှုတို့အား ရေစက်သွန်းချ အနုမောဒနာပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(ရွှေတိုင်လွင်)**



**ကာသိုလ်လည်းရ ဝမ်းလည်းဝ ကျသင့်အခွန် တို့ကျေပွန်**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

## ပြည်တွင်းရေးရာ

❖ **စွမ်းအင်အရင်းအမြစ်မှ**

အသက်သာဆုံးတန်ဖိုးဖြင့် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့်အညီ စွမ်းအင်အရင်းအမြစ်အမျိုးမျိုးမှ ထုတ်လုပ်ပြီး အရည်အသွေးပြည့်ဝသော စွမ်းအင်ဝန်ဆောင်မှုများကို ပြည်သူလူထုထံပေးအပ်နိုင်ရန် ဖြစ်ပါကြောင်း။

အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ကာလရှည် စွမ်းအင်ဆိုင်ရာ ပင်မစီမံချက်အား အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီဖြင့် အပြီးသတ်ရေးဆွဲပြုစုနိုင်ခဲ့သည့်အတွက် ကော်မတီ၏ လုပ်ငန်းတာဝန်များထဲမှ အရေးကြီးသော လုပ်ငန်းတာဝန်တစ်ရပ်ကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစွမ်းအင်မူဝါဒအား ရေးဆွဲအတည်ပြုထုတ်ပြန်ခဲ့ပြီး နိုင်ငံအတွက် လိုအပ်သည့်စွမ်းအင်ကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်ရေးနှင့် တိကျသည့် လုပ်ငန်းအစီအမံများ ချမှတ်နိုင်ရန်အတွက် ကာလရှည်စွမ်းအင်ဆိုင်ရာ ပင်မစီမံချက်အား ရေးဆွဲခဲ့ခြင်း ဖြစ်ပါကြောင်း။

ယခုရေးဆွဲထားသည့် ကာလရှည်စွမ်းအင်ဆိုင်ရာ ပင်မစီမံချက်အား ကျွမ်းကျင်သူများက ၎င်းတို့၏ အတွေ့အကြုံ ယူဆချက်၊ လေ့လာတွေ့ရှိချက်များအပေါ် အခြေခံပြီး ဆောင်ရွက်ထားခြင်းဖြစ်သည့်အတွက် ၎င်းတို့အဆိုပြုတင်ပြထားသော စွမ်းအင်ဖြည့်ဆည်းမှု နည်းလမ်းများသည် လက်ရှိပြည်တွင်းနှင့် နိုင်ငံတကာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ကိုက်ညီမှု ရှိ၊ မရှိ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများအကြား အသေးစိတ်ညှိနှိုင်းဆွေးနွေးရန်နှင့် မိမိတို့အမှန်တကယ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အမျိုးသားအဆင့် စွမ်းအင်ဖြည့်ဆည်းမှုမဟာဗျူဟာ (National Energy Supply Strategy) နှင့် အကောင်အထည်ဖော်ရေးစီမံချက်အား ရေးဆွဲရန် လိုအပ်ပါကြောင်း။

အဆိုပါ ကာလရှည်စွမ်းအင်ပင်မစီမံချက်အပြင် အမျိုးသားလျှပ်စစ်ဓာတ်အား ပင်မစီမံချက်အား ဂျပန်-နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့်ပူးပေါင်း၍လည်းကောင်း၊ အမျိုးသားလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစီမံချက်အား ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍လည်းကောင်း အောင်မြင်စွာ ရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း။

ဤစီမံချက်အားလုံးသည် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် တူညီသော ရည်မှန်းချက်တစ်ရပ်အပေါ် အခြေခံဆောင်ရွက်ထားခြင်းဖြစ်ပြီး စီမံချက်တစ်ခုချင်းစီတွင်လည်း အားသာချက်များရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ ရှေ့လုပ်ငန်းစဉ်အားချမှတ်ရာတွင် အဆိုပါအားသာချက်များကို ရယူအသုံးချနိုင်ရန် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီက ဦးဆောင်ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းသွားကြရမည် ဖြစ်ပါကြောင်း။

ထို့အပြင် မိမိတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအစီအမံများ၊ လိုအပ်သည့်ဥပဒေ၊ မူဘောင်ပြဋ္ဌာန်းရေးဆိုင်ရာကိစ္စရပ်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအမံများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ စတင်ဖွဲ့စည်းချိန်မှစတင်၍ ကော်မတီ၏ သက်တမ်း သုံးနှစ်အတွင်း သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သုံးနှစ်ကာလအတွင်း အမျိုးသားစွမ်းအင်မူဝါဒနှင့် စွမ်းအင်ဆိုင်ရာ ပင်မစီမံချက်ကဲ့သို့သော စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော မူဝါဒမူဘောင်နှင့် ဖွံ့ဖြိုးမှုအစီအမံများကို ရေးဆွဲနိုင်သည့်အပြင် စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးချရေးနှင့် ခြိုးခြံချွေတာရေးကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍ အစရှိသည့် ကဏ္ဍအသီးသီး၏ မူဝါဒ၊ မဟာဗျူဟာနှင့် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများရေးဆွဲနိုင်ရေးအတွက် ကူညီဆောင်ရွက်ခဲ့ပါကြောင်း။

အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် မြန်မာနိုင်ငံအမျိုးသားစွမ်းအင်မူဝါဒကို အာရှဖွံ့ဖြိုးရေးဘဏ် အကူအညီ၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ရေးဆွဲခဲ့ပါကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်၏ Myanmar Energy Master Plan တွင် စုစုပေါင်း အခန်း (၇)ခန်းပါဝင်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေးအပေါ် ရှုမြင်သုံးသပ်ချက်၊ စွမ်းအင်အသုံးပြုမှုပုံစံ၊ စွမ်းအင်အရင်းအမြစ်တည်ရှိမှု၊ အနာဂတ်ကာလ စွမ်းအင်လိုအပ်ချက်၊ စွမ်းအင်ဖြည့်ဆည်းမှုနည်းလမ်းများ စသည်တို့ကို အဆင့်ဆင့် ပြုစုရေးဆွဲထားပါကြောင်း။

ကာလရှည်စွမ်းအင်ဆိုင်ရာ ပင်မစီမံချက်၌ စွမ်းအင်ဖြည့်ဆည်းမှု မဟာဗျူဟာ (Energy Supply Strategies)များ ဖော်ထုတ်ရာတွင် ကုန်ကျစရိတ်အနည်းဆုံးဖြင့် လုံလောက်သောစွမ်းအင်ကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်မှုနည်းပါးသည့် စွမ်းအင်နည်းပညာများအသုံးပြုနိုင်ရေး၊ ထိရောက်သည့် ရင်းနှီးမြှုပ်နှံမှုဖြစ်စေရေး၊ စွမ်းအင်အရင်းအမြစ်များကို ထိရောက်စွာအသုံးပြုနိုင်ရေးစသည့် Criteria များအပေါ် အခြေခံပြီး ဆောင်ရွက်ထားသည့်အတွက် ရွေးချယ်ခွင့်ပိုမိုရရှိလာပြီး အမှန်တကယ် သင့်လျော်သော နည်းလမ်းတစ်ခုကို ရွေးချယ်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလရှည်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် အစီအမံများ ပါဝင်ရေးဆွဲထားသည့် Myanmar Energy Master Plan နှင့်စပ်လျဉ်း၍ အာရှဖွံ့ဖြိုးရေးဘဏ်မှ ဒါရိုက်တာ မစ္စတာ ချောင်ချီနိုင်းလ် (Mr. Chong Chi Nai)နှင့် ကျွမ်းကျင်ပညာရှင်များက ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

တင်ပြချက်များအပေါ် အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီနာယကက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

## မန္တလေး-ပြင်ဦးလွင် တောင်တက်လမ်းသစ်အတွက် လမ်းအူကြောင်းဖောက်လုပ်

**မန္တလေး ဇန်နဝါရီ ၈**

မန္တလေး-ပြင်ဦးလွင် တောင်တက်လမ်းသစ်ကို Axiom Mandalay High Way Construction Co.,Ltd. က လမ်းအူကြောင်း ဖောက်လုပ်နေပြီဖြစ်ရာ ပြင်ဦးလွင်မြို့ အနီးစခန်းထိ ခရီးအကွာအဝေးမိုင် ၂၀ ဝန်းကျင်ရှိကြောင်း တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

"လက်ရှိသွားနေတဲ့ လမ်းပိုင်းထက် တစ်ဝက်နီးပါး လျော့နည်းသွားပြီး အချိန်တို၊ ခရီးတိုအတွင်း သွားလာနိုင်မယ်။ ဖြတ်သန်းသွားတဲ့ဒေသတွေမှာလည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှာပါ။ အချိန်တိုအတွင်း ကုန်စည်သယ်ပို့နိုင်ပါမယ်"ဟု ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လမ်းပိုင်းအူကြောင်းရှာဖွေ မြေတိုင်းတာခွင့်နှင့် BOT လမ်းပိုင်းအဖြစ် အသုံးပြုခွင့်ပြုရန်အတွက် ၂၀၁၅ ခုနှစ် မေလက တိုင်းဒေသကြီး အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်တောင်းခံခဲ့ပြီး ပြည်ထောင်စုအဆင့်ဆင့်သို့ တင်ပြခဲ့ရာ ဖွန်လတွင်ခွင့်ပြုချက်ရရှိခဲ့ကြောင်းသိရသည်။

"ဆောက်လုပ်ရေးဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ လုပ်ထုံးလုပ်နည်းတွေရှိပြီး အဲဒီအတိုင်းခွင့်ပြုတာဖြစ်တယ်။ လမ်းအူကြောင်းပြီးသွားရင်တော့ အကွာအဝေး အတိအကျထွက်လာမှာပါ"ဟု ပြည်သူ့ဆောက်လုပ်ရေး (မန္တလေး)မှ အင်ဂျင်နီယာတစ်ဦးက ပြောသည်။

တောင်တက် လမ်းသစ်သည် မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ်မှ ပြင်ဦးလွင်မြို့ အနီးစခန်းတွင်မူ လူလမ်းပိုင်းနှင့် ပေါင်းစပ်သွားမည်ဖြစ်ကြောင်း၊ တောင်တက်လမ်းဖြစ်၍ တောင်အမြင့် နှစ်လုံးနှင့် ဆင်ခြေလျှော တောင်ကုန်းမြင့်များအပြင် တံတား ၁၀ စင်းနှင့် ရေနံပိုက်လိုင်း တစ်ခုကို ဖြတ်သန်းရမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❂ **ရှေ့ဖုံးမှ**

ပြည်ပမှ မော်တော်ယာဉ် တင်သွင်းရာတွင် သတ်မှတ်ချက်များကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၈ ရက်က နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန်ကြေညာခဲ့ရာတွင် ကားဈေးကွက်အတွင်း လှုပ်ခတ်မှုများဖြစ်ပေါ်ခဲ့ပြီး ကားဈေးနှုန်းများလည်း ရာခိုင်နှုန်းတစ်ခုအထိ မြင့်တက်သွားခဲ့သည်ဟု သိရသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် ပြည်ပမှ ကားတင်သွင်းမှုအတွက် ထုတ်လုပ်သော ခုနှစ် Model Year သတ်မှတ်ချက်၊ ဖရီးပါမစ်ကားများ အသစ်စက်စက် ဘယ်မောင်းယာဉ်များကိုသာ တင်သွင်းရမည်ဟူသော ထုတ်ပြန်ချက်အပေါ် မော်တော်ယာဉ် လုပ်ငန်းရှင်အချို့ ဝေဖန်မှုများရှိခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်က နေပြည်တော်၌ ကျင်းပခဲ့သည့် မော်တော်ယာဉ် တင်သွင်းမှုဆိုင်ရာကြီးကြပ်မှုကော်မတီ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးများ၊ သက်ဆိုင်ရာဌာနများမှ အကြီးအကဲများနှင့် မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်းတို့ ဆွေးနွေးခဲ့ကြပြီးနောက် ဇန်နဝါရီ ၇ ရက်တွင် Model Year ပြင်ဆင်သတ်မှတ်ချက်ကို အစိုးရက ပြန်လည်ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းသို့ မူဝါဒအပြောင်းအလဲများကြောင့် ကားဈေးကွက်အတွင်း အရောင်းအဝယ်များ မရှိသလောက် အေးစက်သွားကာ မြင့်တက်ခဲ့သည့် ကားဈေးနှုန်းများသည်လည်း အနည်းငယ် ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

"ကားဈေးက တက်တက်၊ ကျကျ၊ တက်ဈေး၊ ကျဈေးနဲ့ ရောင်းလို့ ဝယ်လို့ရတယ်။ အခုက မူဝါဒမငြိမ်တော့ အရောင်းအဝယ်က မလုပ်ရဲဘူး ဖြစ်နေတယ်။ တက်မယ်ဆိုပြီး ဝယ်ထားတဲ့သူတွေလည်း မလွယ်ဘူး။ နောက်တစ်ခုက ကားဈေးကွက်ကို ဈေးကစားတာလားပေါ့။ ဈေးတက်တက်၊ ကျကျ ဝယ်ချင်တဲ့သူနဲ့ ရောင်းချင်တဲ့သူကြားမှာ အရောင်းအဝယ်လုပ်ပေးလို့ရတယ်။ လိုတဲ့သူက ဝယ်မှာပါ၊ မလိုတဲ့သူက ရောင်းမှာပါ။ အခုလောလောဆယ်တော့ အရောင်းအဝယ် အေးစက်သွားတယ်။ အားလုံးက စောင့်ကြည့်နေတာပဲရှိတယ်"ဟု ကားပွဲစားတစ်ဦးက ၎င်း၏အမြင်ကို ဇန်နဝါရီ ၈ ရက်က ပြောကြားခဲ့သည်။

ဇန်နဝါရီ ၇ ရက်တွင် ပြန်လည်ထုတ်ပြန်ကြေညာခဲ့သည့် ကြေညာချက်တွင် အများပြည်သူအကျိုးငှာ ပြင်ဆင်ဖြေလျှော့၍ ပြောင်းလဲဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ခဲ့သည်။

"၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက် ထုတ်ပြန်ချက်အပြီးမှာ ကားဈေးတွေ တက်သွားတယ်။ ဟိုအရင်လိုတက်တာတော့ မဟုတ်ပါဘူး။ ၁၀ သိန်း၊ သိန်း ၂၀ လောက်ကနေ သိန်း ၅၀ လောက်အထိ တက်တာမျိုးရှိတယ်။ အရင် သိန်း ၁၀၀ အောက် ကားလေးတွေက ၁၀၀ ကျော်ဖြစ်သွားတယ်။ အခုထုတ်ပြန်ချက် အသစ်ပြန်ထွက်လာတော့ ဈေးပြန်ကျလာတယ်။ Showroom က ကားတွေအပေါ် ဝေဖန်မှုတွေတော့ ထွက်လာတယ်"ဟု ကားဝယ်ရောင်းတစ်ဦးက ဆိုသည်။

ယခင်ထုတ်ပြန်ချက်အပေါ် ကြိုဆိုသူများ ရှိသလို၊ မော်တော်ယာဉ် လုပ်ငန်းရှင်များအနေဖြင့် ကန့်ကွက်မှုများ ရှိခဲ့သည်။ ပြန်လည်ထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ချက်အသစ်အပေါ် လက်ခံကြိုဆိုသူများလည်း ရှိပြီး အချို့ကမူ လုပ်ငန်းရှင် အနည်းငယ်ကိုသာ အကျိုးအမြတ်ဖြစ်စေသည်ဟု ဝေဖန်မှုများလည်း ထွက်ပေါ်ခဲ့သည်။ သို့ရာတွင် ပြည်တွင်း၌ မော်တော်ယာဉ် လိုအပ်ချက်မှာ မြင့်မားလျက်ရှိနေရာ အများပြည်သူ ဈေးနှုန်းသက်သာစွာ အသုံးပြုနိုင်ရန် အရေးကြီးသလို အများပြည်သူ သွားလာပို့ဆောင်ရေးတွင် စနစ်ကျရန် မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်နှင့် ယာဉ်သွားလာမှုဆိုင်ရာ စီမံခန့်ခွဲရေးတို့တွင် နိုင်ငံတကာအဆင့်မီ ဆောင်ရွက်သွားရန် လိုအပ်ကြောင်းကို မြို့ပြရေးရာကျွမ်းကျင်သူ ပညာရှင်များက ဝေဖန်သုံးသပ်ကြသည်။ **(ဝဝ၁)**



## ထမ္ဗရာဇ်ရပ်ကွက်ရှိ ရေဘေးသင့်ပြည်သူများသို့ လုံးချင်းအိမ်ရာ ၆၄ လုံး လွှဲပြောင်းပေးအပ်

**မြောက်ဦး ဇန်နဝါရီ ၈**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့၌ ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ကာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြသော ရေဘေးသင့်ပြည်သူများအား လုံးချင်းအိမ်ရာများ ပေးအပ်ပွဲကို ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီတွင် အသစ်ဆောက်လုပ်လှူဒါန်းထားသော နေအိမ်များရှေ့၌ ကျင်းပခဲ့သည်။

၎င်းနေအိမ်များကို CB Bank (Foundation) က တာဝန်ယူဆောက်လုပ်ခဲ့ပြီး ဥက္ကဋ္ဌ ဦးခင်မောင်အေးက နေအိမ် ၆၄ လုံးအား လုံးချင်းအိမ်ရာများအဖြစ် ဆောက်လုပ်လှူဒါန်းခြင်း၊ နေအိမ်များ၌ လိုအပ်လျက်ရှိသည့် လျှပ်စစ်မီးရရှိရေးအတွက် ဆိုလာမီးများ တပ်ဆင်လှူဒါန်းခြင်း၊ ရေရရှိရေးအတွက် ရေပိုက်လိုင်းများတပ်ဆင်၍ ရေပေးဝေခြင်း၊ လမ်းသွားလမ်းလာများ အဆင်ပြေစေရန် လမ်းများပြုလုပ်ခြင်းလုပ်ငန်းများအတွက် စုစုပေါင်း ငွေကျပ် ၁၂၁၁၇၈၆၇၂ ကုန်ကျခံကာ ဆောင်ရွက်လှူဒါန်းခဲ့သည်။

ထို့နောက် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် မြောက်ဦးမြို့ ထမ္ဗရာဇ်ရပ်ကွက်ရှိ လုံးချင်းအိမ်ရာ ၆၄ လုံးနှင့် ဆင်အိုးကျေးရွာအုပ်စု ရွာမဏီကျေးရွာ၌ လုံးချင်းအိမ်ရာ ၃၂ လုံးတို့အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မွန်လတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်နှင့် မြောက်ဦးမြို့ CB Bank တာဝန်ခံ ဦးသာစိန်ထွန်းတို့က ရေဘေးသင့်ပြည်သူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## (၆၂)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်ညီလာခံကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၈**

(၆၂) ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံကို ဇန်နဝါရီ ၁၅ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ အမှတ်(၂၄၉) သိမ်ဖြူလမ်း မြန်မာနိုင်ငံဆရာဝန်အသင်း၌ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ ဇန်နဝါရီ ၁၆ ရက် နံနက် ၈ နာရီတွင် (၆၂) ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံဖွင့်ပွဲတို့ကို ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံဆရာဝန်အသင်း (၂၀၁၆-၂၀၁၇) ဗဟိုအလုပ်အမှုဆောင်အဖွဲ့များကို ဆန္ဒမဲပေးရွေးချယ်တင်မြှောက်ပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ညီလာခံတက်ရောက်လိုသူများသည် ဇန်နဝါရီ ၁၁ ရက်မှ ၁၄ ရက်အထိ အမှတ်(၂၄၉) သိမ်ဖြူလမ်း မြန်မာနိုင်ငံဆရာဝန်အသင်း၌ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ကိုရီးယားနယ်စပ်၌ ဝါဒဖြန့်ထုတ်လွှင့်မှုများပြုလုပ်



**ဆိုးလ် ဇန်နဝါရီ ၈**

တောင်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယား ဆန့်ကျင်ရေး ဝါဒဖြန့်လှုံ့ဆော်သည့် ထုတ်လွှင့်မှုများအား ပြန်လည်ပြုလုပ်မှုကို ဇန်နဝါရီ ၈ ရက်တွင် စတင်လိုက်ပြီး **(ယာပုံ)**မြောက်ကိုရီးယားနိုင်ငံကလည်း တောင်ကိုရီးယား ဆန့်ကျင်ရေး ဝါဒဖြန့်အသံလွှင့်မှုကို တန်ပြန်ပြုလုပ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

တောင်နှင့်မြောက်ကိုရီးယား နယ်စပ်ဒေသ၌ အသံချဲ့စက် (လော်စပီကာ)များ တပ်ဆင်ကာ အကျယ်လောင်ဆုံး ထုတ်လွှင့်မှုဖြင့် ဝါဒဖြန့်ကာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ တိုက်ခိုက်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံက ဟိုက်ဒြိုဂျင် ဗုံးတစ်လုံးကို အောင်မြင်စွာ စမ်းသပ်ဖောက်ခွဲခဲ့သည်ဟု ယခုရက်သတ္တပတ်အတွင်း ထုတ်ပြန်ကြေညာခဲ့ပြီးနောက် တောင်ကိုရီးယားနိုင်ငံနှင့် တင်းမာမှုပြန်လည်ဖြစ်ပေါ်လာသည်။

ကင်ဂျုံအန်၏ အစိုးရအဖွဲ့အား ဝေဖန်သည့် ဝါဒဖြန့်ထုတ်လွှင့်မှုကို ပြန်လည်ပြုလုပ်ကြောင်း တောင်ကိုရီးယား စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဝါဒဖြန့် ထုတ်လွှင့်မှု ပြုလုပ်သည့် နယ်မြေဒေသအတွင်း မိမိတို့ အမြင့်ဆုံး တပ်လှန့်ထားကြောင်း တောင်ကိုရီးယား စစ်ဘက်ဆိုင်ရာ အရာရှိတစ်ဦးက ပြောကြားသည်။

ဝါဒဖြန့်လှုံ့ဆော်မှု လုပ်ရပ်သည် စစ်ကြေညာသည့် လုပ်ရပ်ဖြစ်သည်ဟု မြောက်ကိုရီးယားနိုင်ငံက ဝေဖန်ပြောကြားခဲ့သည်။ **ဆင်ဟွာ၊ ရိုက်တာ။**

# ယီမင်နိုင်ငံရှိ အီရန်သံရုံးကို တိုက်ခိုက်ခြင်းမရှိဟု ဆော်ဒီအာရေဗျ ပြောကြား

**ရီယတ် ဇန်နဝါရီ ၈**

ယီမင်နိုင်ငံရှိ အီရန်သံရုံးကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခံရမှုသည် ဆော်ဒီအာရေဗျ ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့များက တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အီရန်နိုင်ငံ၏ စွပ်စွဲချက်ကို ဆော်ဒီအာရေဗျနိုင်ငံက ပြတ်ပြတ်သားသား ငြင်းဆိုလိုက်သည်။

ယီမင်နိုင်ငံ ဆာနားမြို့တော်ရှိ အီရန်သံရုံးကို ဆော်ဒီအာရေဗျနိုင်ငံက ဗုံးကြဲတိုက်ခိုက်သည့်အတွက် ပျက်စီးသွားခဲ့ပြီး သံရုံးဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ ပြောဆိုချက်ကို ကိုးကားလျက် အီရန်နိုင်ငံပိုင်သတင်းမီဒီယာက ဇန်နဝါရီ ၇ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဆော်ဒီအာရေဗျနှင့် အာရပ်မဟာမိတ်နိုင်ငံများသည် လွန်ခဲ့သည့်နှစ် မတ်လကတည်းက ယီမင်နိုင်ငံရှိ အီရန်ထောက်ပံ့ထားသော ရှီးယိုက်သောင်းကျန်းသူများကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်လျက်ရှိသည်။

အီရန်နိုင်ငံ၏ စွပ်စွဲချက်သည်မှားယွင်းကြောင်းနှင့် အာရပ်ညွန့်ပေါင်းတပ်ဖွဲ့များသည် အီရန်သံရုံးအနီးတွင် လေကြောင်းစစ်ဆင်တိုက်ခိုက်မှုမပြုလုပ်ခဲ့ကြောင်း ဆော်ဒီအာရေဗျနိုင်ငံပိုင် သတင်းအေဂျင်စီက ဇန်နဝါရီ ၇ ရက်တွင် ထုတ်ပြန်ကြေညာသည်။ သံရုံးမှာ အန္တရာယ်ကင်းရှင်းပြီး အပျက်အစီးမရှိဟု ပြောကြားသည်။

ညွန့်ပေါင်းတပ်ဖွဲ့များ၏ လေကြောင်းတိုက်ခိုက်မှုသည် အီရန်သံရုံးနှင့် တစ်ကီလိုမီတာနီးပါးအကွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဗုံးကြဲမှုကြောင့် အပျက်အစီးအမှိုက်သရိုက်များ သံရုံးထဲထိ ပျံ့နှံ့သွားခဲ့ကြောင်း၊ သို့သော် သံရုံးမှာ ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးသွားသည့် လက္ခဏာ မတွေ့ရကြောင်း သံရုံးအနီးရှိ လူတစ်ဦးက အင်န်အိတ်ချ်ကေ သတင်းဌာနသို့ ပြောကြားသည်။

အီရန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သည် ယခုလောလောဆယ်တွင် နှစ်နိုင်ငံကြား ဆက်ဆံရေးအခြေအနေ ဆိုးရွားလျက်ရှိသည့်နိုင်ငံများဖြစ်သည်။ ဆော်ဒီအာရေဗျက ရှီးယိုက်ဘာသာရေးခေါင်းဆောင်တစ်ဦးကို ကွပ်မျက်ခဲ့မှုအတွက် မကျေနပ်သည့် အီရန်နိုင်ငံသားများက အီရန်ရှိ ဆော်ဒီသံရုံးကို တိုက်ခိုက်ခဲ့ကြသည်။ ထို့ကြောင့် ဆော်ဒီအာရေဗျနိုင်ငံက အီရန်နိုင်ငံနှင့် သံတမန်ဆက်သွယ်မှု ဖြတ်တောက်ထားသည်။

**အင်န်အိတ်ချ်ကေ။**



# အိန္ဒိယနှင့် ပြင်သစ် ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ် စတင်ပြုလုပ်

**နယူးဒေလီ ဇန်နဝါရီ ၈**

အိန္ဒိယနှင့် ပြင်သစ်နိုင်ငံတို့က နိုင်ငံအနောက်ပိုင်းရှိ ရာဂျစ်စသန်ပြည်နယ်၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ် ယနေ့စတင်လိုက်ပြီဖြစ်သည်။

အဆိုပါရှစ်ရက်ကြာ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးနှင့် သောင်းကျန်းမှုတန်ပြန်နှိမ်နင်းရေးလေ့ကျင့်မှုတွင် အမှတ် (၇) သံချပ်ကာတပ်မဟာလက်အောက်ခံ အမှတ် (၃၅) ခြေလျင်တပ်ရင်းမှ ပြင်သစ်တပ်ဖွဲ့ဝင် ၅၆ ဦးပါဝင်ကြောင်း သတင်းရပ်ကွက်များက ပြောကြားသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ပြင်သစ်တပ်ဖွဲ့ကို ဗိုလ်မှူး သီဘောက်ဒီလာကော့စတေးလာရေမွန်ဒီကို ဦးဆောင်ကြောင်း၊ အိန္ဒိယနိုင်ငံဘက်မှ ဂါ်ချဝယ်လ်ရိုင်ဖယ်တပ်ဖွဲ့လက်အောက်ခံ အမှတ် (၂) တပ်ရင်းမှတပ်ဖွဲ့များက Shakti-2016 ဟု အမည်ဝှက်ပေးထားသည့် ယင်းစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်လေ့ကျင့်လျက်ရှိကြောင်း သတင်းရပ်ကွက်များက ဆိုသည်။

"ဒီလေ့ကျင့်မှုက နှစ်နိုင်ငံတပ်မတော်တွေအတွက် အတူတကွလေ့ကျင့်ဖို့နဲ့ ကြွယ်ဝတဲ့ စစ်ဆင်ရေးအတွေ့အကြုံကို တပ်ဖွဲ့တစ်ခုကနေ အခြားတပ်ဖွဲ့တစ်ခုက ရရှိဖို့အတွက် အရေးပါတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်" ဟု အိန္ဒိယတပ်မတော်က ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။ နှစ်နိုင်ငံစလုံး၌ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးနှင့် သောင်းကျန်းမှုတန်ပြန်နှိမ်နင်းမှု စစ်ဆင်ရေးများတွင် ဖြန့်ကြက်ထားသည့်တပ်ဖွဲ့များရှိပြီး တပ်မတော်များကြား စစ်ဘက်ဆိုင်ရာအတွေ့အကြုံများ မျှဝေခြင်းက အဓိပ္ပာယ်ရှိသော အကျိုးအမြတ်များဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ။**

# ဒုံးပျံယာဉ်လွှတ်တင်မှုအကြိမ် ၂၀ ထက်မနည်း ပြုလုပ်ရန် တရုတ်နိုင်ငံစီစဉ်

**ပေကျင်း ဇန်နဝါရီ ၈**

တရုတ်နိုင်ငံသည် ၂၀၁၆ ခုနှစ်အတွင်း အာကာသဒုံးပျံယာဉ်ခရီးစဉ် အကြိမ် ၂၀ ထက်မနည်း ပြုလုပ်မည်ဖြစ်ကြောင်း၊ တစ်နှစ်တာကာလအတွင်း အာကာသဒုံးပျံယာဉ်လွှတ်တင်မှုအကြိမ်အရေအတွက် အများဆုံးနှစ်ဖြစ်လိမ့်မည်ဖြစ်ကြောင်း အာဏာပိုင်များက ဇန်နဝါရီ ၈ ရက်တွင် ပြောကြားကြသည်။

တရုတ်နိုင်ငံသည် တိန်ကောင်-၂ အာကာသသုတေသနယာဉ်နှင့် ရှန်းကျိုး-၁၁ လူလိုက်ပါသော အာကာသယာဉ်တို့ကိုလွှတ်တင်ရန်လည်းကောင်း၊ အကြီးစားဝန်တင်ဆောင်နိုင်သော လောင်းမတ်ချ်-၅ နှင့်လောင်းမတ်ချ်-၇ ဒုံးပျံယာဉ်များကို လွှတ်တင်ရန်လည်းကောင်းအစီအစဉ်ရေးဆွဲထားကြောင်း တရုတ်လေကြောင်းအာကာသသိပ္ပံနှင့်နည်းပညာကော်ပိုရေးရှင်းက ပြောကြားသည်။ ပြည်တွင်း၌ တည်ဆောက်သည့် ဘေဒူးလမ်းပြမြေပုံ ဂြိုဟ်တုစနစ်နှင့် မြေကမ္ဘာလေ့လာစောင့်ကြည့်ရေး ဂြိုဟ်တုစနစ်တို့ဖြစ်သော ဂြိုဟ်တုနှစ်လုံးကို တရုတ်နိုင်ငံက လွှတ်တင်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ဘီလာရုစ်နိုင်ငံအတွက် ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကိုလည်း လွှတ်တင်မည်ဖြစ်သည်။ တရုတ်နိုင်ငံသည် ဥရောပနိုင်ငံတစ်နိုင်ငံသို့ ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံး ရောင်းချပေးနိုင်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ တရုတ်နိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် ယင်း၏ အာကာသစခန်းယာဉ်အတွက် အဓိကအစိတ်အပိုင်း မိုဂျူးယာဉ်ကို လွှတ်တင်ရန်လည်း စီစဉ်ထားသည်။ အာကာသစခန်းယာဉ်ဖြန့်ကြက်နိုင်စေရန် လိုအပ်သည့်နည်းပညာနှင့် သုတေသနဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်းများအတွက် ယင်းမိုဂျူးယာဉ်ကိုလွှတ်တင်မည်ဖြစ်သည်။ **ဆင်ဟွာ။**

# ၂၁ နှစ်ကြာပျံသန်းခဲ့သော အဲဘတ်စ်အေ-၃၄၀ လေယာဉ်ကို သီရိလင်္ကာလေကြောင်းလိုင်းမှ အနားပေး

**ကိုလံဘို ဇန်နဝါရီ ၈**

သီရိလင်္ကာလေကြောင်းလိုင်း၏ အဲဘတ်စ်အေ-၃၄၀ အမျိုးအစား လေယာဉ်များအနက် ဆယ်စုနှစ် နှစ်ခုကျော်ကြာမျှ ပျံသန်းပြေးဆွဲခဲ့သော လေယာဉ်တစ်စင်းကို ဇန်နဝါရီ ၇ ရက်တွင် နောက်ဆုံးအကြိမ်အဖြစ် ခရီးစဉ်ပျံသန်းမှုပြုခဲ့ပြီး အနားပေးလိုက်ပြီဖြစ်ကြောင်း၊ သီရိလင်္ကာလေကြောင်းလိုင်းသည် အာရှတိုက်ရှိလေကြောင်းလိုင်းများအနက် အင်ဂျင်လေးလုံးတပ် အဲဘတ်စ်အေ-၃၄၀ အမျိုးအစားလေယာဉ်များကို ပထမဆုံးအသုံးပြုခဲ့သည့် လေကြောင်းလိုင်းဖြစ်ကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

သီရိလင်္ကာလေကြောင်းလိုင်းသည် ၁၉၉၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် အဲဘတ်စ်အေ-၃၄၀ အမျိုးအစား လေယာဉ်ကို စတင်အသုံးပြုခဲ့သည်။ ထိုစဉ်က ယင်းလေယာဉ်အမျိုးအစားမှာ အဲဘတ်စ်လေယာဉ်ကုမ္ပဏီက ထုတ်လုပ်သည့် လေယာဉ်များအနက် နည်းပညာအရ ခေတ်မီအဆန်းပြားဆုံး လေယာဉ်ဖြစ်သည်။

သီရိလင်္ကာလေကြောင်းလိုင်းတွင် အဲဘတ်စ် အေ-၃၄၀ အမျိုးအစား လေယာဉ်ခုနစ်စင်းရှိခဲ့ပြီး နှစ်ပေါင်းရှည်ကြာစွာ ခရီးရှည်ပျံသန်းပေးခဲ့သည်။

အဆိုပါလေကြောင်းဌာနသည် ယခုအခါ ခေတ်အမီဆုံး အေ၃၃၀-၃၀၀ အမျိုးအစားလေယာဉ်သစ် ခုနစ်စင်းကို ဖြည့်တင်းထားသည်။

**ဆင်ဟွာ။**

# နေပြည်တော် တပ်ကုန်းမြို့ ရွှေအင်းရိပ်သာပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တပညာသာမိ (အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ)၏ ဂုဏာဝိသိဋ္ဌပူဇနီယမင်္ဂလာအခမ်းအနားကျင်းပ



**နေပြည်တော်   ဇန်နဝါရီ   ၈**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ဆရာစံရပ်ကွက် ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက်၌ နေပြည်တော်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တပညာသာမိ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၏ ဂုဏာဝိသိဋ္ဌပူဇနီယမင်္ဂလာအခမ်းအနားကို အဆိုပါကျောင်းတိုက် ရွှေရတုဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ မဟာသီဟနာဒစာသင်တိုက် ဆရာတော်ဘဒ္ဒန္တအာစိဏ္ဏက သရဏီရ သြဝါဒကထာ မြွက်ကြားတော်မူခြင်း၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားခြင်း၊ ပျော်ဘွယ်မြို့ ကင်းရွာလေသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဃောသိတက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တပညာသာမိ အရှင်သူမြတ်၏ ထေရုပ္ပတ္တိကို ဖတ်ကြားပူဇော်ကြပြီး ရွှေအင်းရိပ်သာပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်အရှင်သူမြတ်များနှင့် ပင့်သံဃာတော်များအား ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းရာ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အတုလကာရီ ဆင်မင်းကျောင်းဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသာဘိဝံသ မထေရ်မြတ်ကြီးက ရေစက်ချ အနုမောဒနာတရားချီးမြှင့်ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**(သတင်းစဉ်)**

**○ သပြေကန်မှ**

ဝင်ရောက်သော အနိမ့်ပိုင်းဒေသတစ်ခုဖြစ်ရာ နှစ်ပေါင်းများစွာ လယ်ယာစိုက်ပျိုးရေးအတွက် ခက်ခဲမှုများစွာရှိခဲ့ပါသည်။ သို့ဖြစ်၍ဒေသနေ တောင်သူလယ်သမားများ၏ အကျိုးကိုရည်မျှော်လျက် နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုဖြင့် ဆည်မြောင်းဦးစီးဌာနမှ ၁၉၉၇-၁၉၉၈ ခုနှစ်များအတွင်း ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်နိုင်သည့် စံပုလဲ၊ အောက္ကဘာ၊ အဖောင်၊ သကံစသည့်ရေတံခါး လေးခုဆောက်လုပ်၍ မိုးစပါးစိုက်ပျိုးရေးဧရိယာတစ်ခု အဖြစ်ဖော်ထုတ်ပေးခဲ့သော ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါ သပြေကန်-သိမ်ကုန်းဧရိယာဖော်ထုတ်စဉ်ကာလက မိုးစပါးစိုက်ပျိုးနိုင်ရန်အတွက် အဓိကရည်ရွယ်ခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် နွေစပါးစိုက်ပျိုးနိုင်ရေးအတွက်ပါ ကြိုးစားမှုတစ်ရပ်ဖြစ်သည့် စိုက်ပျိုးရေရရှိရေး ကျွန်းတွင်း ရေချိုမြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဒေသခံလယ်သမားများကိုယ်တိုင် မိမိတို့လုပ်အားဖြင့် တူးဖော်ခဲ့ကြသော်လည်း ကြိုးစားသလောက်အရာမထင်ခဲ့ပေ။ နွေစပါးစိုက်ပျိုးရေးအသိပညာနည်းပါးခြင်း၊ ရေချိုရရှိမှုခက်ခဲခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းများကြောင့် အောင်မြင်မှုမရရှိရုံမျှမက ယင်းနွေစပါးစိုက်ပျိုးရေးအတွက် အသုံးပြုသည့်ထွန်ယက်မှု၊ မျိုးစပါး၊ ဓာတ်မြေသြဇာ စသည့်ကုန်ကျစရိတ်နှင့် ပင်ပန်းမှုဒဏ်ကို ရင်ဆိုင်ခံစားကြရပြီး မိသားစုစီးပွားရေးများလည်း ထိခိုက်ပျက်စီးခဲ့ရကြောင်း သိရသည်။ ၂၀၀၈ ခုနှစ် မေ ၂ ရက်တွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ရေချိုမြောင်းများ ပျက်စီးထိခိုက်တိမ်ကောလာကာ ရေချိုရရှိမှုနည်းပါးသွားခဲ့သဖြင့် နောက်ပိုင်းနှစ်များတွင် နွေစပါးစိုက်ပျိုးရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ခြင်းမရှိတော့ဘဲ နှစ်အကန့်အသတ်မရှိ ရပ်နားခဲ့ကြရသည်အထိ ကြုံခဲ့ရကြောင်း သိရသည်။

"အရင်တုန်းကတော့ သိတဲ့အတိုင်းပဲ အကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ဘူးပေါ့ဗျာ။ ထားပါတော့။ အခုက အရင်လိုမဟုတ်တော့ဘူးလေဗျာ။ နွေစပါးဈေးကွက်က မာလာပြီ။ ဈေးလည်းကောင်းရော ရှိရင်းစွဲချောင်းလေး၊ မြောင်းလေးတွေကိုအမှီပြုပြီး ရေရောက်သလောက်စိုက်ကြပါလေရောဗျာ။ အဲဒီတော့ ရေကမလိုက်နိုင်တော့ဘူး။ ကုန်ပြီ။ လယ်မြေစိုက်ဧရိယာကတစ်ခွင်တစ်ပြင်ကြီး ကျန်နေသေးတယ်။ ဒါ့ကြောင့်မို့ ရေလိုနေသေးတဲ့လယ်မြေတွေ အမြန်ဆုံးစိုက်ဖို့၊ စိမ်းဖို့အတွက် ခရိုင်ဆည်မြောင်းရုံးကို မြောင်းတူးပေးဖို့ ကျွန်တော်တို့လာပြီး တင်ပြတောင်းခံခဲ့ကြတာပါ။ ဆည်မြောင်းဦးစီးဌာနက တာဝန်ရှိသူတွေကလည်း စိတ်ပါလက်ပါနဲ့ အားတက်သရော ကွင်းဆင်းကြည့်ရှုပြီး နွေစပါးစိုက်ပျိုးဖို့ ဝန်ကြီးဌာနအထိ အဆင့်ဆင့်တင်ပြပြီး အခု ဒီ ဂေးဂု-သိန္ဓိမြောင်းကို ပြီးခဲ့တဲ့၂၀၁၅ ခုနှစ် ဩဂုတ် ၁၇ ရက်က စပြီး မြေတူးစက်ကြီးတွေနဲ့ လာရောက်တူးဖော်ပေးခဲ့တာဖြစ်ပါတယ်။ နောက်ပြီးတော့ သပြေကန်-သိမ်ကုန်းဧရိယာရဲ့ ရေငန်ဝင်ပေါက်တစ်ခုဖြစ်တဲ့ စံပုလဲရေတံခါး (၈ ပေ × ၈ ပေ = ၆ ပေါက်)ကိုလည်း ပြင်ဆင်ပေးခဲ့ပါတယ်။ အခုလို ပြင်ဆင်တူးဖော်ပေးခဲ့တဲ့အတွက် လယ်သမားတွေလည်း ရေချိုရလို့ နွေစပါးထွန်ရေးပြင်ကုန်ကြပါပြီ။ ပျော်စရာကြီးဗျာ။ နွေစပါးအောင်မြင်ရုံတင်ဘယ်ကမလဲ။ အရင်ကတစ်ဧက ငါးသိန်းလောက်ပေါက်တဲ့ လယ်ဈေးတွေတောင် အခုဆိုဆတိုးမောင်းပြန်တက်ကုန်ပြီလေ"ဟု လယ်သမားကြီး ဦးဇော်ဝင်းမိုးက ပြောသည်။

"မေးနေစရာများ လိုသေးလို့လားဗျာ။ အခုလို ဆည်မြောင်းကလာတူးပေးတာအကျိုးရှိမှရှိပေါ့။ တစ်နည်းအားဖြင့်ပြောရရင် ကျွန်တော်တို့တောင်သူတွေစပါးရတယ်ဆိုရင် မိသားစုစားဝတ်နေရေး စိတ်ချရပြီဗျ။ စပါးဈေးကောင်းရင် ရွှေပိုလေး တောင်ဝယ်နိုင်သေးတယ်။ ကျွန်တော်က စပါးဧက ၃၀၀ ကျော်စိုက်တယ်လေ။ နှစ်ရှည်လများ နွေစပါး မစိုက်နိုင်ဖြစ်နေတဲ့ ကျွန်တော်တို့ တင်လဲကွင်း တစ်ကွင်းလုံး လူချွန်လူကောင်း သီချင်းထဲကလို "စိမ်းမြမြကွင်းပြင်လယ်ကွင်းတွေ ကတမျှော်တခေါ် စိုပြည်လွင်"ဖြစ်ပြီဗျ။ ကျန်ရှိနေ သေးတဲ့ဦးသုခချောင်း၊ တမံကျိုးချောင်းနဲ့ ပိန်းချောင်းတွေကို လက်တံရေသွင်းမြောင်းတွေလိုမျိုး ထပ်ပြီး တူးဖော်ပေးပါဦးလို့ မေတ္တာရပ်ခံတောင်းဆိုချင်ပါတယ်"ဟု အဇုတ်ကြီး ကျေးရွာမှ တောင်သူ ဦးတင်အေးက ပြောသည်။

သကံရေတံခါး အကျိုးပြုဧရိယာအတွင်းရှိ ဝဲကြီးချောင်း၊ ကဖောင်းချောင်းများနှင့် ချိတ်ဆက်နေသည့် မြောင်းများအားလည်းကောင်း၊ အောက္ကဘာရေတံခါးဧရိယာအတွင်းရှိ ကျုံကန်ချောင်း၊ ခရိုင်ဘော်ချောင်းများနှင့် ထိစပ်နေသည့် မြောင်းများအားလည်းကောင်း၊ အဖောင်ရေတံခါး အကျိုးပြုနယ်နိမိတ်အတွင်းရှိ အဖောင်ချောင်း၊ ကျိုက္ကဘာချောင်းများနှင့်ချိတ်ဆက်နေသည့် မြောင်းများအားလည်းကောင်း ဒေသအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းနိုင်မည့်အခြေအနေပေါ်မူတည်၍ အဓိကဦးစားပေးအလိုက် ဆက်လက်တူးဖော်ပေးသွားမည်ဆိုပါက ကွင်းတွင်းရှိ ဧက ၂၅၀၀၀ ခန့် နွေစပါးစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဖျာပုံမြို့နယ်အတွင်းရှိ ကဖောင်း၊ ကုန်းတန်း၊ သိမ်ကုန်း၊ ကျိုက္ကဘာ၊ ခရိုင်ဘော်၊ အခြာကြီး (အောင်သာယာ)၊ အောက္ကဘာ၊ ဇင်းဘောင်၊ အလန်းဖလွတ်၊ ဂေးဂု၊ သုံးထပ်၊ကြက်ဖမွေးဇောင်း စသည့်ဒေသများ၊ ဘိုကလေးမြို့နယ်အတွင်းရှိ ဝဲကြီး၊ ဘိုးလေး၊ ဘုရားသုံးဆူ စသောကျေးလက်ဒေသများ၏ နွေစပါးစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နွေစပါး၊ မိုးစပါး၊ သီးပင်စားပင်များ စိုက်ပျိုးနိုင်ရန်အတွက် ရေချိုသွင်းရန်နှင့် မိုးရာသီ အနိမ့်ပိုင်းလယ်မြေများ ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေရန်ရည်ရွယ်၍ကျွန်းပတ်တာများ အပြင်ဘက်ရှိသပြေကန်-သိမ်ကုန်းဧရိယာအား အလေးထားဖော်ထုတ်ရခြင်းဖြစ်ကြောင်း ဖျာပုံခရိုင် ဆည်မြောင်း ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်၏ ရှင်းလင်းပြောကြားချက်များအရ သိရသည်။

"ဒီကွင်းထဲမှာကျွန်တော်က ဧက ၈၀ လောက် စိုက်ပါတယ်။ မိုးစပါးကဘေးကျားလေး၊ ခွဲနီ၊ ပေါ်ဆန်းမွှေး စတဲ့ဒေသရေမြေနဲ့သင့်တဲ့စပါးစိုက်တာပါ။ နွေစပါးကတော့ရက် ၉၀ ဆင်းရွှေလီ အစိုက်များပါတယ်။ ဒီနှစ်မှာတော့အရှည် ၈ ဒသမ ၅ မိုင် လောက်ရှိတဲ့ ဂေးဂု-သိန္ဓိမြောင်း တူးပြီးထဲက သိသိသာသာကိုစိုက်ရေး၊ ပျိုးရေး အဆင်ပြေလာပါတယ်။ ရေချိုလှိုင်လှိုင်ရတော့ စိုက်သလောက်ကောင်းတယ်။ ဒါကြောင့်မို့ ကောင်းသလောက် နွေစပါးတိုးချဲ့စိုက်နေတာပါ။ မြောင်းတူးပေးတာ အလွန်အကျိုးရှိတယ်။ ကျေးဇူးတင်တာပေါ့။ တစ်ဆက်တည်းတောင်းဆိုချင်တာကတော့ သချိုင်းရိုးမြောင်း၊ (၁၅)ပေမြောင်း၊ ကားလမ်းဘေးမြောင်းနဲ့ လယ်သမားရိုးမြောင်းတွေ တူးဖော်ပေးစေချင်တာပါ။ သပြေကန်-သိမ်ကုန်းပတ်ချာလည် ရေချိုရလို့ကတော့ တစ်ကွင်းလုံးစိမ်းပြီဗျ။ တစ်ကွင်းလုံးစိမ်းရင် တစ်ဒေသလုံးဖွံ့ဖြိုးပြီလေ"ဟု ဂေးဂုကျေးရွာ အုပ်စုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လင်းက အားပါးတရ ပြောသည်။

အဆိုပါဧရိယာအတွင်း မကြာမီကာလက ဦးလုံချောင်းပေါ်တွင် ရေတံခါးအသစ်တစ်လုံးဖြစ်သည့် ဦးလုံရေတံခါးတည်ဆောက်ပေးခဲ့သဖြင့် ယခင်က နွေပိတ်-မိုးချိုစနစ်ဖြင့် ရေချိုထိန်း၍ ခက်ခက်ခဲခဲ စိုက်ပျိုးခဲ့ကြရသည့်အခြေအနေမှ ယခုအခါ လွယ်လင့်တကူရေချိုထိန်းနိုင်ပြီး စိုက်ဧက ၂၀၀၀ ခန့် ကောင်းစွာစိုက်ပျိုးလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းဧရိယာအတွင်းရှိ ဝဲကြီး-သုံးထပ်-သိမ်ကုန်းမြောင်း၊ ကဒါမြောင်း၊ ဖျာပုံ-ဂေးဂုမြောင်း၊ ကျိုက္ကဘာ-အလန်းဖလွတ်မြောင်း၊ ညောင်ပင်ရိုးမြောင်း၊ ကျိုက္ကဘာ (၈)ပေမြောင်း၊ သိမ်ကုန်းလက်တံမြောင်း (၁)(၂)၊ ကျုံကနိမြောင်း၊ ဦးပန်းရိုးမြောင်း၊ အဖောင်(၂၅)ပေမြောင်း စသည့်ဆက်စပ်မြောင်းများအား ဆက်လက်တူးဖော်ပေးပြီးပါက အဆိုပါဧရိယာ ဖော်ထုတ်စဉ်ကာလကတည်ဆောက်ခဲ့သည့် ရေတံခါးများ၏ မူလအကျိုးပြုဧရိယာများဖြစ်သည့် စံပုလဲရေတံခါး (၈ ပေ × ၈ ပေ)(၆)ပေါက်အကျိုးပြုဧက ၅၀၀၀၊ အောက္ကဘာရေတံခါး(၆ ပေ × ၁၅ ပေ) (၁၀)ပေါက်ရှိအကျိုးပြုဧက ၅၀၀၀၊ အဖောင်ရေတံခါး (၈ ပေ × ၈ ပေ)(၆)ပေါက်ရှိအကျိုးပြုဧက ၅၀၀၀ နှင့် ဘိုကလေးမြို့နယ်အတွင်းရှိ သကံရေတံခါး (၆ ပေ × ၆ ပေ)(၆)ပေါက်ရှိအကျိုးပြုဧက ၆၀၀၀ စုစုပေါင်း အကျိုးပြုဧက ၂၅၀၀၀ ခန့်အား အပြည့်အဝ ပြန်လည်သက်ဝင် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

သိလိုသည့်ကိစ္စများ ဖြေကြားပြီးနောက် နွေစပါးခင်းထိပ်မှ ပြန်လည်ထွက်ခွာသွားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ တောင်သူဦးတင်အောင်လင်း၏ ရင်တွင်းဖြစ်ပီတိစကားလုံးများကား သတင်းစာမျက်နှာထက်တွင် ကမ္ပည်းအဖြစ်ကျန်ရစ်နေခဲ့သည်မှာ ယနေ့ထိပါပင်။

# ဘက်စုံထူးချွန်(လူရည်ချွန်) ရွေးချယ်ရေးစာမေးပွဲ ဖြေဆို

**ညောင်တုန်း   ဇန်နဝါရီ   ၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၂၀၁၅-၂၀၁၆ ပညာသင်နှစ် အခြေခံပညာဘက်စုံထူးချွန်(လူရည်ချွန်) ကျောင်းသား ကျောင်းသူများ ရွေးချယ်ရေးအစီအစဉ် စာမေးပွဲဖြေဆိုစစ်ဆေးခြင်းကို ညောင်တုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက ကျင်းပကြောင်း သိရသည်။

အဆိုပါ ဘက်စုံထူးချွန်(လူရည်ချွန်)ရွေးချယ်စာမေးပွဲကို ညောင်တုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း ကျောင်းသား ကျောင်းသူ ၆၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြသည်။ မြန်မာစာ၊ အင်္ဂလိပ်စာရေးဖြေ၊ နှုတ်ဖြေအပြင် အထွေထွေဗဟုသုတနှင့် ကိုယ်ကာယကျန်းမာကြံ့ခိုင်မှု စသည့်ဘာသာရပ်၊ ကဏ္ဍပေါင်းစုံနှင့် စစ်ဆေးအမှတ်ပေးအကဲဖြတ်သွားမည်ဖြစ်ပြီး မြို့နယ်အဆင့်အောင်မြင်ပါက ခရိုင်အဆင့် ထပ်မံယှဉ်ပြိုင်ဖြေဆိုသွားရမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုက ရှင်းပြသည်။

အဆိုပါဘက်စုံထူးချွန်(လူရည်ချွန်)ရွေးချယ်ရေးလုပ်ငန်းအစီအစဉ်များကို မြို့နယ်ပညာရေးမှူး ဒေါ်ချိုချို၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်အောင်နှင့် ကျောင်းအုပ်ကြီးများပါဝင်သောအဖွဲ့များဖြင့် စနစ်တကျစစ်ဆေးရွေးချယ်ဆောင်ရွက်ကျင်းပခဲ့ကြောင်း သိရသည်။ ထို့ပြင် နိုင်ငံတော်မှ ဘက်စုံပညာထူးချွန်လူငယ်များ အပန်းဖြေဗဟုသုတရရှိနိုင်ရေးအတွက် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်း ထူးချွန်သူများအား ပုဂံ၊ အင်းလေးနှင့် ငွေဆောင် အပန်းဖြေစခန်းများသို့ နိုင်ငံတော်အစီအစဉ်ဖြင့်၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

**✱ ကျောဖုံးမှ**

ကူညီချင်စိတ်ရှိကြတာကို သဘောကျတာပါ။ အဖွဲ့အနေနဲ့ နိုင်ငံတစ်နိုင်ငံကို နှစ်ခေါက်၊ သုံးခေါက်ပြန်သွားလေ့မရှိပေမယ့် မြန်မာနိုင်ငံကိုတော့ နှစ်သက်သဘောကျလွန်းလို့ ၁၈ နှစ်၊ (၁၈)ကြိမ်၊ ၁၈ ခေါက်ရှိပါပြီ။ တစ်ခေါက်ထက်တစ်ခေါက် တိုးတက်လာတာနဲ့အတူ အမြဲတည်တံ့ထိန်းသိမ်းလာတဲ့ မြန်မာ့ဓလေ့တွေကို နှစ်သက်လေးစားလို့၊ ပြီးတော့ မြန်မာပြည်ရဲ့ရှုခင်းတွေက ဘယ်လိုကြည့်ကြည့် မရိုးနိုင်ပဲ လှပြီးရင်းလှနေလို့ သူငယ်ချင်း၊ ဆွေမျိုးတွေစုပြီး နှစ်စဉ်လာရတာဖြစ်ပါတယ်"ဟု အဖွဲ့ခေါင်းဆောင် မစ္စတာ ပီတာပလာဇာက ပြောသည်။

တစ်နှစ်ထက်တစ်နှစ် ပိုမို၍မီးပုံးပျံထိန်းသိမ်းနည်း၊ ခေါက်နည်းစသည်တို့ကို စီးနင်းသူများသာမက လိုက်ပါကူညီဆောင်ရွက်ပေးသူများပါ ကျွမ်းကျင်အဆင့်သို့ရောက်ရှိနေသလို သွားလာသမျှ နေရာဒေသတိုင်းမှ ဒေသခံတိုင်း၏ကူညီပေးမှုများကြောင့် မီးပုံးပျံစုပေါင်းပျံသန်းပွဲတော်ကျင်းပရခြင်းသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုလွယ်ကူမြန်ဆန်စွာဆောင်ရွက်လာနိုင်ကြောင်း ဒါရိုက်တာကိုကောင်းဆက်ဇော်ထံမှ သိရသည်။ မီးပုံးပျံစုပေါင်းပျံသန်းပွဲတော်ကို ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းက မန္တလေးမြို့မှ မုံရွာမြို့သို့ လာရောက်ခဲ့ကြပြီး ထိုနေ့ညနေပိုင်းတွင် မုံရွာကောင်းကင်ယံသို့ စတင်ပျံသန်းခဲ့ကြသလို ၈ ရက်နှင့် ၉ ရက်တို့တွင် မုံရွာမြို့ ဗဟိုပြု၍ ဝန်းကျင်ဒေသများသို့ ပျံသန်းလေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

**စာအုပ်စာပေ လှူမှိတ်ဆွေ**

# မိုးယွန်းကြီးအင်းဘေးမဲ့တောသို့---တစ်ခေါက်

ခင်မောင်ငွေး(ပညာရေး)




အားလပ်ရက်လေး တစ်ရက်မှာ မိသားစု တစ်နေကုန်လည်ပတ်ကြည့်ရှုခံစားနိုင်တဲ့ ခရီးစဉ်တစ်ခုကို စဉ်းစားကြည့်မိတယ်။ စဉ်းစားမိပြီး ပထမ မိုးယွန်းကြီးအင်းဘေးမဲ့တော၊ နောက် ဝမ်းဘဲအင်းနားက ဒေးစွန်ပါ။ နောက်ဆုံး ပဲခူးက ကမ္ဘောဇသာဒီ။

အညာကနေ ရန်ကုန်ရောက်တာ ၁၀ နှစ်တောင် ကျော်သွားပါပြီ။ နာမည်သာကြားဖူးပြီး လက်တွေ့မရောက်ဖူးသေးတဲ့နေရာတစ်ခုက မိုးယွန်းကြီးအင်း။ အကြမ်းဖျင်းအားဖြင့် ပဲခူးဘုရားကြီးအလွန်လောက်မှာ ပဲရှိတယ်လို့သိထားတာပါ။ ဝမ်းဘဲအင်းရောက်တော့ ဆင်းမေးကြည့်ရတယ်။ ရှေ့ သုံး၊ လေးမိုင်အကွာ ပျဉ်ပုံကြီးဆိုရင် ရောက်ပါပြီတဲ့။

တကယ်တော့ မိုးယွန်းကြီးအင်းဘေးမဲ့တောဟာ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နဲ့ ဝေါမြို့နယ်အတွင်း ပျဉ်ပုံကြီးရွာအနီး ရန်ကုန်ကနေ ၆၉ ဒသမ ၂မိုင် အကွာမှာရှိပြီး အကျယ်အဝန်းက စတုရန်းမိုင် ၄၀ လောက်ရှိပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ပြည်တွင်းရေပျော်ငှက်တွေနဲ့ ရာသီအလိုက်ရွှေ့ပြောင်းကျက်စားတဲ့ဆောင်းခိုငှက်တွေကို သဘာဝအတိုင်းထိန်းသိမ်းထားဖို့-

- ရေတိမ်ဒေသဆိုင်ရာ သုတေသနလုပ်ငန်းတွေ ဆောင်ရွက်ဖို့၊
- ရေတိမ်ဒေသရဲ့ဂေဟစနစ်နဲ့ ယင်းတို့ရဲ့အရေးပါပုံတွေကို ပြည်သူတွေသိရှိနားလည်ဖို့၊
- ပြည်တွင်းပြည်ပ လေ့လာသူတွေအပန်းဖြေနိုင်ဖို့နဲ့သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ တို့ပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ"ရမ်ဆာကွန်ဗင်းရှင်း"အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ "ရမ်ဆာကွန်ဗင်းရှင်း" ဆိုတာ နိုင်ငံတကာ စာချုပ်တစ်ရပ်ဖြစ်ပြီး ရေတိမ်ဒေသနဲ့ ရေတိမ်ဒေသ သယံဇာတတွေကို ထိန်းသိမ်းစောင့်ရှောက်ရေးနဲ့ စည်းကမ်းတကျ မှန်ကန်စွာအသုံးပြုရေး၊ ပြည်တွင်းဆောင်ရွက်မှုနဲ့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေကို အထောက်အကူပြုပါတယ်။

"ရမ်ဆာကွန်ဗင်းရှင်း"ကို ၁၉၇၀ ခုနှစ် အီရန်နိုင်ငံ ရမ်ဆာမြို့မှာ သဘောတူချုပ်ဆိုခဲ့ပြီး ၁၉၇၅ ခုနှစ်မှာ စတင်အသက်ဝင် အကောင်အထည်ဖော်ခဲ့ကြတာပါ။ တကယ်တော့ ရမ်ဆာကွန်ဗင်းရှင်းဟာ ဂေဟစနစ်တစ်ခုတည်းနဲ့သတ်သတ်မှတ်မှတ် သက်ဆိုင်တဲ့တစ်ခုတည်းသော ကမ္ဘာလုံးဆိုင်ရာ၊ ပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်တစ်ရပ် ဖြစ်ပါတယ်။

မိုးယွန်းကြီးအင်းဟာ ရေတိမ်ဒေသအင်းတစ်ခုပါ။ ရေတိမ်ဒေသဆိုတာ စိမ့်မြေ၊ ရွှံ့မြေ၊ ကိုင်းတောအပါအဝင် မြစ်ချောင်း၊ အင်း၊ အိုင်၊ ရေချိုရေကန်၊ ရေသေရေရှင်ဒေသတွေ၊ သဘာဝ(သို့) လူတွေပြုလုပ်ထားတဲ့ ဆည်မြောင်း၊ ရေကန်တွေ၊ ဒီရေတောတွေ၊ ဒီရေကျချိန်မှာ ၁၈ ပေထက်မနက်တဲ့ ပင်လယ်ရေတိမ်ဒေသအားလုံးကို လွှမ်းခြုံပြီးခေါ် ဆိုနိုင်ပါတယ်။

ရေတိမ်ဒေသကို ယေဘုယျအားဖြင့် သုံးမျိုးခွဲခြားထားတာတွေ့ရပါတယ်။

(၁) ပင်လယ်ကမ်းခြေရေတိမ်ဒေသ၊
(၂) ကုန်းတွင်းရေချိုရေတိမ်ဒေသ၊
(၃) လူတို့ပြုလုပ်ထားတဲ့ ရေတိမ်ဒေသတွေပါပဲ။

ဒီလိုရေတိမ်ဒေသတွေရှိတာဟာ အကျိုးကျေးဇူးများစွာရှိပါတယ်။ အဲဒါတွေကတော့-

(၁) မြေအောက်ရေထိန်းညှိပေးခြင်း၊
(၂) ရေကြီးရေလျှံမှုနဲ့ ရေစီးနှုန်းကိုထိန်းပေးခြင်း၊
(၃) နုန်းနဲ့ရေညြဇာ အာဟာရဓာတ်တွေကို ထိန်းပေးခြင်း၊
(၄) အဆိပ်အတောက်နဲ့ အညစ်အကြေးတွေကို ထိန်းပေးခြင်း၊
(၅) သဘာဝဇက်ကာကွယ်ခြင်း၊
(၆) ရာသီဥတုမျှတစေခြင်း၊
(၇) ဇီဝမျိုးစုံမျိုးကွဲတွေထိန်းသိမ်းပေးခြင်း၊
(၈) ရေကြောင်းအသုံးချနိုင်ခြင်း၊
(၉) ပင်လယ်ရေဝင်ရောက်မှုကို ကာကွယ်ပေးနိုင်ခြင်း၊
(၁၀) ရေထုတ်ပစ္စည်းလုပ်ငန်းများ လုပ်ဆောင်နိုင်ခြင်း၊
(၁၁) အပန်းဖြေခြင်းနဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်းလုပ်နိုင်ခြင်း စတာတွေပါပဲ။

ဒီလိုပဲ ရေတိမ်ဒေသတွေကို ပျက်စီးစေနိုင်တဲ့ အကြောင်းတွေလည်းရှိပါတယ်။

၁။ စိုက်ပျိုးရေးအတွက် ရေအလွန်အကျွံနုတ်ခြင်း၊
၂။ လူနေတိုးချဲ့ခြင်း၊
၃။ ညစ်ညမ်းစေခြင်း၊
၄။ တရားမဝင်အမဲလိုက်ခြင်း၊
၅။ တရားမဝင်ငါးဖမ်းခြင်း၊
၆။ ရွှေ့ကျင်ခြင်း၊
၇။ ရွှေ့ပြောင်းတောင်ယာခုတ်ခြင်း၊
၈။ စိုက်ပျိုးမြေချဲ့ထွင်ခြင်း၊
၉။ အခြားမြေအဖြစ်ပြောင်းလဲခြင်းနဲ့
၁၀။ ရေကြီးရေလျှံဖြစ်ခြင်းတို့ကြောင့်ပဲ ဖြစ်ပါတယ်။

**မိုးယွန်းကြီးအင်းဘေးမဲ့တောဟာ ဆောင်းရာသီမှာပဲ ငှက်ကြည့်ဖို့ နိုင်ငံခြားသားအများစု လာကြတာပါ။ ပြည်တွင်းခရီးသွားတွေကတော့ အလည်အပတ်သဘော၊ အပန်းဖြေသဘောနဲ့ စိတ်အေးလက်အေး နေလိုသူတွေအတွက် နေရာတစ်ခုပါပဲ။ အဝင်ဝမှာ သစ်တောဦးစီးဌာနက ရေတိမ်ဒေသနဲ့ ဆောင်းခိုငှက်တွေအကြောင်း ပြသထားတဲ့ ပြတိုက်လေးအတွင်းဝင်ပြီး လေ့လာတဲ့သူတောင် မတွေ့ခဲ့ရဘူး။ အင်းထဲတန်းသွားကြတာပဲ။ စတုရန်းမိုင် ၄၀ ကျော် ကျယ်ဝန်းပြီး သာယာလှတဲ့အင်းရေပြင်တွေမှာ ခရီးသွားတွေကို ရာသီမရွေးဆွဲဆောင်နိုင်မယ့် အစီအစဉ်မျိုးတွေ လိုအပ် ..........**

ရေတိမ်ဒေသ အမျိုးအစားတွေကိုကြည့်မယ်ဆိုရင် အမျိုးအစားအများကြီးတွေ့နိုင်ပါတယ်။ ရေတိမ်ဒေသဖြစ်တဲ့ မိုးယွန်းကြီးအင်းမှာတော့ ဆောင်းခိုငှက်တွေ လာလေ့ရှိပါတယ်။

ငှက်တွေဆောင်းခိုတယ်ဆိုတာ ရာသီအလိုက်ပြုလုပ်လေ့ရှိတဲ့လုပ်ဆောင်ချက်တစ်ခုပါပဲ။ ကမ္ဘာ့မြောက်ဘက်ခြမ်း အအေးပိုင်းဒေသတွေမှာနေထိုင်ကျက်စားတဲ့ငှက်တွေဟာ ဆောင်းရာသီရောက်တဲ့အခါ ရာသီဥတုဆိုးရွားလွန်းပြီး ဆီးနှင်းတွေဖုံးလွှမ်းမှုကြောင့် နေထိုင်ကျက်စားဖို့နေရာနည်းပါးလာခြင်း၊ အစာရေစာရှားပါးလာခြင်း၊ နေ့တာတိုပြီး ညတာရှည်တဲ့အတွက် နေရောင်ခြည်ရရှိမှုနည်းပါးခြင်းတို့ကြောင့် ကမ္ဘာ့တောင်ဘက်ရှိအစာရေစာပေါများတဲ့ နေရာတွေနဲ့ရေတိမ်ဒေသတွေဆီကို ပျံသန်းပြောင်းရွှေ့နေထိုင်ကျက်စားကြခြင်းပါပဲ။

မိုးယွန်းကြီးအင်းမှာ ငှက်ကြည့်စင်ဆောက်လုပ်ထားပြီး စက်လှေတွေနဲ့ သွားရောက်ကြည့်ရှုနိုင်ပါတယ်။ စာရေးသူတို့ သွားတဲ့အချိန်ဟာ သိပ်မအေးသေးပါဘူး။ ဒါ့ကြောင့် ဆောင်းခိုငှက်တွေ မလာကြသေးပါဘူး။ ဒါပေမယ့် သဘာဝတောတောင် ရေမြေစိမ့်စမ်းတွေက နေချင်စဖွယ်ပါ။ ရေပေါ်မှာ တည်းခိုဆောင်လေးတွေကလည်း လှေကြီးတွေပေါ်မှာ သဘာဝကျကျဆောက်လုပ်ထားတာမို့ နိုင်ငံခြားသားတွေ အကြိုက်တွေ့နိုင်ပါတယ်။

တကယ်တော့ မိုးယွန်းကြီးအင်းဘေးမဲ့တောဟာ ဆောင်းရာသီမှာပဲ ငှက်ကြည့်ဖို့နိုင်ငံခြားသားအများစု လာကြတာပါ။ ပြည်တွင်းခရီးသွားတွေကတော့ အလည်အပတ်သဘော၊ အပန်းဖြေသဘောနဲ့ စိတ်အေးလက်အေးနေလိုသူတွေအတွက် နေရာတစ်ခုပါပဲ။ အဝင်ဝမှာ သစ်တောဦးစီးဌာနက ရေတိမ်ဒေသနဲ့ ဆောင်းခိုငှက်တွေအကြောင်းပြသထားတဲ့ ပြတိုက်လေးအတွင်းဝင်ပြီး လေ့လာတဲ့သူတောင် မတွေ့ခဲ့ရဘူး။ အင်းထဲတန်းသွားကြတာပဲ။ စတုရန်းမိုင် ၄၀ ကျော် ကျယ်ဝန်းပြီး သာယာလှတဲ့အင်းရေပြင်တွေမှာ ခရီးသွားတွေကို ရာသီမရွေးဆွဲဆောင်နိုင်မယ့် အစီအစဉ်မျိုးတွေ လိုအပ်နေပါပြီ။

တစ်ခါက ဆရာဦးမြတ်ခိုင်(လျှပ်တစ်ပြက်)ရေးခဲ့တာ သွားသတိရတယ်။ ထိုင်းနိုင်ငံရောက်သွားတုန်းက ထိုင်းလူမျိုးတွေ ငွေရှာတော်ကြောင်း"တို့ဆီမှာလည်း ရှေးဟောင်းနယ်မြေတွေရှိတယ်။ ဆင်တွေ၊ မျောက်တွေ၊ မြွေတွေရှိတယ်။ ဒါပေမယ့် သူတို့လို ကမ္ဘာလှည့်ခရီးသွားတွေဆီက ငွေမရှာတတ်ဘူး"ဆိုတာလိုပါပဲ။

ဘာပဲပြောပြော သွားခဲ့ရတာ အပန်းပြေပါတယ်။ မိုးယွန်းကြီးအင်းလိုနေရာမှာ သဘာဝအခြေခံတဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာဖို့ဆိုရင် အစီအစဉ်ကောင်းတွေ များများစီမံဖန်တီးပေးနိုင်ဖို့ လိုနေသေးကြောင်းပါ။ ။

## ကျေးရွာနေပြည်သူများ စာဖတ်သူဦးရေ တိုးတက်လာရေး Mobile Library စနစ်ဖြင့် ငှားရမ်းပေး

နေပြည်တော် ဇန်နဝါရီ ၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာပေများကို Mobile Library စနစ်ဖြင့် ပြည်သူများထံသို့ စာအုပ်များလက်ဝယ်အရောက် ဝန်ဆောင်မှုပေးလျက်ရှိရာ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် တဲကြီးကုန်းကျေးရွာနှင့် ဂုံမင်းအင်းကျေးရွာများသို့ ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီက သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါပြည်သူ့ဗဟိုပြု နယ်လှည့်စာကြည့်တိုက်လုပ်ငန်းဝန်ဆောင်မှုများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကြောင့် ကလေးငယ်များ၏ စာဖတ်ခြင်းအလေ့အထများပြားလာခြင်း၊ လူမှုပေါင်းသင်းဆက်ဆံရာတွင် ယဉ်ကျေးလိမ္မာလာခြင်း၊ နိုင်ငံရေး၊စီးပွားရေး၊ ကျန်းမာရေးနှင့် အခြားကဏ္ဍဆိုင်ရာ အသိပညာဗဟုသုတများကိုလည်း ရရှိလာမည်ဖြစ်သည်။

ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် တဲကြီးကုန်းကျေးရွာနှင့်ဂုံမင်းအင်းကျေးရွာများသို့ အပတ်စဉ်ကြာသပတေးနေ့တိုင်း



ကွင်းဆင်းဆောင်ရွက်ပေးပြီး စာကြည့်တိုက်အသင်းဝင်ချင်သူများကိုလည်း အသင်းဝင်ကတ်ပြားများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ကိုကို(ပြန်/ဆက်)

## သားဖွားဒီပလိုမာ အောင်လက်မှတ်ပေးအပ်

ပဲခူး ဇန်နဝါရီ ၈

ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန သားဖွားသင်တန်းကျောင်း ပဲခူးမြို့၏ အပတ်စဉ်(၉၈) သားဖွားဒီပလိုမာ နှစ်နှစ် သင်တန်းသူများ ဒုတိယအကြိမ်မြောက် သားဖွားဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးမှူး ဒေါက်တာရဲမြင့်အောင်က ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရည်မှန်းချက် နှစ်ရပ်၊ နည်းနာ သုံးရပ် ချမှတ်ကာ စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိကြောင်း၊ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေးဆိုသည့် ရည်မှန်းချက် နှစ်ရပ်နှင့် ကျေးလက်ဒေသ အောက်ခြေအထိ ကျန်းမာရေးအသိ ပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားလျှင် ထိရောက်စွာ ကုသပေးခြင်းစသည့် နည်းနာ သုံးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသူများက နိုင်ငံတော်သီချင်းဖြင့် သီဆိုတီးမှုတ်ကြပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်မြမြစန်းက ဘက်စုံသားဖွားဒီပလိုမာ နှစ်နှစ်သင်တန်းသူ ၄၁ ဦးအား ဒီပလိုမာဘွဲ့လက်မှတ်များချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။

(၅၈၈)

## ပြည်တွင်းရေးရာ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဒုတိယကာလတို (၅)နှစ် စီမံကိန်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ) မူကြမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

**နေပြည်တော် ဇန်နဝါရီ ၈**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၂၇)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ဥပဒေကြမ်း(၃)ခု မှတ်တမ်းတင်ခြင်း၊ ခန့်အပ်တာဝန်ပေးရန်ကိစ္စ (၁)ခု တင်ပြခြင်း၊ စီမံကိန်းမူကြမ်း(၁) ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက က ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် အဆိုပါ ဥပဒေကြမ်းများအား လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်သို့တင်ပြပြီး ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ဒုတိယကာလတို (၅)နှစ် စီမံကိန်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ) မူကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြသည်။

ယင်းသို့ ရှင်းလင်းတင်ပြရာတွင် ဒုတိယကာလတို(၅) နှစ်စီမံကိန်း အကောင်အထည်ဖော်နိုင်မှုအပေါ် စိစစ်သုံးသပ်ခြင်း၊ ဒုတိယကာလတို (၅) နှစ်စီမံကိန်း မဟာဗျူဟာနှင့် နည်းဗျူဟာ၊ ရည်မှန်းချက်နှင့် ရှုမြင်ချက်၊ စီမံကိန်းများအတွက် ဘဏ္ဍာငွေရရှိနိုင်မှု ဇစ်မြစ်၊ စီးပွားရေးကဏ္ဍများ၊ စက်မှုဖွံ့ဖြိုးမှုကို အားကောင်းစေသော ကဏ္ဍများ၊ လူမှုရေးကဏ္ဍများ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍများအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မည့် မဟာဗျူဟာ၊ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသန္တရစီမံကိန်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးစီမံကိန်းများ၊ မြန်မာနိုင်ငံ၏ နှစ်အလိုက် နိုင်ငံခြားကုန်သွယ်မှု မှတ်တမ်းဆိုင်ရာများ၊ အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဆိုင်ရာများ၊ ကာလရှည်၊ ကာလတို၊ ကာလလတ် စီမံကိန်းဆိုင်ရာများ၊ မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆိုင်ရာများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အထက်ပါ ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၂၇)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား Indiana University Maurer School of Law မှ ဧည့်အဖွဲ့လာရောက်တွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၈**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် Center for Constitutional Democracy, Indiana University Maurer School of Law မှ Executive Director David C. Williams ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ လွှတ်တော်အခွင့်အရေးကော်မတီ ဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့ငွေစာရင်း ကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကော်မတီဥက္ကဋ္ဌ ဦးခက်ထိန်နန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာဗညားအောင်မိုး၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးခင်မောင် (ခ) ဦးအောင်ကျော်ဦး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင် ဦးခင်မောင်ဌွေးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၈-၁-၂၀၁၆)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ (၁)ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ(၂)ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် (၅)ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် (၁)ဦး၊ အထွေထွေထုတ်ဝေခွင့် (၁၂)ဦး ပေါင်းလုပ်ငန်းအသစ် (၁၈)ဦး၊ သတင်းအေဂျင်စီ (၁)ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ မှတ်တမ်းတင်ခြင်းတစ်ရပ်ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး (၁၀၄၀)နှင့် အသစ်လျှောက်ထားသူ(၂၅၄)ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး(၉၉၀)နှင့် အသစ်လျှောက်ထားသူ(၆၇၅)ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ (၂၅) ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်(၂၉၈၄)စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ (၁)ဦးနှင့် မဂ္ဂဇင်းအသစ်လျှောက်ထားသူ (၃)ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**



**ဇန်နဝါရီ ၁၀ ရက်တွင် ရန်ကုန်မြို့တွင်း၌ စတင်ပြေးဆွဲမည့် လျှပ်စစ်ရထားကို ကမ်းနားလမ်း၌ စမ်းသပ်မောင်းနှင်လျက်ရှိသည်ကို ဇန်နဝါရီ ၈ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-ခင်မောင်ဝင်း)

## ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၇ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၀ တွင် ဖော်ပြပါရှိသော "မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ" ပုဒ်မ ၂၊ ၄၊ ၆၊ ၇၊ ၈၊ ၉၊ ၁၁၊ ၁၂၊ ၁၃နှင့်၁၄ တို့တွင် ပါရှိသည့် Myanmar ဆိုသည့် စကားရပ်များအားလုံးကို Myanma ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ဖတ်ရှုပါရန်။

သွေးသည် အသက်

❐ **နည်းပညာမှ**

ဒါတန်ဖိုးရှိတာပေါ့"ဟု မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အထွေထွေအတွင်းရေးမှူး ဦးတင်လတ်က ပြောသည်။

နည်းပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများတီထွင်ထားသည့် စက်ရုပ်ကားများတွင် **GPS** တပ်ဆင်ထားပြီး လက်တော့ပ်ကွန်ပျူတာ၊ လက်ကိုင်ဖုန်းများဖြင့် ဝါယာလက်စနစ်ချိတ်ဆက်ပြီး မောင်းနှင်၍ရကြောင်း၊ ကုန်ကျစရိတ်များမှာ တန်ဖိုးအားဖြင့် ငါးသိန်းမှ ၁၀ သိန်းထိ ရှိကြောင်း သိရသည်။

"အဓိကကအသိပညာကို မျှဝေချင်တာပါ။ ဒါ့ကြောင့် ဒီပွဲမှာ ဝင်ရောက်ပြသတာ၊ တစ်လကျော်လောက် အချိန်ယူရတယ်။ **Team work** ပုံစံနဲ့ လုပ်ကြတာ။ ဒါနဲ့ပတ်သက်ပြီး စာအုပ်ထုတ်တယ်။ စာတမ်းတွေဖတ်ပါတယ်" ဟု ရိုဘော့စက်ရုပ်တီထွင်ပြသထားသည့် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်မှ ကျောင်းသား မောင်မြတ်ဟိန်းထက်ကပြောသည်။

ထို့အတူ လှိုင်မြို့နယ် တက္ကသိုလ်များလှိုင်နယ်မြေ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းရုံးတွင် အသင်းသားစုံညီနှစ်ပတ်လည် ညီလာခံကို နံနက် ၉ နာရီတွင်စတင်ကျင်းပပြီး စာတမ်းများ ဖတ်ကြားခဲ့ကြသည်။ **(မင်းသစ်)**

ပြည်တွင်းရေးရာ

# မြန်မာနိုင်ငံ၏ ICT ဖွံ့ဖြိုးမှုအညွှန်းကိန်းမြင့်တက်

**နေပြည်တော် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံ၏ တယ်လီဖုန်းသိပ်သည်းဆသည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ၂ ဒသမ ၇၇ ရာခိုင်နှုန်းခန့်ရှိခဲ့ပြီး တယ်လီဖုန်းနှင့် အင်တာနက်ဝန်ဆောင်မှုများအား အကန့်အသတ်ဖြင့်သာ သုံးစွဲနိုင်ခဲ့သည်။

၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် ဆက်သွယ်ရေးဥပဒေအား ခေတ်နှင့်အညီ ပြင်ဆင်ရေးဆွဲ အတည်ပြုနိုင်ခဲ့ပြီး ထိုဥပဒေနှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် နိုင်ငံတကာဆက်သွယ်ရေးကုမ္ပဏီနှစ်ခုအား ပွင့်လင်းမြင်သာမှုရှိစွာဖြင့် နိုင်ငံတကာစံချိန်စံညွှန်းများအတိုင်း ရွေးချယ်နိုင်ခဲ့ပြီး နိုင်ငံပိုင်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအား စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးအတွက် ဂျပန်နိုင်ငံမှ KDDI/Sumitomo နှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလကုန်အထိ တယ်လီဖုန်းသိပ်သည်းဆမှာ ၇၅ ဒသမ ၈၉ ရာခိုင်နှုန်းအထိ တိုးတက်မှုရှိလာပြီး နိုင်ငံတော်၏ ICT ကဏ္ဍသိသိသာသာ တိုးတက်လာခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၏ တယ်လီဖုန်းနှင့် အင်တာနက်ကွန်ရက်များ ဖြန့်ကြက်နိုင်မှု၊ သုံးစွဲသည့် လူဦးရေရာခိုင်နှုန်းနှင့် စာတတ်မြောက်မှုနှုန်းအပေါ် မူတည်ပြီးဖော်ပြသည့် ITU( International Telecommunications Union)၏ ICT ဖွံ့ဖြိုးမှုအညွှန်းကိန်း (ICT Development Index-IDI) ထုတ်ပြန်ချက်၌ မြန်မာနိုင်ငံ၏ IDI အညွှန်းကိန်းသည် နိုင်ငံပေါင်း ၁၆၇ နိုင်ငံ၌ ၂၀၁၀ ခုနှစ်တွင် အဆင့်(၁၅၀)ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် အဆင့်(၁၄၂)ထိ တိုးတက်ရောက်ရှိလာသဖြင့် အဆင့်(၈)ဆင့် မြင့်တက်လာကြောင်း တွေ့ရှိရသည်။

ITU ၏ ၂၀၁၅ ခုနှစ်IDI အညွှန်းကိန်းဖော်ပြချက်များအရအိန္ဒိယနိုင်ငံသည် အဆင့်(၁၃၁)တွင်ရှိပြီး ပါကစ္စတန်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် အဆင့် (၁၄၃)နှင့် (၁၄၄)အသီးသီးရှိကြပြီး မြန်မာ၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် IDI အညွှန်းကိန်း သိသိသာသာတိုးတက်ခဲ့သောနိုင်ငံများဖြစ်ကြောင်း သိရသည်။ **(ဆက်သွယ်ရေး)**

**IDI over all ranking 2015 and 2010**

| Economy | IDI 2015 Rank | IDI 2010 Rank | Global Rank Change |
|---|---|---|---|
| Korea (Rep.) | 1 | 1 | 0 |
| Denmark | 2 | 4 | 2 |
| Iceland | 3 | 3 | 0 |
| United Kingdom | 4 | 10 | 6 |
| Sweden | 5 | 2 | -3 |
| Luxembourg | 6 | 8 | 2 |
| Switzerland | 7 | 12 | 5 |
| Netherlands | 8 | 7 | -1 |
| Hong Kong, China | 9 | 13 | 4 |
| Norway | 10 | 5 | -5 |
| Japan | 11 | 9 | -2 |
| Finland | 12 | 6 | -6 |
| Australia | 13 | 15 | 2 |
| Germany | 14 | 17 | 3 |
| United States | 15 | 16 | 1 |
| New Zealand | 16 | 19 | 3 |
| France | 17 | 18 | 1 |
| Monaco | 18 | 22 | 4 |
| Singapore | 19 | 11 | -8 |
| Estonia | 20 | 25 | 5 |
| Belgium | 21 | 24 | 3 |
| Ireland | 22 | 20 | -2 |
| Canada | 23 | 21 | -2 |
| Macao, China | 24 | 14 | -10 |
| Austria | 25 | 23 | -2 |
| Spain | 26 | 30 | 4 |
| Bahrain | 27 | 48 | 21 |
| Andorra | 28 | 29 | 1 |
| Barbados | 29 | 38 | 9 |
| Malta | 30 | 28 | -2 |
| Qatar | 31 | 37 | 6 |
| United Arab Emirates | 32 | 49 | 17 |
| Slovenia | 33 | 27 | -6 |
| Czech Republic | 34 | 33 | -1 |
| Israel | 35 | 26 | -9 |
| Belarus | 36 | 50 | 14 |
| Latvia | 37 | 34 | -3 |
| Italy | 38 | 31 | -7 |
| Greece | 39 | 35 | -4 |
| Lithuania | 40 | 39 | -1 |
| Saudi Arabia | 41 | 56 | 15 |
| Croatia | 42 | 42 | 0 |
| Portugal | 43 | 36 | -7 |
| Poland | 44 | 32 | -12 |
| Russian Federation | 45 | 46 | 1 |
| Kuwait | 46 | 45 | -1 |
| Slovakia | 47 | 40 | -7 |
| Hungary | 48 | 41 | -7 |
| Uruguay | 49 | 52 | 3 |
| Bulgaria | 50 | 47 | -3 |
| Serbia | 51 | 51 | 0 |
| Argentina | 52 | 54 | 2 |
| Cyprus | 53 | 44 | -9 |
| Oman | 54 | 68 | 14 |
| Chile | 55 | 59 | 4 |
| Lebanon | 56 | 77 | 21 |
| Costa Rica | 57 | 80 | 23 |
| Kazakhstan | 58 | 62 | 4 |
| Romania | 59 | 55 | -4 |
| TFYR Macedonia | 60 | 57 | -3 |
| Brazil | 61 | 73 | 12 |
| Antigua & Barbuda | 62 | 58 | -4 |
| St. Kitts and Nevis | 63 | 43 | -20 |
| Malaysia | 64 | 61 | -3 |
| Montenegro | 65 | 60 | -5 |
| Moldova | 66 | 74 | 8 |
| Azerbaijan | 67 | 76 | 9 |
| St. Vincent and the Grenadines | 68 | 63 | -5 |
| Turkey | 69 | 67 | -2 |
| Trinidad & Tobago | 70 | 65 | -5 |
| Brunei Darussalam | 71 | 53 | -18 |
| Venezuela | 72 | 71 | -1 |
| Mauritius | 73 | 72 | -1 |
| Thailand | 74 | 92 | 18 |
| Colombia | 75 | 83 | 8 |
| Armenia | 76 | 78 | 2 |
| Bosnia and Herzegovina | 77 | 75 | -2 |
| Georgia | 78 | 85 | 7 |
| Ukraine | 79 | 69 | -10 |
| Dominica | 80 | 66 | -14 |
| Maldives | 81 | 82 | 1 |
| China | 82 | 87 | 5 |
| Grenada | 83 | 64 | -19 |
| Mongolia | 84 | 97 | 13 |
| Suriname | 85 | 100 | 15 |
| St. Lucia | 86 | 70 | -16 |
| Seychelles | 87 | 81 | -6 |
| South Africa | 88 | 88 | 0 |
| Panama | 89 | 79 | -10 |
| Ecuador | 90 | 90 | 0 |
| Iran (I.R.) | 91 | 99 | 8 |
| Jordan | 92 | 84 | -8 |
| Tunisia | 93 | 93 | 0 |
| Albania | 94 | 89 | -5 |
| Mexico | 95 | 86 | -9 |
| Cape Verde | 96 | 107 | 11 |
| Kyrgyzstan | 97 | 112 | 15 |
| Philippines | 98 | 105 | 7 |
| Morocco | 99 | 96 | -3 |
| Egypt | 100 | 98 | -2 |
| Fiji | 101 | 102 | 1 |
| Viet Nam | 102 | 94 | -8 |
| Dominican Rep. | 103 | 101 | -2 |
| Peru | 104 | 91 | -13 |
| Jamaica | 105 | 95 | -10 |
| El Salvador | 106 | 110 | 4 |
| Bolivia | 107 | 113 | 6 |
| Indonesia | 108 | 109 | 1 |
| Ghana | 109 | 130 | 21 |
| Tonga | 110 | 111 | 1 |
| Botswana | 111 | 117 | 6 |
| Paraguay | 112 | 108 | -4 |
| Algeria | 113 | 114 | 1 |
| Guyana | 114 | 103 | -11 |
| Sri Lanka | 115 | 115 | 0 |
| Belize | 116 | 104 | -12 |
| Syria | 117 | 106 | -11 |
| Namibia | 118 | 120 | 2 |
| Bhutan | 119 | 128 | 9 |
| Honduras | 120 | 116 | -4 |
| Guatemala | 121 | 118 | -3 |
| Samoa | 122 | 121 | -1 |
| Nicaragua | 123 | 123 | 0 |
| Kenya | 124 | 126 | 2 |
| Vanuatu | 125 | 124 | -1 |
| Sudan | 126 | 127 | 1 |
| Zimbabwe | 127 | 132 | 5 |
| Lesotho | 128 | 141 | 13 |
| Cuba | 129 | 119 | -10 |
| Cambodia | 130 | 131 | 1 |
| India | 131 | 125 | -6 |
| Senegal | 132 | 137 | 5 |
| Gabon | 133 | 122 | -11 |

စာမျက်နှာ ၉ သို့ »»

»» စာမျက်နှာ ၈ မှ

| Economy | IDI 2015 Rank | IDI 2010 Rank | Global Rank Change |
|---|---|---|---|
| Nigeria | 134 | 133 | -1 |
| Gambia | 135 | 129 | -6 |
| Nepal | 136 | 140 | 4 |
| Côte d'Ivoire | 137 | 142 | 5 |
| Lao P.D.R. | 138 | 135 | -3 |
| Solomon Islands | 139 | 139 | 0 |
| Angola | 140 | 144 | 4 |
| Congo (Rep.) | 141 | 136 | -5 |
| Myanmar | 142 | 150 | 8 |
| Pakistan | 143 | 138 | -5 |
| Bangladesh | 144 | 148 | 4 |
| Mali | 145 | 155 | 10 |
| Equatorial Guinea | 146 | 134 | -12 |
| Cameroon | 147 | 149 | 2 |
| Djibouti | 148 | 143 | -5 |
| Uganda | 149 | 151 | 2 |
| Mauritania | 150 | 146 | -4 |
| Benin | 151 | 147 | -4 |
| Togo | 152 | 145 | -7 |
| Zambia | 153 | 152 | -1 |
| Rwanda | 154 | 154 | 0 |
| Liberia | 155 | 161 | 6 |
| Afghanistan | 156 | 156 | 0 |
| Tanzania | 157 | 153 | -4 |
| Mozambique | 158 | 160 | 2 |
| Burkina Faso | 159 | 164 | 5 |
| Congo (Dem. Rep.) | 160 | 162 | 2 |
| South Sudan | 161 | N/A | - |
| Guinea-Bissau | 162 | 158 | -4 |
| Malawi | 163 | 159 | -4 |
| Madagascar | 164 | 157 | -7 |
| Ethiopia | 165 | 165 | 0 |
| Eritrea | 166 | 163 | -3 |
| Chad | 167 | 166 | -1 |





# ဒုတိယသမ္မတ ဦးညာဏ်ထွန်း ကာလရှည်စွမ်းအင်ဆိုင်ရာ ပင်မစီမံချက်စတင်ခြင်းအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၈**

အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီနာယက ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိဟီလ်တန်ဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံ၏ ကာလရှည်စွမ်းအင်ဆိုင်ရာပင်မစီမံချက် (Myanmar Energy Master Plan) စတင်ခြင်း အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ World Bankနှင့် JICA တို့မှ ကျွမ်းကျင်ပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အာရှဖွံ့ဖြိုးရေးဘဏ်၏ အရှေ့တောင်အာရှဆိုင်ရာ စွမ်းအင်ဌာနမှ ဒါရိုက်တာ မစ္စတာချောင်ချီနိုင်းလ်က မြန်မာနိုင်ငံ၏ ကာလရှည်စွမ်းအင်ဆိုင်ရာ ပင်မစီမံချက် (Myanmar Energy Master Plan) နှင့်စပ်လျဉ်း၍ အကျဉ်းချုပ် ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီနာယက ဒုတိယသမ္မတ ဦးညာဏ်ထွန်းက အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ၏ ပထမခြေလှမ်းအနေဖြင့် အချက်(၉)ချက်ပါသော မြန်မာအမျိုးသားစွမ်းအင်မူဝါဒအား ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊

ယနေ့ထုတ်ပြန်ကြေညာနိုင်သည့် အမျိုးသားစွမ်းအင် ပင်မစီမံချက်သည် မိမိတို့အစိုးရဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလူမှုအဖွဲ့အစည်းများအပါအဝင် အာရှဖွံ့ဖြိုးမှုဘဏ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့မှု၏ ရလဒ်ဖြစ်ပါကြောင်း၊

ယခုပင်မစီမံချက်သည် စွမ်းအင်ကဏ္ဍတစ်ခုလုံးအတွက် ဖွံ့ဖြိုးမှုအစီအမံတစ်ခုဖြစ်သည့်အပြင် အခြားသောကဏ္ဍများနှင့် စီမံကိန်းများကိုပါ ပေါင်းစပ်ပေးရာတွင် အရေးပါသော စီမံချက်တစ်ခုဖြစ်ပါကြောင်း၊

မြန်မာနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်အား နောက် ၁၅ နှစ်စာ ၂၀၃၀ ခုနှစ်အထိ ခန့်မှန်းတွက်ချက်ပြီး ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း၊

စွမ်းအင်ထုတ်ယူရေး မဟာဗျူဟာကိုလည်း ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ် စိတ်ချစွာထုတ်ယူနိုင်သည့် စွမ်းအင်ဖြစ်ရေးအတွက် လောင်စာတွဲစပ်သုံးစွဲမှု၊ အရင်းအမြစ်ရနိုင်မှု၊ နည်းပညာနှင့် ဈေးနှုန်းယှဉ်ပြိုင်မှု၊ အစိုးရ ပြည်သူ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အချက်အလက်များအား ထည့်သွင်းစဉ်းစား ရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊

ယခု စီမံချက်နှင့်ဆက်စပ်နေသည့် အမျိုးသားလျှပ်စစ်ဓာတ်အား ပင်မစီမံချက်နှင့် အမျိုးသားလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး စီမံချက်(၂)ခုကိုလည်း JICA နှင့် ကမ္ဘာ့ဘဏ်တို့ အကူအညီဖြင့် အောင်မြင်စွာရေးဆွဲနိုင်ခဲ့ပြီးဖြစ်ကြောင်းကိုလည်း အသိပေးလိုပါကြောင်း၊

အဆိုပါ စီမံချက်(၂)ခုသည် အခြေခံစွမ်းအင်ဖွံ့ဖြိုးမှု မဟာဗျူဟာဖြစ်သည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားလိုင်းပြင်ပဓာတ်အားဖြန့်ဖြူးခြင်းများကို ဆောင်ရွက်နိုင်ရေးအတွက် အရေးပါကြောင်း၊

၎င်းစီမံချက်(၃)ခုအနေဖြင့် မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်နှင့် လုံလောက်သော စွမ်းအင်အသုံးပြုနိုင်မှုအပိုင်းတွင် အိမ်နီးချင်းနိုင်ငံများကို ရင်ပေါင်တန်းလိုက်နိုင်အောင် ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊

စီမံချက်များသည် မိမိတို့နိုင်ငံအတွက် မဟာဗျူဟာမြောက် မျှော်မှန်းချက်များဖြစ်သဖြင့် အသေးစိတ်အစီအမံများနှင့် တွက်ချက်မှုများကို ဆက်လက်ဆောင်ရွက်သွားရန်မှာ မိမိတို့တာဝန်ဖြစ်သည်ဟု အပြည့်အဝခံယူလုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း၊

မိမိတို့နိုင်ငံ၏ အနာဂတ် စီးပွားဖွံ့ဖြိုးမှုအတွက် အဓိကလိုအပ်ချက်ဖြစ်သော စွမ်းအင်ကဏ္ဍတိုးတက်ရေးဆောင်ရွက်မှုများနှင့် စဉ်ဆက်မပြတ် စွမ်းအင်ဖွံ့ဖြိုးမှုရရှိရေး လမ်းကြောင်းကို ဤစီမံချက်(၃)ခုက ခင်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ World Bank၊ JICA နှင့် တာဝန်ရှိသူများက Myanmar Energy Master Plan စတင်ခြင်းအထိမ်းအမှတ်အဖြစ် စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီနာယက ဒုတိယသမ္မတ ဦးညာဏ်ထွန်းထံ အာရှဖွံ့ဖြိုးရေးဘဏ်၏ အရှေ့တောင်အာရှဆိုင်ရာ စွမ်းအင်ဌာနမှ ဒါရိုက်တာက Myanmar Energy Master Plan စာအုပ်ကို ပေးအပ်သည်။

ထို့နောက် စီမံခန့်ခွဲမှုကော်မတီနာယကနှင့် တက်ရောက်လာကြသူများကMyanmar Energy Master Plan ရေးဆွဲမှု မှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။

**(သတင်းစဉ်)**

# တိုင်းရင်းသားကျေးရွာရှိ အလုံပိတ်တဲများအား ပိတ်သိမ်း

**ရန်ကုန် ဇန်နဝါရီ ၈**

ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း၌ အလုံပိတ်တဲများဖြင့် ရောင်းချနေသည့် စားသောက်ဆိုင်များကို သက်ဆိုင်ရာမှ ဖယ်ရှားရှင်းလင်း၍ ဆိုင်ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်ခဲ့ကြောင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တာဝန်ခံအရာရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မိုးကပြောသည်။

"အလုံပိတ်တဲတွေအားလုံးကို ဖျက်သိမ်းခဲ့တဲ့အပြင် ဆိုင်တွေကိုလည်း ပိတ်သိမ်းတဲ့အထိ အရေးယူခဲ့ပါတယ်။ ဆိုင်ခန်းနဲ့ အလုံပိတ်နေရာတွေကို ရှင်းလင်းလိုက်တယ်။ ရုံးချုပ်ကိုလည်းဆက်တင်ပြပြီး ညွှန်ကြားချက်အတိုင်း ဆောင်ရွက်သွားမှာပါ။ စည်းကမ်းနဲ့ညီညွတ်တဲ့ဆိုင်တွေကတော့ ဆက်လက်ဖွင့်လှစ်ခွင့် ပေးထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် စုစုပေါင်း ၁၁၇ ဧကရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Fair Trade Co.,Ltd သို့ B.O.T စနစ်ဖြင့် မြေဧရိယာ ၁၀ ဧကကို နှစ် ၃၀ ထပ်မံငှားရမ်းထားကြောင်း သိရသည်။ အဆိုပါငှားရမ်းထားသည့် မြေဧရိယာပေါ်တွင် စားသောက်ဆိုင် ၁၂ ဆိုင်ရှိသည့်အနက် စားသောက်ဆိုင် ခြောက်ဆိုင်က ဆောက်လုပ်ရောင်းချနေသော ခနိမိုး၊ ခနိအကာ အလုံပိတ်တဲ စုစုပေါင်း ၅၅ လုံးကို သက်ဆိုင်ရာက စစ်ဆေးတွေ့ရှိခဲ့သဖြင့် ဇန်နဝါရီ ၇ ရက် ညနေပိုင်းတွင် ယင်းတဲများကို ဖျက်သိမ်း၍ ဆိုင်ပိတ်သိမ်းသည်အထိ အရေးယူခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။



"တဲလေးတွေကို တွေ့နေတာတော့ ကြာပါပြီ။ တချို့တဲတွေဆို လူမမြင်အောင်အဝတ်တွေနဲ့ ကာထားတာတွေ့ရတယ်။ လွတ်လွတ်လပ်လပ်နေချင်တဲ့ စုံတွဲတွေအတွက်တော့ အဆင်ပြေတာပေါ့။ မိသားစုလိုက် လည်ပတ်တဲ့သူတွေအတွက်တော့ မသင့်တော်ဘူး။ အများပြည်သူအပန်းဖြေတဲ့ နေရာမျိုးမှာ ဒီလိုပုံစံနဲ့ စီးပွားရှာတာကို နောက်နောင် မလုပ်ရဲအောင် ထိထိရောက်ရောက် အရေးယူသင့်တယ်"ဟု အဆိုပါနေရာသို့ မကြာခဏ အပန်းဖြေလည်ပတ်လေ့ရှိသူ မရမ်းကုန်းမြို့နယ်မှ ဦးသူရက ပြောသည်။

အဆိုပါ ခနိမိုး၊ ခနိကာ အလုံပိတ် တဲတစ်လုံးလျှင် စားပွဲတစ်လုံး၊ ထိုင်ခုံလေးလုံးထည့်သွင်းပြီး လူလေးဦး စားသောက်နိုင်သော်လည်း အများအားဖြင့် စုံတွဲများသာ လာရောက်စားသောက်လေ့ရှိကြောင်း သိရသည်။

ထိုသို့ အများပြည်သူ အပန်းဖြေအနားယူသည့် နေရာတွင် အမြင်မတင့်တယ်သော အလုံပိတ်တဲများ ဆောက်လုပ်မှုအပေါ် တာဝန်ခံအရာရှိ ဦးဇော်မိုးက "ဈေးရောင်းကောင်းအောင် အပြိုင်ဆွဲဆောင်ရာကနေ ဖြစ်သွားတဲ့သဘောပါ။ ပြည်သူတွေ အနားယူဖို့လုပ်ထားတဲ့ နေရာမှာ ဒီလိုကိစ္စတွေဖြစ်လာတာကို ကျွန်တော်တို့အနေနဲ့ လက်မခံပါဘူး။ နောက်ထပ် ဆိုင်ဖွင့်ခွင့်ပေးရင်လည်း လမ်းဘေး လူမြင်ကွင်းနေရာမျိုးမှာပဲ ဖွင့်ခွင့်ပေးသွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်"ဟု ဆိုသည်။

ခနိမိုး၊ ခနိကာ အလုံပိတ်တဲများဖြင့် ရောင်းချသော စားသောက်ဆိုင်များမှာ ရခိုင်ရင်သွေးစားသောက်ဆိုင်မှ တဲ ရှစ်လုံး၊ မနောစားသောက်ဆိုင်မှတဲ ၁၀ လုံး၊ တိုင်းရင်းသား စားသောက်ဆိုင်မှ တဲ ရှစ်လုံး၊ ရွှေညောင်ပင် စားသောက်ဆိုင်မှတဲ ၁၀ လုံး၊ ရွှေကုက္ကိုစားသောက်ဆိုင်မှ တဲကိုးလုံး၊ နှင်းဝတ်ရည်စားသောက်ဆိုင်မှ တဲ ၁၀ လုံးအပါအဝင် စုစုပေါင်း ၅၅ လုံးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ အလုံပိတ်တဲများနှင့် ပတ်သက်၍ ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက လူမှုကွန်ရက်စာမျက်နှာထက်တွင် ပျံ့နှံ့ခဲ့ပြီး အများပြည်သူများ၏ ဝေဖန်မှုများလည်းထွက်ပေါ်လာခဲ့သည်။ ၂၀၁၄ ခုနှစ်အတွင်းကလည်း အဆိုပါ အလုံပိတ်တဲများ ဆောက်လုပ်ရောင်းချမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက တစ်ကြိမ်ရှင်းလင်းခဲ့ပြီး ထပ်မံမပြုလုပ်ရန် အသိပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး (ပဏ္ဍိတ)**

# ရှမ်းပြည်နယ်တွင် ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ စတင်ဖွဲ့စည်းမည်

**ရန်ကုန် ဇန်နဝါရီ ၈**

ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMCU)ကို ရှမ်းပြည်နယ်တွင် စတင်ဖွဲ့စည်းရန်အတွက် သဘောတူညီမှု ရရှိခဲ့ကြောင်း တတိယအကြိမ်မြောက်ကျင်းပသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)၏ ဒုတိယနေ့အစည်းအဝေးမှ သိရသည်။

အဆိုပါ ဒုတိယနေ့အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)၌ ဆက်လက်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းအစည်းအဝေးသို့ နှစ်ရက်တာတက်ရောက်၍ ဆွေးနွေးခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(အတွင်းရေးမှူး-၁)ဒေါက်တာရွှေခါးက "ကျွန်တော်တို့နှစ်ရက်တာ ဆွေးနွေးတဲ့အထဲမှာ အဓိကအားဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) အဆင့်ဆင့်တွေကို အထောက်အကူပြုမယ့် နည်းပညာအထောက်အကူပြုအဖွဲ့ဖွဲ့မယ်။ JMC ကို ပြည်ထောင်စုအဆင့်အတွက်ရော၊ ပြည်နယ်အဆင့်အတွက်ရော၊ ဒေသန္တရအဆင့်အတွက်ပါ ဘယ်လို လုပ်ဆောင်မလဲဆိုတာ ဆွေးနွေးခဲ့တယ်။ သဘောတူညီမှုလည်းရတယ်။ ဒုတိယအချက်အနေနဲ့ကတော့ အဲဒီလို စင်တာတွေ၊ ရုံးတွေလုပ်ဆောင်ဖို့အတွက် လိုအပ်တဲ့ ဘတ်ဂျက်ကိစ္စကိုလည်း သဘောတူညီမှုရခဲ့ပါတယ်။ တတိယတစ်ခုကတော့ မကြာခင်မှာ ရှမ်းပြည်နယ်ကိုသွားပြီး ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMCU)ကို သွားရောက်ဖွဲ့စည်းမှာပါ။ မနက်ဖြန်မှာ စလုပ်မယ်"ဟု အစည်းအဝေးအပြီးတွင် တက်ရောက်လာသောမီဒီယာများအား ဖြေကြားသည်။



ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)၏လုပ်ငန်းများ အဆင့်ဆင့် လုပ်ဆောင်ရန်အတွက် သုံးနှစ်စာအနေဖြင့် အမေရိကန်ဒေါ်လာ ၂၁ သန်းကျော်ခန့် လိုအပ်လျက်ရှိသည်။ အလှူရှင်အနေဖြင့် သတ်သတ်မှတ်မှတ်မရှိသေးသော်လည်း UN ဘက်ကကော၊ Joint Peace Fan ဘက်ကကော ကူညီသွားရန် ဆန္ဒရှိကြောင်း ဒေါက်တာရွှေခါးထံမှ သိရသည်။

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMCU)၏ အတွင်းရေးမှူးဗိုလ်မှူးကြီးဝဏ္ဏအောင်က "ရှမ်းပြည်နယ်မှာတော့ ပြည်နယ်အဆင့် JMCU စဖွဲ့မယ်။ ကျွန်တော်တို့က NCA စာချုပ်ပါအတိုင်း ဆက်လက်လုပ်ဆောင်ရမှာဖြစ်တဲ့အတွက် အလှူရှင်တွေ **မလှူခင်မှာလည်း ဒီလုပ်ငန်းကို ဆက်လက် အကောင်အထည်ဖော်သွားမယ်။ ရှမ်းပြည်နယ်မှာ JMCU အတွက် ဖွဲ့စည်းပြီးသွားရင် တနင်္သာရီ၊ မွန်နဲ့ ပဲခူးတို့မှာ ဆက်လက်လုပ်ဆောင်သွားမယ်။ ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှာတော့ တနင်္သာရီမှာ JMCU ဖွဲ့ဖို့အတွက် ဆက်လုပ်မယ်"ဟု ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေး**ကော်မတီ(JMCU) များ ဆက်လက်ဖွဲ့စည်းသွားမည့်ကိစ္စနှင့်ပတ်သက်၍ ပြောကြားသည်။

တတိယအကြိမ်မြောက် ကျင်းပသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)၏ နှစ်ရက်တာဆွေးနွေးမှုများတွင် ဗဟိုအလုပ်အဖွဲ့နှင့် ပြည်နယ်အဆင့် အမြဲတမ်းရုံးအဖွဲ့၏ လုပ်ငန်းလမ်းညွှန်နှင့် ဝန်ထမ်းများခန့်ထားမှုပုံစံအား အတည်ပြုခြင်း၊ ဘတ်ဂျက်လျာထားမှုကို အတည်ပြုခြင်း၊ ရှမ်းပြည်နယ်အတွင်းရှိ ဖြစ်စဉ်များနှင့် အခြားဒေသများရှိ ဖြစ်စဉ်များအပေါ် ဆွေးနွေးခြင်း၊ ရှမ်းပြည်နယ် အပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီနှင့် အခြား ပြည်နယ်ကော်မတီများအား ဖွဲ့စည်းခြင်းကိစ္စ ဆွေးနွေးခြင်း၊ အလှူရှင်နိုင်ငံများနှင့်တွေ့ဆုံမည့် ကိစ္စရပ်များဆွေးနွေးခြင်းတို့အား ဆောင်ရွက်နိုင်ခဲ့ကြသည်။

**(သတင်း-ရဲခေါင်ညွှန့်၊ ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်)**

# NCA စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည့် တိုင်းရင်းသားဒေသများတွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို ခြောက်လအတွင်း ဖွဲ့နိုင်ရန်လုပ်ဆောင်သွားမည်

**မေး - ရဲခေါင်ညွှန့်၊ ဓာတ်ပုံ - ဖိုးထောင်**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)အား ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် ဗဟိုအလုပ်အဖွဲ့နှင့် ပြည်နယ်အဆင့် အမြဲတမ်းရုံးအဖွဲ့များ ဖွဲ့စည်းရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲပြုလုပ်နေစဉ်ကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးခိုင်မာစေရန်အတွက် NCA စာချုပ်ချုပ်ဆိုပြီး ရက်ပေါင်း ၃၀ အတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)အား ဖွဲ့စည်းခဲ့သည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား နေပြည်တော်တွင် ကျင်းပမည်ဖြစ်သည်။ ယင်းသို့မကျင်းပမီ ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)တွင် ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်ကပြုလုပ်ခဲ့သည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) တတိယအကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးခဲ့မှုများကို မြန်မာ့သတင်းစဉ်မှ ဖော်ပြအပ်ပါသည်။

**ဒေါက်တာရွှေခါး(အတွင်းရေးမှူး-၁)**
**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)**

နှစ်ရက်တာ ဆွေးနွေးတဲ့အထဲမှာ အဓိကအားဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) အဆင့်ဆင့်အတွက် ပြည်ထောင်စုအဆင့်အတွက်ရော၊ ပြည်နယ်အဆင့်အတွက်ရော၊ ဒေသန္တရအဆင့်အတွက်ပါ ဘယ်လိုလုပ်ဆောင်မလဲဆိုတာ ဆွေးနွေးခဲ့ကြတယ်။ သဘောတူညီမှုလည်းရခဲ့ပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ အဲဒီလို စင်တာတွေ၊ ရုံးတွေ လုပ်ဆောင်ဖို့အတွက် လိုအပ်တဲ့ ဘတ်ဂျက်ကိစ္စကိုလည်း သဘောတူညီမှုရခဲ့ပါတယ်။ တတိယတစ်ခုကတော့ မကြာခင်မှာ ရှမ်းပြည်နယ်ကိုသွားပြီး ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)ကို သွားရောက်ဖွဲ့စည်းမှာပါ။ မနက်ဖြန်မှာ စလုပ်မယ်။ အခုလောလောဆယ် အစိုးရဘက်က ကျွန်တော်တို့ သတင်းရတာကတော့ ငြိမ်းချမ်းရေးအတွက်ဆိုပြီး နိုင်ငံတော်ဘတ်ဂျက်ထဲမှာ ထည့်ထားတယ်။ လာမယ့်လွှတ်တော်က အတည်ပြု၊ မပြုဆိုတာတော့ ကြည့်ရမှာပေါ့။ နိုင်ငံတကာက အလှူရှင်မလာသည့်တိုင်အောင် JMC ကတော့ ကိုယ့်အရင်းအမြစ်နဲ့ကိုယ် လုပ်ကိုလုပ်ရမယ်။ တကယ့်ငြိမ်းချမ်းရေးဖြစ်စေချင်တယ်။ ပစ်ခတ်တိုက်ခိုက်မှုတကယ်ရပ်စဲချင်တယ်ဆိုရင် ကျွန်တော်တို့ရှိတာလေးနဲ့လည်း လုပ်ကိုလုပ်ရမယ်။ JMC က ပြည်ထောင်စုအဆင့်ကို စဖွဲ့ပြီ။ မနက်ဖြန် ရှမ်းပြည်နယ်အတွက် ဖွဲ့မယ်။ ပြီးတော့ နောက်လလောက်ဆို တနင်္သာရီတိုင်းဒေသကြီးအတွက် ဆက်ဖွဲ့မယ်။ ပြည်ထောင်စုအဆင့် JMC မှာတော့ ၂၆ ဦးနဲ့ ဖွဲ့တယ်။ ပြည်နယ်အဆင့် JMC မှာတော့ ၁၄ ယောက်နဲ့ဖွဲ့မယ်။ လက်နက်ကိုင်တိုင်းရင်းသားက ငါးဦး၊ အစိုးရက ငါးဦး၊ ပြည်သူဘက်က လေးဦးဖွဲ့မယ်။ လိုအပ်ရင် လိုအပ်သလို့တော့ ဖွဲ့စည်းပုံက ပြောင်းလို့ရပါတယ်။ မနက်ဖြန် ရှမ်းပြည်သွားတဲ့အခါ နယ်မြေသတ်မှတ်ပိုင်းခြားမှု မရှိနိုင်သေးတဲ့ အချိန်မှာ ဘယ်လိုမျိုးဆောင်ရွက်ကြမလဲဆိုတာ ဦးစားပေးဆွေးနွေးလုပ်ဆောင်မယ်။ အဲဒီအတွက်လည်း ရှမ်းပြည်နယ် JMC မှာ ပါဝင်တဲ့လူတွေတင်မဟုတ်ဘဲ နှစ်ဖက်စလုံးမှာရှိတဲ့ တပ်မှူးတွေများနိုင်သမျှများအောင် ပါဝင်ဖို့အတွက်လည်း မေတ္တာရပ်ခံထားပါတယ်။ နယ်မြေသတ်မှတ်မှုအတွက်ကတော့ ပထမအဆင့်အနေနဲ့ ပြည်နယ်အဆင့်တွေ ဖွဲ့ပြီးခဲ့ရင် ဆက်လက်လုပ်ဆောင်မယ်။



ဒေါက်တာရွှေခါး။



ဗိုလ်မှူးကြီးဝဏ္ဏအောင်။



ဒေါက်တာမင်းဇော်ဦး။

**ဗိုလ်မှူးကြီးဝဏ္ဏအောင်(အတွင်းရေးမှူး)**
**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMCU)**

ဒီနှစ်ရက်မှာ ဆွေးနွေးခဲ့တာတွေက JMC ကို ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နဲ့ ဒေသဆိုင်ရာ အဆင့်ဆိုပြီး အဆင့် သုံးဆင့်နဲ့ဖွဲ့ပါမယ်။ အဲဒီအတွက် ဝန်ထမ်းခန့်မယ့် ပုံစံ၊ ဘတ်ဂျက်သုံးစွဲမယ့် ပုံစံတွေညှိနှိုင်းပါတယ်။ နောက်တစ်ခုကတော့ ရှမ်းပြည်နယ်မှာ ပြည်နယ်အဆင့်(JMCS)ဖွဲ့မယ့်ပုံစံနဲ့ပတ်သက်ပြီး စည်းဝေးညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ JMC ဖွဲ့စည်းပြီးနောက်မှာ တပ်တွေလိုက်နာရမယ့် လုပ်ငန်းလမ်းညွှန်၊ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်တွေရှိပါတယ်။ ဒါတွေကို အောက်ခြေအဆင့်ထိသိအောင် အသိပေးထားပါတယ်။ အခုရက်ပိုင်းအတွင်း NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တစ်ဖွဲ့နဲ့ တစ်ကြိမ်ဖြစ်တယ်ဆိုတာက RCSS အဖွဲ့တွေက ကျွန်တော်တို့တပ်တွေအနီးအထိ နယ်မြေကျွံလှုပ်ရှားလာလို့ပါ။ မတော်တဆပါဘဲ။ နယ်မြေမသတ်မှတ်ရသေးပေမယ့် ကျွန်တော်တို့တပ်တွေနားအထိ နီးကပ်လာလို့ပါ။ ရှမ်းပြည်နယ်မှာတော့ ပြည်နယ်အဆင့် စဖွဲ့တော့မယ်ပေါ့။ ကျွန်တော်တို့က NCA စာချုပ်ပါအတိုင်း ဆက်လက်လုပ်ဆောင်ရမှာဖြစ်တဲ့အတွက် အလှူရှင်တွေ မလှူခင်မှာလည်း ဒီလုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော်မှာပါ။ ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှာတော့ တနင်္သာရီမှာ ဆက်လုပ်ဖြစ်မယ်။

**ဒေါက်တာမင်းဇော်ဦး(ဌာနမှူး)**
**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)**

ရှမ်းပြည်နယ်မှာ နှစ်ဖက်တပ်မှူးတွေကို အစည်းအဝေးတက်ရောက်ဖို့ ခေါ်ထားတယ်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)ကို ပြည်နယ်အဆင့်ထိ သတ်မှတ်ပြီးမှ နယ်မြေသတ်မှတ်မှု လုပ်နိုင်မှာပါ။ ရှမ်းပြည်နယ်မှာ JMC ပြည်နယ်အဆင့် သတ်မှတ်ဖို့လုပ်တာက ရှမ်းပြည်နယ်မှာက တိုက်ပွဲဖြစ်နိုင်ခြေအများဆုံးပဲ။ အဲဒီမှာ အဖွဲ့များတယ်။ လှုပ်ရှားမှုက ရှုပ်ထွေးတယ်ဆိုတော့ ဒါကို စလုပ်ဖို့ စဉ်းစားတာပါ။ ကရင်ပြည်နယ်ကျတော့ သူတို့နဲ့ ဆွေးနွေးတဲ့အခါမှာ အောက်ကနေ တဖြည်းဖြည်းတက်သွားဖို့ စဉ်းစားတယ်။ ဒါကြောင့် ရှမ်းပြီးရင် တနင်္သာရီလုပ်မယ်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်အတွက် ဆက်လုပ်မယ်ပေါ့လေ။ ပြည်ထောင်စုအဆင့်အတွက် JMCU ကို ခြောက်လအတွင်း ဖွဲ့စည်းနိုင်ဖို့ ကျွန်တော်တို့ မျှော်မှန်းထားပါတယ်။ JMC ရဲ့လုပ်ငန်းက ပြဿနာတွေဖြစ်လာရင် မဖြစ်အောင်လျှော့ချနိုင်အောင် ဘယ်လို လုပ်မလဲဆိုပြီး စဉ်းစားတာပါ။ NCA ထိုးတဲ့အချိန်ကနေ အခုထိ တိုက်ပွဲဖြစ်စဉ်က တစ်ခုပဲရှိတယ်။ မဖြစ်စလောက်ပါပဲ။ JMC က တိုက်ပွဲဖြစ်လာရင် ဘယ်လိုနည်းလမ်းနဲ့ ဖြေရှင်းမလဲ၊ လျှော့ချမလဲဆိုတာလုပ်တာ။ JMCU ကတော့ တော်တော်လေး အလုပ်ဖြစ်တယ်။ နှစ်ဖက်လုံးက ရင်းနှီးမှုရှိတယ်။ ပြဿနာဖြစ်လာပြီဆိုရင်တော့ JMCU level မှာ ချက်ချင်းရှင်းနိုင်အောင်ကြိုးစားထားတယ်။ JMCU တင်မကဘဲ အဓိကကျတဲ့ နိုင်ငံအဆင့် JMCS အဆင့်ကိုပါ ဖွဲ့စည်းလည်ပတ်နိုင်အောင် လုပ်ဆောင်ရမယ်။ JMCS လည်ပတ်နိုင်ပြီဆိုရင် ပြဿနာဖြစ်တာနဲ့ JMCS ကနေ အားလုံးကိုထိန်းချုပ်လုပ်ဆောင်သွားနိုင်ပြီပေါ့။ ဘတ်ဂျက်က ကျွန်တော်တို့ လုပ်ငန်းလုပ်ရင် ဘယ်လောက်ကုန်မလဲဆိုတာ တွက်ချက်ပြီးတင်ပေးရတာ။ နော်ဝေ၊ ယူကေ၊ ယူအက်(စ်)၊ အီးယူ၊ ယူအင်န်တို့ အပါအဝင် အိမ်နီးနားချင်းနိုင်ငံတွေ၊ နောက်အာဆီယံ ဒေသတွင်းနိုင်ငံတွေက ကျွန်တော်တို့ရဲ့ JMC လုပ်ငန်းကို အကောင်အထည်ဖော်ဖို့အတွက် အားလုံးစုပြီးလှူလိုက်တာပေါ့။ UN လိုနေရာမျိုးက Fan ငွေတွေကို စီစစ်မယ်။

# ရန်ကုန်မြို့ပတ်နှင့်ဆင်ခြေဖုံးမီးရထားလမ်းပိုင်းတွင် မတော်တဆမှုကြောင့် ထိခိုက်၊ သေဆုံးမှု ယခင်နှစ်ထက်လျော့နည်းလာ



၂၀၁၅ ခုနှစ်အတွင်းက ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးမီးရထားလမ်းပိုင်းတွင် ရထားစီးနင်းနေမှုကို တွေ့ရစဉ်။

**ရန်ကုန် ဇန်နဝါရီ ၈**

၂၀၁၅ ခုနှစ်အတွင်း၌ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးမီးရထားလမ်းပိုင်းတွင် မတော်တဆမှုကြောင့် သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုနှုန်းမှာ ယခင်နှစ်ထက်လျော့နည်းလာကြောင်း မြန်မာ့မီးရထား (တိုင်း-၇) သွားလာပို့ဆောင်ရေးဌာနမှ သိရသည်။

အဆိုပါ လမ်းပိုင်းတွင် ၂၀၁၄ ခုနှစ်အတွင်း မတော်တဆ ထိခိုက်ဒဏ်ရာရရှိသူ ၃၆ ဦးနှင့် သေဆုံးသူ ၂၄ ဦးအထိ ရှိခဲ့သော်လည်း ၂၀၁၅ ခုနှစ်အတွင်း၌ ထိခိုက်ဒဏ်ရာရရှိသူ ၂၈ ဦးနှင့်သေဆုံးသူ ၁၉ ဦးသာရှိခဲ့သဖြင့် ထိခိုက်ဒဏ်ရာရရှိသူရှစ်ဦးနှင့် သေဆုံးသူငါးဦး လျော့နည်းခဲ့ကြောင်း သိရသည်။

"ကားလမ်းကူးတွေမှာ မတော်တဆမှုအဖြစ်များလို့ အဲဒီနေရာတွေကို ဦးစားပေးစစ်ဆေးတဲ့အပြင် ဂိတ်စောင့်တွေကိုလည်း အရည်အသွေးမြင့်မားအောင် သင်ကြားပေးခဲ့ပါတယ်။ တိုင်းအတွင်းမှာလည်း မတော်တဆမှု လျော့နည်းလာအောင် မွမ်းမံသင်တန်းတွေ လုပ်ပေးနေပါတယ်။ ရထားထွက်နေတဲ့အချိန်မှာ အတက်၊ အဆင်းလုပ်လို့ ဖြစ်တာကိုတော့ ဘူတာတွေမှာ အသံချဲ့စက်နဲ့အသိပေးကြေညာတာတွေ လုပ်ပေးနေတဲ့အပြင် ရထားလိုက်ဝန်ထမ်းတွေအနေနဲ့လည်း ခရီးသည်တွေ အန္တရာယ်မဖြစ်အောင် ပိုမိုကြပ်မတ်ဆောင်ရွက်နေတာကြောင့် မတော်တဆမှု လျော့နည်းလာတာပါ"ဟု အဆိုပါဌာနမှ မန်နေဂျာ ဦးကျော်စိုးလင်းက ပြောသည်။

မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူနှင့် သေဆုံးသူများမှာ ရထားလာစဉ် သတိမမူဘဲ လမ်းဖြတ်ကူးခြင်း၊ ရထားမရပ်မီနှင့် ထွက်ခွာနေစဉ် ခုန်တက်၊ ခုန်ဆင်းပြုလုပ်ခြင်း၊ ခေါင်မိုးပေါ် တက်စီးခြင်း၊ ရထားသံလမ်းပေါ် အိပ်ခြင်း ၊ ထိုင်ခြင်း ၊ ကျောပေးလမ်းလျှောက်ခြင်းနှင့် သေကြောင်းကြံခြင်းတို့ကြောင့် ဖြစ်ပွားလေ့ရှိသော်လည်း ယင်းတို့အနက် ရထားလာစဉ် သတိမမူဘဲ လမ်းဖြတ်ကူးခြင်းကြောင့် အများဆုံးဖြစ်ပွားခဲ့ကြောင်း သိရသည်။

မြန်မာ့မီးရထားအနေဖြင့် သတိမမူဘဲ လမ်းဖြတ်ကူးမှုကြောင့် မတော်တဆမှု လျော့နည်းလာစေရန် လူသွားလာများသည့် အဓိက နေရာတို့တွင် လူကူးခုံးကျော်တံတား အသစ်များကို ထပ်မံတည်ဆောက်ခြင်း၊ တံတားဟောင်းများ ပြန်လည်ပြင်ဆင်မွမ်းမံခြင်း တို့ကို ဆောင်ရွက်လျက်ရှိကြောင်း ဦးကျော်စိုးလင်းက ပြောသည်။

ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးရထားလမ်းပိုင်းများတွင် ဘူတာ ၅၅ ခုရှိပြီး တွဲဆိုင်း ၂၃ ဆိုင်းဖြင့် နေ့စဉ် ၂၁၅ ခေါက်ပြေးဆွဲလျက်ရှိရာ တစ်ရက်လျှင် ခရီးသွားပြည်သူ ပျမ်းမျှခုနစ်သောင်းကျော် လိုက်ပါစီးနင်းလျက်ရှိကြောင်း သိရသည်။

**သတင်း-ဇော်ကြီး(ပဏီတ)**
**ဓာတ်ပုံ-ဖေဇော်**

○

## နည်းပညာ

### အွန်လိုင်းရုပ်သံလွှင့်လိုင်း Netflix အား မြန်မာပြည်တွင်စတင်သုံးစွဲနိုင်ပြီ

ကမ္ဘာ့ထိပ်တန်း အွန်လိုင်းရုပ်သံလွှင့်လိုင်းဖြစ်သည့် Netflix အား မြန်မာနိုင်ငံတွင် အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ Netflix ရုပ်သံလွှင့်လိုင်းမှတစ်ဆင့် ရုပ်ရှင်ဇာတ်ကားများ၊ Documentary များ၊ ရုပ်သံဇာတ်လမ်းတွဲများ၊ နိုင်ငံတကာမှ ထုတ်လွှင့်လျက်ရှိသော ရုပ်သံအစီအစဉ်များစွာကို စမတ်တီဗီများ၊ ကွန်ပျူတာများ ၊ စမတ်ဖုန်းနှင့် တက်ဘလက်များ၊ Play Stations, Xbox ,Chromecast, Apple TV စသည်တို့မှ ကြည့်ရှုနိုင်မည်ဖြစ်သည်။ ကွန်ပျူတာများတွင် Netflix.com မှကြည့်ရှုနိုင်သကဲ့သို့ စမတ်ဖုန်း၊ တက်ဘလက်များနှင့် စမတ်တီဗီများတွင် Netflix apps ကိုတင်၍ ကြည့်ရှုနိုင်မည်ဖြစ်သည်။




Netflix account ပြုလုပ်က Basic , Standard နှင့် Premium plan များကို ရယူနိုင်ကြမည်ဖြစ်ပြီး Basic plan အတွက် လစဉ်ကြေး USD 7.99 , Standard plan အတွက် လစဉ်ကြေး USD 9.99 နှင့် Premium အတွက် လစဉ်ကြေး USD 11.99 ကျသင့်မည်ဖြစ်သည်။အဆိုပါ ဈေးနှုန်းများသည် ယခုနှစ် ဖေဖော်ဝါရီ ၇ ရက်နေ့ မတိုင်မီ ဈေးနှုန်းများဖြစ်သည်။ မိမိရယူထားသော plan များကို upgrade လုပ်နိုင်သလို owngrade လည်း လုပ်နိုင်မည်ဖြစ်သည်။ မြန်မာပြည်မှ Netflix plan များကို ရယူလိုပါက https://www.netflix.com/getstarted, locale=en-MM တွင်ဝင်ရောက်ပြီး ရယူအသုံးပြုနိုင်မည်ဖြစ်သည်။

**(ငြိမ်းချမ်း)**

# တစ်ပတ်ရစ်ဈေးကွက်၌ အိုင်တီနှင့်ဆက်စပ်ပစ္စည်းများ ရောင်းအားကောင်း

မြန်မာနိုင်ငံတွင် တန်ဖိုးနည်းဖုန်းကတ်များ သုံးစွဲလာသည်နှင့်အမျှ အင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြသည်။ အွန်လိုင်းမှ လူမှုဆက်ဆံရေးတစ်ခုတည်းအတွက်မဟုတ်ဘဲ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်သည်အထိပင် အသုံးပြုလာကြကြောင်း တွေ့ရသည်။ မြန်မာပြည်၏ တစ်ပတ်ရစ်ဈေးကွက်တွင် ၂၀၁၅ ခုနှစ် တစ်နှစ်ပတ်လုံးအတွင်း ရောင်းအားအကောင်းဆုံးနှင့် စိတ်ဝင်စားမှုရှိသည့် ပစ္စည်းများမှာ အိုင်တီနှင့် ဆက်စပ်ပစ္စည်းများဖြစ်ကြောင်း အွန်လိုင်းဈေးကွက်တစ်ခုဖြစ်သည့် www.ads.com.mm က ထုတ်ပြန်ခဲ့သည်။

" မြန်မာပြည်တွင်းမှာ တစ်နှစ်အတွင်း အိုင်တီပိုင်းဆိုင်ရာတွေ အများကြီး တိုးတက်ပြောင်းလဲလာတာ တွေ့ရတယ်။ အိုင်တီပိုင်းနဲ့ အလုပ်လုပ်ကိုင်လိုတဲ့လူငယ်တွေလည်း ပိုမိုများပြားလာတာတွေ့ရတယ်။ တယ်လီနော နဲ့ Net Monday လို အစီအစဉ်တွေလည်း ပေါ်ထွက်လာတဲ့အတွက် လူငယ်တွေရဲ့စိတ်ဝင်စားမှုတွေ ပိုမိုမြင့်မားလာတာကိုပါ တွေ့ရှိရတယ်။ အိုင်တီပစ္စည်းတွေကို ဈေးသက်သက်သာသာနဲ့ ရနိုင်တဲ့ တစ်ပတ်ရစ်ဈေးကွက်က ပစ္စည်းဆိုရင် မိုဘိုင်းဖုန်းက လူကြိုက်အများဆုံးနဲ့ရောင်းအားအကောင်းဆုံးကဏ္ဍဖြစ်ပါတယ်။ ဒီအထဲမှာ ဆမ်ဆောင်းနဲ့အိုင်ဖုန်းက လူကြိုက်အများဆုံးပစ္စည်းတွေဖြစ်တယ်။ Laptop မှာဆိုရင် Lenovo နဲ့ Hp ကို လူကြည့်အများဆုံးဖြစ်တာကို တွေ့ရပါတယ်" ဟု www. ads .com.mm ၏ ဈေးကွက်ဆိုင်ရာ အကြီးအကဲဖြစ်သူ Mr. Elijah Htang က ပြောသည်။

"မြန်မာ့ဆက်သွယ်ရေးဆင်းကတ်တွေကို ဈေးသက်သက်သာသာနဲ့ရလာတဲ့အပြင် နိုင်ငံခြားဆက်သွယ်ရေးလုပ်ငန်းကြီးနှစ်ခု ဖြစ်တဲ့ တယ်လီနောနဲ့ အော်ရီဒူးတို့ရဲ့ လုပ်ဆောင်ချက်တွေကြောင့် မြန်မာ့ဆက်သွယ်မှု ကောင်းမွန်လာပြီး အင်တာနက်သုံးစွဲမှုတွေပါ မြင့်တက်လာတဲ့အတွက် အိုင်တီနဲ့ ဆက်စပ်ပစ္စည်းတွေဟာ ရောင်းအားအကောင်းဆုံးနေရာမှာ ရောက်ရှိနေတာ ဖြစ်ပါတယ်။

ဒုတိယနေရာမှာ တစ်ပတ်ရစ်ကားနဲ့ လုပ်ငန်းသုံးအရောင်းကားရောအငှားကားပါ ကောင်းမွန်တဲ့အခြေအနေကို တွေ့ရှိရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဝက်ဘ်ဆိုက်မှာ မိုဘိုင်းဖုန်းနဲ့ ဆက်စပ်ပစ္စည်းပေါင်း ၂၂၀၀၀ ကျော်ကို ရှာဖွေနိုင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အွန်လိုင်းစီးပွားရေးလုပ်ငန်း မြင့်တက်လာမှုနှင့်အတူ လူလတ်ပိုင်း၊ လူငယ်ပိုင်းအများစုမှာ စိတ်ဝင်စားမှု မြင့်တက်လာကြောင်း လက်ရှိတွင် အိုင်တီလုပ်ငန်းနယ်ပယ်၌ လူငယ် ၇၅ ရာခိုင်နှုန်းကျော် လုပ်ကိုင်နေကြောင်း ၊ ၂၀၁၆ ခုနှစ်တွင်လည်း အိုင်တီနှင့်ဆက်စပ်ပစ္စည်းများမှာ စီးပွားရေးနယ်ပယ်တွင် အလားအလာ အကောင်းဆုံး စီးပွားရေးထုတ်ကုန်များဖြစ်ကြောင်း နိုင်ငံတကာစီးပွားရေးသုံးသပ်သူများက ထုတ်ပြန်ထားကြောင်း သိရသည်။

**(မွန်ဦးနဒီ)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြော

**ကျောက်တန်း ဇန်နဝါရီ ၈**

ရန်ကုန်တောင်ပိုင်းခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့စု ၅၄ ကျောက်တန်းမြို့နယ်မှ ဒုရဲမှူး လှကျော်ဦးနှင့် အဖွဲ့သည် ဇန်နဝါရီ ၉ရက် ညနေ ၃နာရီခွဲက တံတားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဆိုင်ကယ် ယာဉ်မောင်း ၄၀ အား မော်တော်ယာဉ်ဥပဒေသစ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို (ပရိုဂျက်တာ)ဖြင့် လက်တွေ့ဟောပြောဆွေးနွေးအသိပညာပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ အဖွဲ့သည် အခါအားလျော်စွာ စာသင်ကျောင်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောလျက်ရှိကြောင်းသိရသည်။

**အောင်ဆွေ(ရွှေတံတား)**



# အမက(မယင်းကြီး)စုံညီပွဲတော်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

၂၀၁၅-၂၀၁၆ ပညာရေးစုံညီပွဲတော်နှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲကို နေပြည်တော် ဇေယျာသီရိမြို့နယ် ခေတ်အေးအုပ်စု မယင်းကြီးကျေးရွာ အမှတ်(၁၂၈)အခြေခံပညာ မူလတန်းကျောင်းတွင် ဇန်နဝါရီ ၈ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားကို ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး တာဝန်ရှိသူများက အမှာစကားပြောကြားကြသည်။ ထို့နောက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် စတုတ္ထတန်းအောင်ချက်ရာနှုန်းပြည့် အောင်မြင်အောင် သင်ကြားပို့ချပေးခဲ့သော ဆရာမ ဒေါ်ဥမ္မာမြင့်အား ဒုတိယမြို့နယ်ပညာရေးမှူးက ထူးချွန်ဆုပေးအပ်သည်။ ဆက်လက်၍ အတန်းလိုက် ပညာရည်ထူးချွန်ဆုနှင့် ကျောင်းတွင်းအားကစားဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား အလှူရှင်အသီးသီးက ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ကျေးရွာတာဝန်ရှိသူများ၊ မိဘဆရာများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**သတင်းနှင့်ဓာတ်ပုံ- ကိုမင်း၊ ကိုရှိုင်း**

# ယိုမင်၏ တစ်ကိုယ်တော် တေးသီချင်းသစ် ထွက်ရှိနိုင်ရန် စီစဉ်နေ

တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် "T-ara"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ယိုမင်သည် သူ၏တစ်ကိုယ်တော်တေးသီချင်းသစ်ကို လာမည့်မတ်လအတွင်းထွက်ရှိနိုင်ရန် စီစဉ်လျက်ရှိကြောင်း သူ၏အေဂျင်စီ အမ်ဘီကေအန်တာတိန်းမန့်က ပြောကြားခဲ့သည်ကို စွန်ပီဒေ့ါကွန်းတွင် ဖော်ပြခဲ့သည်။

ယိုမင်သည် သူ၏ တစ်ကိုယ်တော်တေးသီချင်းသစ်ကို ယခုနှစ်ဖေဖော်ဝါရီလအတွင်းထွက်ရှိနိုင်ရန် စီစဉ်ခဲ့သော်လည်း တရုတ်နိုင်ငံ၌ ပြုလုပ်လျက်ရှိသော ဖျော်ဖြေရေးပွဲစဉ်များကြောင့် နှောင့်နှေးခဲ့ရခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ်က ထွက်ရှိခဲ့သော ယိုမင်၏ တစ်ကိုယ်တော်တေးသီချင်း "Nice Body" သည် ပရိသတ်အားပေးမှုကို အထိုက်အလျောက်ရရှိခဲ့ရာ ယခုတစ်ကြိမ်တွင်လည်း သူ၏ဖျော်ဖြေတင်ဆက်မှုများကို ပရိသတ်များက ရင်ခုန်စောင့်စားလျက်ရှိကြောင်း သိရသည်။



# Furious 8 ကို ကျူးဘားတွင် သွားရောက်ရိုက်ကူးမည်



ယခုနှစ် "People's Choice Awards"ဆုပေးပွဲကြီးတွင် အကောင်းဆုံးရုပ်ရှင်နှင့် အက်ရှင်ရုပ်ရှင်ဟူသည့် ရုပ်ရှင်ထူးချွန်ဆုနှစ်ဆုကို သိမ်းပိုက်နိုင်ခဲ့သော "Furious 7"ရုပ်ရှင်အပြီး နောက်လာမည့် Fast and Furious ရုပ်ရှင်ဇာတ်လမ်းတွဲများ၏ ရုပ်ရှင်သစ် "Furious 8"ကို ဟောလိဝုဒ်ရုပ်ရှင်များတွင် တွေ့မြင်ရခဲသော ကျူးဘားနိုင်ငံတွင် သွားရောက်ရိုက်ကူးရန် ရည်ရွယ်ထားကြောင်း အေ့စ်ရှူးဘေ့စ်ဒေ့ါကွန်းတွင် ဖော်ပြခဲ့သည်။

ထိုသို့ ကျူးဘားတွင် သွားရောက်ရိုက်ကူးရန် ယင်းရုပ်ရှင်၏ဒါရိုက်တာ အက်ဖ်ဂါရေးဂရေးက စတင်စိတ်ကူးရခဲ့ခြင်းဖြစ်သည်။ သို့သော်လက်တွေ့တွင် သွားရောက်ရိုက်ကူးနိုင်ရန်အတွက် ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးက အမေရိကန်နှင့် ကျူးဘားနှစ်နိုင်ငံအကြား သဘောတူညီမှုရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ယင်းရုပ်ရှင်သစ်တွင် အဓိကဇာတ်ဆောင်တစ်ဦးဖြစ်သော မင်းသားကြီးဗင်ဒီဇယ်လ်သည် ပြန်လည်ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကာ အဆိုပါရုပ်ရှင်သစ်ကို ၂၀၁၇ ခုနှစ် ဧပြီ ၁၄ ရက်တွင် မြောက်အမေရိက၌ စတင်ရုံတင်သွားမည်ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၅ခုနှစ်တွင် "Furious 7"ရုပ်ရှင်ကို ရုံတင်မပြသမီရက်ပိုင်းအလိုက ယင်းရုပ်ရှင်တွင် အဓိကသရုပ်ဆောင်တစ်ဦးအဖြစ်ပါဝင်ခဲ့သော မင်းသား ပေါလ်ဝေါ့ကာသည် ယာဉ်တိုက်မှုကြောင့် ဆုံးပါးသွားခဲ့သည်။

# "Game Of Thrones" ရုပ်ရှင်သစ် ထုတ်လွှင့်ပြသမည့်ရက်ကြေညာ



ဟောလိဝုဒ်ရဲ့ ပရိသတ်အားပေးခံရတဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တွေထဲက တစ်ခုဖြစ်သော "Game Of Thrones"ရုပ်ရှင်၏ ရာသီသစ်တွင် ပြသမည့်ရက်ကို တရားဝင်ထုတ်ပြန်ကြေညာလိုက်ကြောင်း အမ်တီဗွီနယူးစ်တွင် ဖော်ပြခဲ့သည်။

ပဒေသရာဇ်ခေတ်က နယ်မြေများကို ပိုင်စိုးခဲ့ကြသော နယ်မြေခေါင်းဆောင်များအကြား အင်ပါယာတစ်ခုလုံး၏ထီးနန်းကို ရယူလိုသည့်အတွက် အကြိမ်ကြိမ်ဖြစ်ပွားခဲ့ရသော တိုက်ပွဲများအကြောင်းကို ဇာတ်အိမ်၊ ဇာတ်လမ်း ခိုင်ခိုင်မာမာဖြင့် ပြောင်မြောက်သည့် ကွန်ပျူတာဖန်တီးချက်များနှင့်အတူ ဖန်တီးရိုက်ကူးထားသော ယင်းရုပ်ရှင်၏ ဇာတ်လမ်းတွဲများကိုပြသလာခဲ့ရာ ယခုနှစ်ရာသီတွင် ဆဋ္ဌမမြောက်ရာသီသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ ယခုနှစ်ရာသီအတွက် ယင်းရုပ်ရှင်ကို HBO ရုပ်သံလိုင်းမှ ဧပြီ ၂၄ ရက်မှစတင်ကာ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်ရာသီတွင် ပြသခဲ့သော နောက်ဆုံးရုပ်ရှင်၌ ယင်းရုပ်ရှင်၏ဇာတ်လိုက်တစ်ဦးဖြစ်သူ ဂျွန်စနိုးသည် လျှို့ဝှက်ချက်တစ်ခု ဖြစ်နေခဲ့သည်။ ဂျွန်သေသည်၊ မသေသည်ကို သေသေချာချာ ဖော်ပြခဲ့ခြင်းမရှိပေ။ ထို့ကြောင့် ရာသီသစ်တွင် ဂျွန်စနိုးသည် အဆိုပါရုပ်ရှင်တွင် စိတ်ဝင်စားခြင်း အခံရဆုံး ဇာတ်ကောင်တစ်ဦးဖြစ်လာခဲ့သည်။

"Game Of Thrones"ရုပ်ရှင်များ၏ ယခုပြသမည့် ဆဋ္ဌမမြောက်ရာသီအတွက် ရုပ်ရှင်သစ်များအား ထုတ်လွှင့်မည့်ရက်ကို ပြီးခဲ့သည့် ၂၀၁၅ ဒီဇင်ဘာမှ စတင်၍ အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ဆိုင်းလာခဲ့ရာ ယခုအကြိမ်မှသာ တရားဝင်ကြေညာနိုင်ခဲ့ခြင်းဖြစ်သည်။

ဧ အေးပြည့် - စုစည်းသည်။

# တေလာကင်နီဖွင့်ပြောလာတဲ့ လေဒီဂါဂါနဲ့ လက်ထပ်ပွဲ



ဟောလိဝုဒ်နာမည်ကျော်စုံတွေထဲက တစ်တွဲအပါအဝင်ဖြစ်တဲ့ မင်းသားတေလာကင်နီနဲ့ ဖျော်ဖြေတင်ဆက်မှုအပိုင်းမှာ တစ်မူထူးခြားတဲ့ ပေါ့ပ်အဆိုတော်လေဒီဂါဂါတို့စုံတွဲဟာ ပြီးခဲ့တဲ့နှစ်အတွင်းမှာ စေ့စပ်ခဲ့ကြသူတွေပါ။ "People's Choice Awards"ဆုပေးပွဲကြီးအပြီးမှာ ကျင်းပခဲ့တဲ့ ပါတီပွဲမှာ ဒေးလီးမေးလ်သတင်းစာနဲ့ အင်တာဗျူးတစ်ခုပြုလုပ်ခဲ့စဉ်မှာတော့ ကင်နီက သူ့အနေနဲ့ လေဒီဂါဂါအတွက် လက်ထပ်ဖို့အစီအစဉ်ကို သူ့ဘက်က အဆင်သင့်လမ်းဖွင့်ပေးထားကြောင်းနဲ့ ဂါဂါဘက်က ဆုံးဖြတ်ချက်ချရန်သာလိုကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး သူက လက်ထပ်ပွဲအတွက် လိုအပ်သည်များကိုလည်း စီစဉ်လျက်ရှိပြီး လက်ထပ်မည့်ရက်ကိုမူ နှစ်ဦးသဘောတူ အတိအကျ မသတ်မှတ်ရသေးကြောင်း ပြောကြားခဲ့ပါတယ်။ များပြားလှသည့် သူတို့နှစ်ဦး၏ အနုပညာလုပ်ငန်းများကြောင့် လက်ထပ်မည့်ရက်မှာ ဟိုရက်ရွှေ့လိုက်၊ ဒီရက်ရွှေ့လိုက် ဖြစ်နေရကြောင်းနဲ့ သူတို့နှစ်ဦးရဲ့ လက်ထပ်ပွဲမှာ ပရိသတ်အတွက် အံ့အားသင့်ဖွယ်ဖြစ်လာလိမ့်မယ်လို့လည်း ကင်နီက ဆိုခဲ့ပါတယ်။

"Chicago Fire"ရုပ်ရှင်၏ အဓိကသရုပ်ဆောင်မင်းသား ကင်နီသည် ဇန်နဝါရီ ၆ ရက်က ကျင်းပခဲ့သော ၂၀၁၆ ခုနှစ်အတွက် "People's Choice Awards"ဆုပေးပွဲကြီးတွင် ပရိသတ်အကြိုက်နှစ်သက်ဆုံးသော ရုပ်သံဒရမ်မာသရုပ်ဆောင်ဆုကို ရရှိခဲ့သည်။ ယင်းဆုပေးပွဲ၏ ပါတီပွဲတွင် သတို့သမီးလောင်း လေဒီဂါဂါအနေဖြင့် ကင်နီနဲ့ အတူ မတက်ရောက်နိုင်ခဲ့ခြင်းအပေါ် ကင်နီက "ကျွန်တော်ဆုရတော့ သူ(ဂါဂါ)ကျွန်တော့ဆီကိုဖုန်းဆက်ပါတယ်။ အခုသူလက်စ်ဗီးဂက်စ်မှာရောက်နေပြီး ဖျော်ဖြေပွဲပြုလုပ်နေရတဲ့အတွက် အတူရှိနေချင်ပေမယ့် မဖြစ်နိုင်ခဲ့ကြောင်း ဆိုပါတယ်။ ကျွန်တော်ဆုရတဲ့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောခဲ့ပါတယ်" လို့ ဖွင့်ဟခဲ့ပါတယ်။

ယခုနှစ်ရဲ့ "People's Choice Awards" ဆုပေးပွဲကြီးမှာ ပရိသတ်အနှစ်သက်ဆုံးရုပ်ရှင်သရုပ်ဆောင်(အမျိုးသမီး)ဆုကိုတော့ ၂၀၁၅ခုနှစ် အတွက် အလှဆုံးအမျိုးသမီးရယ်လို့ သတ်မှတ်ခံခဲ့ရတဲ့ မင်းသမီး ဆန်ဒရာဘူးလော့ဒ်က ရရှိခဲ့ပါတယ်။ ပရိသတ်အနှစ်သက်ဆုံးအမျိုးသားရုပ်ရှင်သရုပ်ဆောင်ဆုကိုတော့ မင်းသား ချန်းနင်းမက်သရူးထေတန်က ရရှိခဲ့ပါတယ်။

# ရုပ်မြင်သံကြားအစီအစဉ်များ

[၉ - ၁ -၂၀၁၆ (စနေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၁၅ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော်
- ၇း၃၅ Hyper Sports
- ၈း၃၅ The Farmer
- ၉း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၅ သိပ္ပံနှင့်နည်းပညာအစီအစဉ်
- ၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၅၀ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁း၂၀ တစ်ပတ်အတွင်း လွှတ်တော်သတင်း
- ၁း၅၀ "လူမှန်နေရာမှန်"(အပိုင်း-၄)
- ၂း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၄၄)
- ၂း၃၅ ခြေခြေမြစ်မြစ်နှစ်နှစ် ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ)(အပိုင်း-၁၅၃)
- ၄း၃၅ "အယ်လ်နီညို"
- ၅း၃၅ ကဗျာရိပ်မြုံ
- ၆း၃၅ Business News
- ၇း၁၅ ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်းများ "ရုပ်ရှင်မင်းသမီးနှင်းပွင့်ခိုင်"
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၉း၀၀ ပြည်တွင်းသတင်း -၂၀၁၅-၂၀၁၆ ခုနှစ်အားကစားကာယသိပ္ပံကျောင်းများ၏ အားကစားပြိုင်ပွဲများ -ဂီတတံခါးလေးဖွင့်ပါဦး -ပြည်သူ့နီတိ"သဂြိုလ်ရမြားချက်"

## MRTV- 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ပရိနိဒါန်း၊ မင်္ဂလသုတ်
- ၅း၄၀ "ဝိပဿနာကျင့်စဉ် အလုပ်ပေးတရား" (အပိုင်း-၁) တရားတော် (ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာ လာဘိဝံသ)
- ၈း၀၀ Cartoon Series (English Playground)
- ၈း၃၅ Cartoon view
- ၈း၅၅ Drive It
- ၁၁း၀၅ Star တို့ရဲ့လက်ရာ
- ၁၁း၄၀ MRTV-4 Stage
- ၁၁း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၇+၈)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [အတို့အလှည့် (အပိုင်း-၃)]
- ၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး (အပိုင်း-၆၆)
- ၄း၄၅ Fashion Week
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၆၇)
- ၇း၅၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ကာမန္တ(အပိုင်း-၁)]
- ၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၉၀)
- ၉း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၉+၁၀)
- ၁၁း၁၅ Forever Music Tribute Bossa (အပိုင်း-၄)

## မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၀ မေတ္တာပို့
- ၆း၁၆ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှား အားကစား
- ၆း၃၅ မျိုးချစ်တပ်မတော်
- ၇း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၅ မွေးမြူသုတ
- ၈း၂၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၁၁း၀၀ English for Myanmar
- ၁၁း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
- ၁၂း၀၀ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -ချွန်စက် (စည်ဖြိုး၊ ခင်ဝင့်ဝါနှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-မီးပွား)
- ၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မေတ္တာအသင်္ချေ (အပိုင်း-၂၄)
- ၂း၃၀ သံစဉ်များနှင့်ကမ္ဘာ
- ၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၄၅ ကျန်းမာသုတ
- ၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂါလီမာ (အပိုင်း-၉၃)
- ၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
- ၆း၁၀ စားဖိုဆောင်ချစ်သူ
- ၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်နှစ်သီးခြာချစ်လိပ်ပြာ (အပိုင်း-၅၆) - လူ့ရှင်တော်စတား - ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရာဇဝင်တွင်မည့်နိမိတ်သခင် (အပိုင်း-၃၃)

## အားကစား

# ဆွာရက်ဇ်ကို ပြန်ခံစားစေဖို့ အသင့်စောင့်နေတယ်ဆိုတဲ့ အက်စ်ပန်ညို

မေလှဲ့သင်း
ရေးသားသည်





ဆွာရက်ဇ်ကို ဘာကြောင့် အက်စ်ပန်ညိုအသင်းသားတွေက ပွဲပယ်ပြစ်ဒဏ်မကျခံစေချင်ရတာလဲ။ ကိုပါဒယ်ရေးပွဲစဉ်မှာ လူနှစ်ယောက်လျော့ အနေအထားကြောင့်သာ ဘာစီလိုနာကို ဂိုးပြတ်အရေးနိမ့်ခဲ့ရတာဖြစ်ပြီး အဝေးဂိုးတစ်ဂိုးက ဘာစီလိုနာကို တံ့ပြန်ဖို့ လုံလောက်တဲ့အင်အားလို့ ယုံကြည်တဲ့အတွက် ဒုတိယအကျော့မှာ ဆွာရက်ဇ်ကို ပွဲပယ်ပြစ်ဒဏ်ကျခံစေချင်တဲ့ဆန္ဒမရှိဘဲ သူတို့ ဘာလုပ်ပြမလဲဆိုတာ စောင့်ကြည့်စေချင်တဲ့ ဆန္ဒတွေ အက်စ်ပန်ညိုအသင်းသားတွေအနေနဲ့ ပြင်းထန်နေတယ်လို့ သိရပါတယ်။

ဒီပွဲမှာ အက်စ်ပန်ညိုက ဘာစီလိုနာကို လေးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။အက်စ်ပန်ညိုမှ ဟာနန်ပီရက်ဇ်က နှစ်ဝါတစ်နီနဲ့ အထုတ်ခံခဲ့ရသလို ဒီယော့ပ်ကလည်း ဆွာရက်ဇ်ကို အဖျက်ကြမ်းခဲ့လို့ တိုက်ရိုက်အနီကတ်နဲ့ ထုတ်ပယ်ခံခဲ့ရပြီး လက်ကျန်ပွဲချိန်တွေမှာ ကိုးယောက်တည်းနဲ့ ဘာကာကို ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။

ပွဲစဉ်အပြီးမှာ ဘာစီလိုနာတိုက်စစ်မှူး ဆွာရက်ဇ်က ဒီယော့ပ်နဲ့ အခြား အက်စ်ပန်ညိုအသင်းသားတွေကို စတင်စိန်ခေါ်ပြီး ရန်စခဲ့တာဖြစ်ပါတယ်။ ဒီပွဲကို ကြီးကြပ်ခဲ့သူဒိုင်လူကြီး ဂျူအန်မာတီနက်ဇ်ရဲ့ အစီရင်ခံစာအရ အဝတ်လဲခန်းအသွား ဥမင်လျှောက်လမ်းထဲမှာ ဆွာရက်ဇ်က အက်စ်ပန်ညိုအသင်းသားတွေ ပြန်လည်ဝင်ရောက်လာချိန်ကို စောင့်ဆိုင်းပြီးပြဿနာရှာခဲ့တယ်လို့ သိရပါတယ်။ ပြီးတော့နှုတ်ကလည်း "အေး. . . မင်းတို့တွေကို စောင့်နေတာကြာပြီ။ လာလေ. . . . ငါနဲ့တွေ့မယ်။ အလကားလူတွေ"စတဲ့ ကြမ်းတမ်းတဲ့ စကားတွေနဲ့ စတင်စိန်ခေါ်ပြီး ပဋိပက္ခအသွင်ဖြစ်စေဖို့ မီးမွှေးခဲ့တာဖြစ်ပါတယ်။

အဲဒီနောက် ဘာကာကစားသမားတွေဖြစ်တဲ့ နေမာ၊ မာရှေယာနို၊ မူနာအယ်လ် ဟက်ဒါဒီတို့လည်း ဒီပြဿနာထဲမှာ ပါဝင်ခဲ့ကြပြီးနောက် နှစ်ဖက်အသင်းသားတွေပါ ပါဝင်လာတဲ့ ပဋိပက္ခအခြေအနေဆီကို ရောက်ရှိသွားခဲ့ပါတယ်။ ဒါကြောင့် လုံခြုံရေးတာဝန်ယူထားသူတွေက လူစုခွဲပြီး အခြေအနေကို ငြိမ်သက်အောင်ဆောင်ရွက်ခဲ့ရပါတယ်။ အနီကတ်နဲ့ ထုတ်ပယ်ခံရသူ ဒီယော့ပ်က ကွင်းထဲမှ မထွက်ခွာရမီ ဆွာရက်ဇ်ကို "ပြည့်တန်ဆာမရဲ့သား"လို့ ပြောခဲ့တာကြောင့် ဆွာရက်ဇ်က မခံမရပ်နိုင်ဖြစ်ပြီး အခုလို ပြဿနာရှာခဲ့တာဖြစ်ပါတယ်။

ပွဲအပြီးမှာ တစ်ဖက်နဲ့ တစ်ဖက်ဝေဖန်မှုတွေရှိနေပြီး စပိန်ဘောလုံးအဖွဲ့ချုပ်က ဆွာရက်ဇ်ကို သေချာပေါက် ပွဲပယ်ပြစ်ဒဏ်ချမှတ်ဖို့စီစဉ်နေပါတယ်။ ဒါပေမယ့် အက်စ်ပန်ညိုအသင်းသားများအနေနဲ့ ဆွာရက်ဇ်ကိုပွဲပယ်ပြစ်ဒဏ်ကျခံစေလိုတဲ့ ဆန္ဒမရှိဘဲ လာမယ့်ဇန်နဝါရီ ၁၃ ရက်မှာ ယှဉ်ပြိုင်ကစားမယ့် ဒုတိယအကျော့ပွဲစဉ်မှာ သူတို့ဘာလုပ်ပြနိုင်လဲဆိုတာကို သက်သေပြပြီး ဆွာရက်ဇ်နဲ့ ဘာစီလိုနာအသင်းသားတွေ ပြန်လည်ခံစားစေဖို့ ဆန္ဒရှိနေတယ်လို့ ဆိုပါတယ်။

အက်စ်ပန်ညိုအသင်းသားတွေက သူတို့အနေနဲ့ ကိုးယောက်သာ ကျန်ရှိခဲ့တဲ့အနေအထားမှာ ဘာကာ တိုက်စစ်မှူး နေမာရဲ့ လမ်ဘရက်တာအပေါ် ပြုမူခဲ့တဲ့ ကိစ္စရပ်အပေါ်လည်း အတော်လေးမကျေမနပ်ဖြစ်နေတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ အိမ်ကွင်းအယ်ပရက်ဂ်မှာ အိမ်ရှင်ပရိသတ်တွေအင်အားနဲ့ ဘာကာကို ပြန်လည်တုံ့ပြန်ဖို့ ကြိုးစားနေတာဖြစ်ပါတယ်။ ဒါပေမယ့် ဘာစီလိုနာနည်းပြ အန်းနရစ်က အက်စ်ပန်ညိုအသင်းအနေနဲ့ လူ ၄၀၀၀၀ လောက်ပဲ ဆန့်တဲ့ကွင်းလေးမှာ ဘာမှဖြစ်ဖြစ်မြောက်မြောက်လုပ်ပြနိုင်ဖို့ မရှိဘူးလို့ လှောင်ပြောင်စကားဆိုခဲ့ပါတယ်။

ဆွာရက်ဇ်ဟာ အမြဲပြဿနာရှာနေတတ်တဲ့ ကစားသမားဖြစ်ပြီး ကမ္ဘာ့ဖလားလို ပွဲမျိုးမှာတောင် ချီလီနီကို ကိုက်ခဲ့တဲ့အတွက် ကာလကြာရှည်ပွဲပယ်ပြစ်ဒဏ်ချခံခဲ့ရသူ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဘာစီလိုနာက ဆွာရက်ဇ်နဲ့ စာချုပ်ချုပ်ဆိုကတည်းက ထိန်းသိမ်းရမယ့် စည်းမျဉ်းစည်းကမ်းတွေနဲ့ ဒီစည်းမျဉ်းတွေကို ချိုးဖောက်ရင် လျှော့ပေါ့ခံရမယ့် လစာကိစ္စတွေကို သီးသန့်ထည့်သွင်းထားခဲ့တာပါ။ ခုဖြစ်လာတဲ့ ကိစ္စရပ်မှာလည်း အက်စ်ပန်ညိုအသင်းသားတွေက လူနှစ်ယောက် အထုတ်ခံခဲ့ရပေမယ့် အခြေအနေကို ငြိမ်းငြိမ်းချမ်းချမ်းပြီးစေဖို့သာ ဆန္ဒရှိခဲ့တာ ထင်ရှားပါတယ်။ ဒါပေမယ့်လည်း ဆွာရက်ဇ်ဘက်က ပြုမူခဲ့တဲ့ လုပ်ဆောင်ချက်ကြောင့်သာ မလိုလားအပ်တဲ့နောက်ဆက်တွဲကိစ္စရပ်တွေ ဖြစ်လာခဲ့တာဖြစ်ပါတယ်။

အက်စ်ပန်ညိုအသင်းသားတွေ ဘယ်လိုစိတ်ဆန္ဒတွေရှိနေပါစေ။ အားကစားပြိုင်ပွဲဆိုတာ အများရဲ့ စံပြအတုယူစရာ အသိုက်အဝန်းဖြစ်တာကြောင့် ဆွာရက်ဇ်အနေနဲ့ ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရဖို့ကတော့. . . ။

## အားကစားနှင့် ကာယပညာသိပ္ပံကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

မြန်မာ့အားကစား ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ်ထွက်ပေါ်လာစေရန် ရည်ရွယ်၍ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများကို (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး) မြို့များ၌ ဖွင့်လှစ်ထားရှိခဲ့ရာ အဆိုပါကျောင်းများရှိ ကျောင်းသားအားကစားသမားများ နှစ်စဉ်တိုးတက်မှုရရှိစေရန်အတွက် ပြိုင်ပွဲများကျင်းပလျက်ရှိရာ ၂၀၁၆ ခုနှစ် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ အားကစားပြိုင်ပွဲကို ဒုတိယနေ့အဖြစ် ယနေ့ နံနက် ၇နာရီမှစ၍ နေပြည်တော်ရှိ အားကစားကွင်း/အားကစားရုံများ၌ ကျင်းပလျက်ရှိပြီး အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသောင်းထိုက်၊ ဦးဇော်ဝင်းတို့နှင့်အတူ လိုက်လံကြည့်ရှုအားပေးကာ ဆုများ ချီးမြှင့်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည်ဒုတိယဝန်ကြီးများနှင့်အတူ နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းအတွင်း၌ ကျင်းပလျက်ရှိသော ပြေးခုန်ပစ်ပြိုင်ပွဲသို့ ရောက်ရှိလာပြီး အမျိုး သား/အမျိုးသမီး မီတာ ၅၀၀၀ လမ်းလျှောက်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၄၀၀ တန်းကျော်အပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး အလျားခုန်ပြိုင်ပွဲများကို ကြည့်ရှုအားပေးပြီး ဆုများရရှိသူများအား ဆုချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝဏ္ဏသိဒ္ဓိ တိုက်ကွမ်ဒိုလေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပသည့် အမျိုးသား/အမျိုးသမီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစား (B) ရုံ၌ ကျင်းပလျက်ရှိသည့် ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲသို့လည်းကောင်း ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုငြိမ်းချမ်းရေး ကိုယ်စားလှယ်များ တည်းခိုနေထိုင်ရန်ကြိုတင် ပြင်ဆင်ထားရှိသော နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းရှိ Cluster (4,5,6) ရှိ တည်းခိုဆောင်များအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

### ပြည်တွင်းလှုပ်ရှားအားကစား

## ရှမ်းယူနိုက်တက်အသင်းကို ကမ္ဘောဇဘဏ်နှင့် SCANIA တို့ ပံ့ပိုးကူညီမည်

ရှမ်းပြည်နယ်ကိုယ်စားပြု ရှမ်းယူနိုက်တက်ဘောလုံးအသင်းကို ၂၀၁၆ ဘောလုံးရာသီအတွက် ကမ္ဘောဇဘဏ်လီမိတက်နှင့် SCANIA ကားကုမ္ပဏီတို့က ပံ့ပိုးကူညီသွားမည်ဖြစ်ပြီး SCANIA ကားကုမ္ပဏီ၏ ပံ့ပိုးကူညီမည့် စပွန်ဆာ စာချုပ်ချုပ်ဆိုပွဲအား ဇန်နဝါရီ ၆ ရက် မွန်းလွဲပိုင်းတွင် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ရှမ်းယူနိုက်တက် ဘောလုံးအသင်း၏ ဝတ်စုံများတွင် ကမ္ဘောဇဘဏ်၏ အမှတ်တံဆိပ်ဖြစ်သော KBZ BANK ကိုရိုက်နှိပ် ဖော်ပြမည် ဖြစ်သလို SCANIA AB အမှတ်တံဆိပ်ကိုလည်း မြင်တွေ့ရမည် ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ရာသီကြိုအသင်းပြင်ဆင်မှုအနေဖြင့် သီဟစည်သူ၊ နေလင်းထွန်း၊ ဟိန်းသီဟဇော် အပါအဝင် မြန်မာ့လက်ရွေးစင်အဆင့် ကစားသမား ခြောက်ဦးကို အားဖြည့်ခေါ်ယူကာ အသင်းအောင်မြင်မှုရရေးအတွက် အထူးပြင်ဆင်လျက်ရှိသည်။ ဇန်နဝါရီ ၁၀ ရက်တွင် ၂၀၁၆ မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်အဖြစ် တောင်ကြီးကွင်း၌ ဟံသာဝတီယူနိုက်တက် အသင်းကို လက်ခံကစားမည်ဖြစ်သည်။ **(ဖိုးသော်ဇင်)**

## ဟာဇက်နေရာ အစားထိုးရန် ချိန်ဘာလိန်ကို ချယ်လ်ဆီးပစ်မှတ်ထား

ချယ်လ်ဆီးအသင်းသည် လာမည့်နွေဈေးကွက်၌ ကလပ်အသင်းမှ ထွက်ခွာနိုင်သည့် ကွင်းလယ်ကြယ်ပွင့် ဟာဇက်နေရာတွင် အာဆင်နယ်ကွင်းလယ်လူ ချိန်ဘာလိန်အား အစားထိုးရန် ကြိုးပမ်းနေသည်ဟု The Sun သတင်းစာက ဖော်ပြသည်။ ဟာဇက်အား ရီးယဲလ်မက်ဒရစ်နှင့် ပီအက်စ်ဂျီအသင်းတို့က ခေါ်ယူရန် ချိတ်ဆက်နေပြီး လာမည့်နွေတွင် အသင်းပြောင်းမည်မှာ သေချာသလောက် ရှိနေပြီဖြစ်သည်။

ချိန်ဘာလိန်မှာလည်း ဒဏ်ရာပြဿနာများကြောင့် အာဆင်နယ်၏ ပထမပွဲထွက်လူစာရင်းတွင် ပါဝင်နိုင်အောင်ကြိုးပမ်းနေရသူဖြစ်ရာ ချယ်လ်ဆီးမှ ကမ်းလှမ်းလာခဲ့လျှင်လည်း အသင်းပြောင်းနိုင်သည်ဟူသော ယူဆချက်များလည်း ထွက်ပေါ်နေသည်။ ထို့ကြောင့် ချိန်ဘာလိန်အား အာဆင်နယ်က ပေးချေသည့် လုပ်ခလစာထက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူရန် ချယ်လ်ဆီးဘက်မှ ကြိုးပမ်းနေခြင်းဖြစ်သည်။

## လေ့ကျင့်ရေးကွင်းတွင် ကော်စတာနှင့် ပြဿနာဖြစ်ပွားခဲ့ခြင်းမရှိဟု အော်စကာငြင်းဆို

လေ့ကျင့်ရေးကွင်း၌ အသင်းဖော် ဒီယေဂိုကော်စတာနှင့် ပြဿနာဖြစ်ပွားခဲ့ရခြင်းကြောင့် လူခွဲခဲ့ရသည်ဟူသော သတင်းများမှာ မမှန်ကန်ကြောင်း ချယ်လ်ဆီး ကွင်းလယ်ကစားသမားအော်စကာက ငြင်းဆိုသွားခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ အော်စကာက "သူ(ကော်စတာ)က ကျွန်တော့် အသင်းဖော်တစ်ဦးဖြစ်သလို အချစ်ဆုံးသူငယ်ချင်းလည်းဖြစ်ပါတယ်"ဟု သူ၏ တွစ်တာစာမျက်နှာ၌ ရေးသားဖော်ပြခဲ့သည်။

ဇန်နဝါရီ ၇ရက်က ပြုလုပ်ခဲ့သော ချယ်လ်ဆီး၏ လေ့ကျင့်ရေးအစီအစဉ်တွင် အော်စကာက ကော်စတာ၏ ဒူးနေရာကို ကြမ်းတမ်းစွာ ဖျက်ထုတ်ခဲ့သည့်အတွက် ပြဿနာစတင်ဖြစ်ပွားခဲ့ရခြင်း ဖြစ်သည်ဟု မျက်မြင်များ၏ ပြောကြားချက်ကို ကိုးကား၍ တယ်လီဂရပ်သတင်းဌာနက ဖော်ပြသည်။

သို့သော် ကော်စတာက သူ၏ အပြုအမူကို အချိန်မီထိန်းနိုင်ခဲ့သဖြင့် ကစားဖော်များက အော်စကာကိုသာ ပြစ်တင်ခဲ့ကြခြင်းဖြစ်သည်။ သို့သော် အော်စကာကမူ ယင်းဖြစ်ရပ်မျိုး ဖြစ်ပွားခြင်းမရှိခဲ့ကြောင်း ငြင်းဆိုခဲ့သည်။

မေ လှဲ့ သင်း




## လီဗာပူးကွင်းလယ်ကစားသမား ကော်တင်ဟို ဖေဖော်ဝါရီလအထိ အနားယူရမည်

ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းမှ ကွင်းလယ်ကစားသမား ကော်တင်ဟိုသည် စတုတ်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ကတ်ပီတယ်ဝမ်းဖလားပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းကြောင့် ဖေဖော်ဝါရီလအထိ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

စတုတ်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့၏ ကတ်ပီတယ်ဝမ်းဖလားပွဲစဉ်တွင် နောက်တန်းကစားသမား ဒီဂျန်နှင့် ကိုလိုတိုရေးတို့သည်လည်း အလားတူတံကောက်ကြောဒဏ်ရာများရရှိခဲ့ကြပြီး အဆိုပါကစားသမားနှစ်ဦးမှာ ကာလတိုအတွင်း လီဗာပူးအသင်းနှင့်အတူ ပြန်လည်ပွဲထွက်လာနိုင်မည်ဖြစ်သည်။

ကိုလိုတိုရေးမှာ လာမည့်အပတ်ထဲတွင် လီဗာပူးအသင်း၌ ပြန်လည်ပွဲထွက်လာနိုင်မည်ဖြစ်သော်လည်း ဒီဂျန်မှာမူ ဇန်နဝါရီ ၁၇ ရက်တွင် ကစားမည့် မန်ယူအသင်းနှင့် ပွဲစဉ်ပြီးမှသာ ပြန်လည်ပွဲထွက်လာနိုင်မည်ဖြစ်သည်။ လီဗာပူးအသင်းသည် လက်ရှိတွင် ဒဏ်ရာရကစားသမားအလွန်များပြားနေပြီး ကော်တင်ဟို၊ ဒီဂျန်၊ စကာတယ်၊ ရိုဆစ်တာ၊ အိုရီဂီနှင့် စတားရစ်ချ်တို့သည် တံကောက်ကြောဒဏ်ရာများရရှိထားကြောင်း သိရသည်။ ထို့ပြင် နောက်ခံလူဆာခိုသည်လည်း ဒဏ်ရာပြဿနာကြုံနေခြင်းကြောင့် လီဗာပူးအသင်းတွင် ပွဲထွက်ကစားနိုင်ခြင်း မရှိသေးပေ။

ကွင်းလယ်ကစားသမား ကော်တင်ဟိုသည် တံကောက်ကြောဒဏ်ရာပြဿနာကြောင့် ဇန်နဝါရီ ၁၃ ရက်တွင် အာဆင်နယ်အသင်းနှင့် ကစားမည့်ပွဲစဉ် ဇန်နဝါရီ ၁၇ ရက်တွင် မန်ယူအသင်းနှင့် ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်၊ ဇန်နဝါရီ ၂၃ ရက်တွင် နော့ဝှစ်ချ်အသင်းနှင့် ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်၊ ဇန်နဝါရီ ၂၆ ရက်တွင် စတုတ်စီးတီးအသင်းနှင့် ကစားမည့် ကတ်ပီတယ်ဝမ်းဖလားဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်၊ ဇန်နဝါရီ ၃၀/၃၁ ရက်တွင် တီဘီစီ အသင်းနှင့် ကစားမည့် အက်ဖ်အေဖလားစတုတ္ထအဆင့်ပွဲစဉ်များတွင် လွဲချော်လိမ့်မည်ဖြစ်ကြောင်း သိရသည်။ **[ငွေကြယ်]**

## အင်းတော်မြို့နယ်အနီး ပါဂျဲဒိုးယာဉ်နှင့် ဆယ်ဘီးယာဉ်တိုက်မိ၊ တစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

**အင်းတော် ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နဘားကျေးရွာအနီး၌ ဇန်နဝါရီ ၇ ရက် နံနက် ၂ နာရီခန့်က ပါဂျဲဒိုးယာဉ်နှင့် ဆယ်ဘီးယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိ၍ အမျိုးသမီးတစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း အင်းတော်မြို့မရဲစခန်းမှ သိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ဇန်နဝါရီ ၇ ရက် နံနက် ၂ နာရီခန့်က မန္တလေးမှ ဖားကန့်သို့ ဖားကန့်မြို့နယ် တာမခန်ရွာနေ သန်းထွန်းအောင် မောင်းနှင်လာသော ပါဂျဲဒိုးယာဉ်သည် အင်းတော်မြို့နယ် နဘားကျေးရွာအနီး မန္တလေး-မြစ်ကြီးနားကားလမ်း မိုင်တိုင်အမှတ် (၁၄၇/၂) သို့ ရောက်ရှိစဉ် ရှေ့မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသည့် ဆယ်ဘီးယာဉ်နှင့် တိုက်မိခဲ့သည်။



ယာဉ်တိုက်မှုကြောင့် ပါဂျဲဒိုးယာဉ်ပေါ်လိုက်ပါလာသူ မန္တလေးမြို့နေ ဒေါ်ခင်မေရီမှာ ရရှိထားသော ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ယာဉ်မောင်း သန်းထွန်းအောင်နှင့် ဖားကန့်မြို့နယ် တာမခန်ရွာနေသူများဖြစ်ကြသော ကိုစိုင်းရွက်၊ ဒေါ်သန်းနု၊ ကိုစိုင်းတို့တွင် ဒဏ်ရာများရရှိသဖြင့် အင်းတော်ဆေးရုံသို့ ပို့ဆောင်ကုသလျက်ရှိကြောင်း သိရသည်။

ဆယ်ဘီးယာဉ်မှာ မောင်းနှင်ထွက်ပြေးသွားပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ အင်းတော်မြို့မရဲစခန်းက အမှုဖွင့် အရေးယူစုံစမ်းလျက်ရှိကြောင်း သိရသည်။

**(၂၃၃)**



အောင်အောင်(ခ)သံလုံးနှင့် ပြည့်စုံအောင်တို့နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## သံဖြူဇရပ်နှင့် တောင်ကြီးမြို့တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၈**

သံဖြူဇရပ်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၃ ရက်က သံဖြူဇရပ်မြို့ အောင်ကုသိုလ်ရပ် သေမင်းတမန် မီးရထားပြတိုက်ရှေ့တွင် အောင်အောင်(ခ)သံလုံး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေနေစဉ် ၎င်းကိုင်ဆောင်သည့် ဖုန်းသို့ ပြည့်စုံအောင်က သံဖြူဇရပ်မြို့ ဗိုလ်နေဝင်းလမ်း ဘီးခွန်ဂိတ်ဟောင်းတွင် ရောက်ရှိနေကြောင်း ဆက်သွယ်လာသဖြင့် ဆက်လက်ရှာဖွေရာ အဆိုပါနေရာတွင် ပြည့်စုံအောင်အား ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိပြီး ၎င်းထံမှ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ကိရိယာများနှင့် မြန်မာကျပ်ငွေ တစ်သိန်းခွဲတို့ကို သိမ်းဆည်းရမိခဲ့သည်။

သံဖြူဇရပ်မြို့ မာလာမြိုင်လမ်းရှိ ပြည့်စုံအောင်၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၅ ပြားနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းတို့ကို ထပ်မံသိမ်းဆည်းရမိသည်။

အလားတူ ဇန်နဝါရီ ၅ ရက်က တောင်ကြီးမြို့ သစ်တောရပ်ကွက် အရှေ့မြို့ပတ်လမ်း အထက(၁)ကျောင်း လမ်းဆုံအနီးတွင် ဆိုင်ကယ်မောင်းနှင်လာသူ သန်းလွင်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၅ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

## ဓါတ်လိုက်နေသူအား ဆွဲရာမှ နှစ်ဦးစလုံး ဓါတ်လိုက်သေဆုံး

**နေပြည်တော် ဇန်နဝါရီ ၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ အေးမြကန်သာရပ်ကွက်၌ ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ခန့်က အုတ်နံရံအား ဘိလပ်မြေကပ်၍ အချောကိုင်ရာမှ အမျိုးသားနှစ်ဦး ဓါတ်လိုက်သေဆုံးကြောင်း ကော့သောင်းမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့က ကော့သောင်းမြို့ အေးမြကန်သာရပ်ကွက်နေ ဦးကျော်သည် အောင်သုခရပ်ကွက် ရွှေဝါထွန်း (၃) လမ်းရှိ ဦးညဏ်ထွန်း၏ နှစ်ထပ်နေအိမ်ရှေ့နံရံအား ဘိလပ်မြေကပ်၍ အလျှားသုံးပေ၊ အနံနှစ်လက်မခန့်ရှိ သံပြားဖြင့် အချောကိုင်နေစဉ် နံရံနှင့် တစ်လက်မခန့်အကွာတွင် သွယ်တန်းထားသည့် လျှပ်စစ်ဓါတ်ကြိုးဖြင့် သံပြားတို့ထိမိကာ ဓါတ်လိုက်ခံခဲ့ရသည်။

ဦးကျော် ဓါတ်လိုက်နေစဉ် သီရိမြိုင်ရပ်ကွက်နေ မျိုးဆန်းက ဝင်ရောက်ဆွဲရာ နှစ်ဦးစလုံး ဓါတ်လိုက် သေဆုံးသွားခြင်းဖြစ်ကြောင်းသိရသဖြင့် ကော့သောင်းမြို့မရဲစခန်းက သေမှုသေခင်းဖွင့်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ရဲပြန်ကြား)**

■

**ပျောက်ဆုံးကြောင်း**

ကျွန်မဒေါ်မြင့်မြင့်ရီ၏ နိုင်ငံကူးလက်မှတ် MA-681801နှင့် ဒေါ်နန်းနေနွယ်ဖုန်းမြင့်၏ နိုင်ငံကူးလက်မှတ် MA-692460 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၂၄၀၆၇၃




## ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ)၏ စာအမှတ် ၁/၂၀၁၆ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ တိုင်းဦးစီးမှူး၊ (ညွှန်ကြားရေးမှူး) ဦးစိုးပိုင်မြင့်အား ဇေယျာစီမံထူးချွန်(ဒုတိယဆင့်) ချီးမြှင့်ခံရသည့်အတွက် ထပ်တူဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

တေဇ(၁၇)ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ

## ကျေးဇူးဥပကာရတင်ရှိခြင်း

ဖေဖေ ကိုအာကာအောင်နှင့် မေမေ မအေးမြတ်သူတို့၏ သမီးဦးရတနာအား ၈-၁-၂၀၁၆ရက်တွင် အောင်မြင်စွာမွေးဖွား သန့်စင်ပေးပါသော တပ်မှူးပါမောက္ခ ဗိုလ်မှူးကြီး ဒေါ်အေးအေးနှင့် ပါရဂူကြီးများ၊ စေတနာအပြည့်ဖြင့် ဝိုင်းဝန်းကူညီပေးကြသော ဆရာဝန်၊ သူနာပြု ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ ဝမ်းမြောက်ကြောင်း သတင်းမေးမြန်းကြသူများကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားများ

ဖေဖေ ကိုအာကာအောင်

မေမေ မအေးမြတ်သူ

## လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် နိုင်ငံတော်သမ္မတက ထိုက်တန်စွာ ပေးအပ်ချီးမြှင့်သော သာသနာတော်ဆိုင်ရာ “သုဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်”ရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ရေကျော်လမ်းမကြီး၊ အမှတ်(၅၃)နေ ဦးမောင်မောင်လေး(မောင်မောင်လေးနှင့်ညီများ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းစု)(နေပြည်တော် သပြေကုန်း၊ တောင်ဒဂုံစက်မှုဇုန်၊ သာကေတ) အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးဒါယကာအဖြစ် ယခုကဲ့သို့ ထောက်ပံ့ရသော အကျိုးကြောင့် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ၍ မင်္ဂလာဖိုလ်နိဗ္ဗာန်မျက်မှောက်ပြုရပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ညီများ- ဦးသန်းစိုး-ဒေါ်သီတာဝင်း
ဦးသိန်းဝင်း-ဒေါ်ဒေဝီ
ဦးရာဂျူး-ဒေါ်တင်တင်လှ

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




**သူ့ကုလားထိုင်**

ပြန်ကြားရေး ဝန်ကြီး ဦးရဲထွဋ်က သူ့ရဲ့ "စာအုပ်မျက်နှာစာ"လူမှုကွန်ရက်စာမျက်နှာမှာ ဇန်နဝါရီ ၃ ရက်က "ကုလားထိုင်များ"ဆိုတဲ့ ခေါင်းစဉ်နဲ့ စာလေးတစ်ပုဒ် တင်ထားပါတယ်။ တစ်ချိန်က (၁၉၇၀ ပြည့်လွန်နှောင်းပိုင်း မှတ်တယ်) ဆရာသိန်းဖေမြင့်ရဲ့ ရှုမဝမဂ္ဂဇင်းပါ "ထိုင်စရာ တစ်နေရာရလေတော့"ဆိုတဲ့ ဝတ္ထုကိုတောင် ပြေးသတိရမိသွားပါတယ်။

အကြောင်းအရာချင်းတူလို့ မဟုတ်ပါဘူး။ ဆရာသိန်းဖေမြင့်က ထောက်ကြံ့က သူ့ခြံဆီအသွား အဲတုန်းက အမှတ် ၉ ကား စီးရင်း ထိုင်စရာမရခင် မတ်တတ်ရပ်လိုက်နေစဉ်က ကြေးများ (ဂျီးများ)နေတဲ့စိတ်၊ ပတ်ဝန်းကျင်ကို ငြူစူတဲ့စိတ်တွေ ဖွဲ့ပြတာနဲ့ စထားပါတယ်။ ပြီးတော့ ထိုင်စရာ နေရာလေးလည်း ရသွားရော ဖောက်ပြန်တဲ့ စိတ်တွေ ပေါ်ပေါက်လာပုံကို ဖွဲ့ထားတဲ့ ဝတ္ထုကောင်းတစ်ပုဒ်ပါ။

ဦးရဲထွဋ်ကတော့ သူ့ရဲ့ ဝန်ထမ်းဘဝအဆင့်ဆင့် ဖြတ်သန်းရပုံနဲ့တကွ ကုလားထိုင်နေရာတွေ ပြောင်းသွားပုံကို ဖွဲ့ပြတယ်။ အဲဒီ ကုလားထိုင်တစ်နေရာအတွက် မလုပ်သင့်တာတွေ လုပ်တတ်ကြတဲ့သူတွေ၊ ကုလားထိုင်တွေ ဘယ်လိုပြောင်းပေမယ့် အကျင့်သီလ မပြောင်းတတ်သူတွေအကြောင်းလေးလည်း ထည့်ထားပါတယ်။ အဲလိုနဲ့ သူရာထူးက အနားယူတဲ့အခါ သူ့အတွက် ကုလားထိုင်က အိမ်ကမိသားစု ထမင်းဝိုင်းက ကုလားထိုင်ပဲ ဖြစ်တော့မှာလို့ အနာဂတ်ကို သူက ကြိုနိမိတ်ဖတ်ထားပါတယ်။ အဲဒီကုလားထိုင်က တာဝန်တွေ၊ ပူပင်မှုတွေ မပါတဲ့ ကုလားထိုင်၊ ချစ်ခြင်းတွေ၊ ကြင်နာခြင်းတွေနဲ့ အေးမြနေမယ့် ကုလားထိုင်လို့ သူက အဆုံးသတ်ထားပါတယ်။

**အခေါ်အဝေါ်**

အစိုးရသစ် လက်ထက်မှာ သည်ဝန်ကြီး ဦးရဲထွဋ်ဟာ စာအုပ်မျက်နှာစာ ဝန်ကြီးလို့ အန္တတ္ထသညာပြုရလောက်အောင်ကို စာအုပ်မျက်နှာစာကို တစိုက်မတ်မတ်သုံးတဲ့သူ ဖြစ်ပါတယ်။ သူတင်သမျှ စာတွေအောက်က မှတ်ချက်ပေးသူတွေ ဘယ်လောက်ရိုင်းပြရိုင်းပြ သူကဖျက်မပစ်၊ လာရေးတဲ့သူကို နောက်လာလို့မရအောင် ကန့်သတ်မပစ်တဲ့ သူ့ရဲ့ ခန္တီပါရမီကို ဩချမိတဲ့အပြင် သိပ်အကဲဆတ်လွယ်တဲ့ ကျွန်တော့်မှာ အတုတောင် ခိုးနေရပါတယ်။ အခု သူ့ရဲ့ စာလေးအောက်မှာလည်း တစ်ယောက်က လာရေးသွားတယ်။ လူနောက်တစ်ယောက်ထင်ပါရဲ့။ ကုလားထိုင်လို့ ရေးမယ့် အစား "အိန္ဒိယထိုင်"လို့ ရေးသင့်ကြောင်း အကြံပြုထားတာပါ။ အဲဒီမှတ်ချက်လေးတွေ့တော့ ပြုံးမိသွားရပါတယ်။

ကုလားကို ကုလားလို့ မခေါ်ကြေးဆိုရင် ကုလားပဲတို့၊ ကုလားထိုင်တို့၊ သရက်သီးကုလားတည်တို့၊ ကုလားအုပ်တို့ပါ လျှောက်ပြောင်းရမလို ဖြစ်ကုန်တာကိုး။ အမှန်က မြန်မာစကားထဲက ကုလားဟာ အိန္ဒိယသာမကဘဲ အာရပ်တွေ၊ ပါရှန်တွေပါ ပါနေတာကို မသိကြတော့ဘူးကိုးဗျာ။ ဒါ့အပြင် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ အီတလီ၊ ပေါ်တူဂီစတဲ့ မျက်နှာဖြူတွေကိုလည်း မြန်မာတွေက ကုလားဖြူလို့ ခေါ်ခဲ့ကြပေတာပဲ။

ထားပါတော့ . . . ကျွန်တော် ပြောချင်တာက အဲဒီ ကုလားထိုင်အကြောင်းသော်လည်းကောင်း၊ ကုလားအကြောင်းသော်လည်းကောင်း မဟုတ်ပါဘူး။ သို့ပေမယ့် အဆက်အစပ်လေးကတော့ အနည်းအပါး ရှိပါတယ်။

**ကျွန်တော့်အတွက် ကုလားထိုင်ထက် အရေးကြီးတာ**

ကျွန်တော့်ဘဝမှာတော့ ဘယ်တုန်းကမှ ကုလားထိုင်အတွက် ရတက်မပွေခဲ့ဖူးဘူးခင်ဗျ။ မပွေခဲ့ဘူးဆို နိုင်ငံ့ဝန်ထမ်း၊ ဒါမှမဟုတ်လည်း လူထုဝန်ထမ်းအလုပ်ကို တစ်ဘဝလုံးမှာ တစ်ခါဆို တစ်ခါမှ မလုပ်ခဲ့ဖူးတာကိုး။ လခစားအလုပ်တော့ လုပ်ဖူးခဲ့ပါတယ်။ သို့ပေမယ့် နိုင်ငံခြား အဖွဲ့အစည်း၊ သံတမန်အဖွဲ့အစည်းတွေမှာ ကော်လာဖြူ ဝန်ထမ်းအဖြစ်သာ လုပ်ဖူးတော့ စကတည်းက ဆုံလည်ကုလားထိုင်နဲ့၊ ကိုယ်ပိုင်ရုံးခန်းနဲ့၊ စားပွဲတင်ကွန်ပျူတာနဲ့သာ အလုပ်လုပ်ခဲ့ဖူးတာပါ။

ရုံးတွင်းအစည်းအဝေးတွေမှာလည်းပဲ နိုင်ငံခြားသားတွေက ကုလားထိုင်ကို သိပ်တခုတ်တရ မလုပ်ကြဘူး။ အစည်းအဝေး ခန်းထဲမှာ သင့်သလို ဝင်ထိုင်တတ်ကြသလို စားပွဲထိပ်မှာ ဘယ်သူရှိရမယ်ဆိုတဲ့ သတ်မှတ်ချက်လည်း မရှိတော့ ကုလားထိုင်က ကျွန်တော့်အတွက် ဘယ်တုန်းကမှ အရေးမပါခဲ့ပါဘူး။ စိတ်ထဲမှာလည်း ပြက်ပြက်ထင်ထင် ရှိမနေခဲ့ဘူး။

ကျွန်တော့်အတွက် အဲဒီကုလားထိုင်ထက် အဆများစွာ အရေးကြီးတာက "ဘိုထိုင်"ဖြစ်ပါတယ်။ ကုလားထိုင်က အရင်ပေါ်ပြီး (ကန်တော့ပါရဲ့) ရေအိမ်မှာ သုံးတဲ့ ဘိုထိုင်က နောက်မှပေါ်လို့ သူ့ကို "ဘိုထိုင်"လို့ ခေါ်လေသလားပဲ။ တချို့ကတော့ ကမုတ်လို့လည်း ခေါ်ကြတယ်။ ဘာလို့ အဲလိုခေါ်မှန်းတော့ ကျွန်တော်လည်း မသိဘူး။ အင်္ဂလိပ် ဝေါဟာရ မဟုတ်ဘူးထင်ပါတယ်။

**ရာဇဝင်နည်းနည်း ချီပါရစေ**

ပြောမယ့်သာ ပြောရတာပါ။ ကျွန်တော် လူဖြစ်ခဲ့တဲ့ ငယ်ဘဝမှာ နေခဲ့ရသမျှ အိမ်တွေ အားလုံးမှာက ကျင်းအိမ်သာနဲ့ ချည်းပါ။ ဒါပေမယ့် လူမှန်းသိချိန်ကယားပြည်နယ်၊ လောပိတမှာ နေရကတည်းက ဘိုထိုင်နဲ့ စတင် ထိတွေ့ခဲ့ဖူးပါတယ်။

ကျွန်တော့်အဖေက သာမန် စာရေးလေးဆိုတော့ ကျွန်တော်တို့ အိမ်မှာတော့ ကျင်းအိမ်သာပဲပေါ့ဗျာ။ သို့သော် ကျွန်တော်နဲ့ ကစားဖက်တွေရဲ့ ဖခင်တွေက အရာရှိ ကြီးကြီးမာစတာတွေ ဖြစ်လေတော့ကာ သူတို့အိမ်တွေမှာ တပ်ဆင်ထားတဲ့ ဘိုထိုင်တွေကို စတင်မြင်ဖူး သုံးဖူးခဲ့တာလည်း ဖြစ်ပါတယ်။ အဲဒီကတည်းက ဘိုထိုင်ရဲ့ သန့်ပြန့်မှုကို သဘောတွေ ကျနေခဲ့ပါတယ်။

ကိုယ့်အိမ်ကိုယ်ပြန်ရောက်လို့ ကျင်းအိမ်သာနဲ့ နှစ်ပါးသွားရတဲ့အခါ ဘယ်လို စိတ်ညစ်မှန်း မသိဘူး။ ဒါပေမယ့်လည်း ကလေးဆိုတော့ ကိုယ်က ဘာတတ်နိုင်မှာလဲ။ သည်လိုကနေ ကျောင်းအိပ်ကျောင်းစားနေတဲ့ မူလတန်းနဲ့ အလယ်တန်းကျောင်းသားဘဝမှာတော့ ရိုးရိုး ဆောင့်ကြောင့်ထိုင် ရေလောင်းအိမ်သာတွေနဲ့ပဲ စခန်းသွားခဲ့ရတယ်။ နောက်တော့ ရန်ကုန်မြို့ကြီးကို ရောက်လာ၊ တိုက်ခန်းမှာ နေရတော့လည်း အဲလိုမျိုး ရေလောင်းအိမ်သာနဲ့ပဲ နေခဲ့ရပါတယ်။

မန္တလေးက အဘွားအိမ်မှာကတော့ ကျင်းအိမ်သာပဲ။ ဒ့ါကြောင့် မန္တလေးကို သွားတဲ့အခါ အဘွားအိမ်မှာ ကျွန်တော်ခဏပဲနေပြီး အခွင့်သာတာနဲ့ ရေလောင်းအိမ်သာရှိတဲ့ သူငယ်ချင်းအိမ်ကို ပြောင်းနေပါတယ်။ ကျွန်တော့် ဦးကြီးကဆို သူ့အိမ်မှာ မတည်းတဲ့ ကျွန်တော့်ကို မကြာခဏ စကားနာထိုးယူတဲ့ အထိပါပဲ။ အဓိကကတော့ အဲဒီ အိမ်သာကို ကျွန်တော် မခံစားနိုင်တော့လို့ပါပဲ။

သည်လိုနဲ့ အဖေမရှိတဲ့နောက် ကျွန်တော်တို့ သားအမိနှစ်ယောက်တည်း ကျန်ပြီး ရန်ကုန်မြို့လယ်က တိုက်ခန်းလေး တစ်ခန်းမှာ နေကြပါတယ်။ အဲလိုနေရင်းက ငွေယားလေး ရှိလာတာနဲ့ သားအမိ နှစ်ဦးသဘောတူ ပထမဆုံးလုပ်တဲ့ အလုပ်က အဲဒီတိုက်ခန်းက ရေလောင်းအိမ်သာကို ဘိုထိုင်ပြောင်းလဲ တပ်ဆင်ကြတော့တာပါပဲ။ အိမ်သာလေး သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းကို ဘယ်လို သဘောကျမှန်း မသိပါဘူး။

အဲလိုနဲ့ ကျွန်တော် အိမ်ထောင်ကျလို့ အမေနဲ့ အိမ်ခွဲနေတော့လည်း ပထမ တစ်အိမ်မှာသာ ရေလောင်းအိမ်သာနဲ့ ဖြစ်ခဲ့ပြီး နောက်ပိုင်း ငှားနေမိသမျှ အိမ်တိုင်းမှာ ကံအားလျော်စွာ ဘိုထိုင်နဲ့ဖြစ်နေခဲ့ပါတယ်။ အိမ်ထောင်ကျပြီး နှစ်လနီးပါး အကြာမှာ လခစားအလုပ်ကို ရပြန်တော့လည်း အထက်မှာ ဆိုခဲ့တဲ့အတိုင်း နိုင်ငံခြားအဖွဲ့အစည်းတွေမှာ ဖြစ်တာမို့ ရုံး အိမ်သာတွေကလည်း အပျံစား၊ အသန့်စား ဘိုထိုင်တွေနဲ့သာ ဖြစ်ပါတယ်။ နောက်ဆုံးနေခဲ့တဲ့ တက္ကသိုလ်ရိပ်သာလမ်းသစ် က တိုက်ခန်းမှာဆိုရင် အိမ်သာ နှစ်လုံးပါတယ်။ အိပ်ခန်းနဲ့တွဲလျက် တစ်လုံးက ဘိုထိုင်နဲ့ပေမယ့် ကျန်တစ်လုံးကတော့ ရိုးရိုး ဆောင့်ကြောင့်ထိုင် ရေလောင်းအိမ်သာပါ။ အဲဒါကိုလည်း အိမ်ငှားက အိမ်ငှားလို မနေဘဲ ကိုယ့်စရိတ်နဲ့ကိုယ် ဘိုထိုင် ပြောင်းတပ်ခဲ့တာ ကျွန်တော်ပါ။ အဲသလောက် အိမ်သာကိစ္စကို ကျွန်တော်က ဇာချဲ့ပါတယ်။

ကျွန်တော့်လောက် ခရီးယာယီများတာလည်း ကျွန်တော်ပါပဲ။ သို့ပေမယ့် တခြားတစ်မြို့တစ်ရွာ မသွားခင် အဲဒီအိမ်သာကိစ္စကို အရင်ဆုံး စေ့ငုပါတယ်။ အခုနောက်ပိုင်းဆို ပိုသတိထားတယ်။

ပထမဆုံးအချက်က ကျွန်တော့်မှာ (မရှိသေ့စကား) လိပ်ခေါင်းရှိပါတယ်။ လိပ်ခေါင်းက ၁၉ နှစ်သားလောက်ကတည်းက စရှိခဲ့တာမို့ အခုဆို ဖွားဘက်တော်လိုတောင် ဖြစ်နေပါပြီ။ အဲဒီ လိပ်ခေါင်းနဲ့ ဆောင့်ကြောင့်ထိုင် အိမ်သာနဲ့က တော်တော် အဆင်မပြေပါဘူး။ ဒုတိယအချက်က အသက်အရွယ်နဲ့ သွေးတိုးကြောင့်ပါ။ ဆောင့်ကြောင့် ကြာကြာထိုင်ရာက ရုတ်တရက် မတ်တတ်ထရပ်လိုက်တဲ့အခါ သွေးတွေဆောင့်တက်ပြီး ရေအိမ်ကအထမှာတင် ဦးနှောက်သွေးကြောပြတ်၊ အသက်ဆုံး ရသူတွေရဲ့ ဇာတ်လမ်းတွေ ကြားဖူးပေါင်းများပါပြီ။ ဘိုထိုင်နဲ့ဆိုရင်တော့ အဲဒီ ပြဿနာ လုံးဝ မရှိတော့ပါဘူး။ ဒ့ါကြောင့် ခရီးတွေ သွားပင် သွားနေငြား အိမ်သာကိစ္စကို ကျွန်တော် အင်မတန် ရေးကြီးခွင့်ကျယ် လုပ်တတ်ပါတယ်။ အဆင်မပြေရင် အဲဒီ ခရီးကို မသွားတော့ပါဘူး။

**အိမ်နီးချင်းတွေ နေတတ်ပုံများ**

ဝန်ကြီး ဦးရဲထွဋ်ရဲ့ "ကုလားထိုင်များ" ဆောင်းပါးကို ဖတ်ရချိန်က ကျွန်တော်ထိုင်းနိုင်ငံကို ရောက်နေပါတယ်။ နောက်နှစ်ရက်အကြာမှာ ကျွန်တော့်အိမ်သူ သွားချင်တယ်ဆိုလို့ ဘန်ကောက်မြို့စွန်က "အော်တော်ကော်" (အသံထွက်မှန်ချင်မှ မှန်ပါမယ်) ကုန်စိမ်းဈေးကို လိုက်ပို့ပေးပါတယ်။ သားငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ငါးခြောက်ငါးခြမ်း ရောင်းတဲ့ ဈေးကြီးပါ။

ဖြစ်ချင်တော့ အဲဒီဈေးကို ရောက်ပြီး များမကြာခင်မှာ ကျွန်တော့်ဗိုက်က သရိုးသရီ ဖြစ်လာပါတယ်။ အန္တရာယ် မလွယ်နိုင်တော့ဘူးပေါ့ခင်ဗျာ။ ဒါနဲ့ပဲ အဲဒီဈေးက ဈေးအိမ်သာဆီ ပြေးရပါတော့တယ်။ ဈေးအိမ်သာက ပိုက်ဆံပေးရတယ်ခင်ဗျ။ လေးဘတ်လား၊ သုံးဘတ်လား မသိဘူး။ ကျွန်တော်က ငါးဘတ်စေ့ ထုတ်ပေးလိုက်တာ တစ်ဘတ်လား၊ နှစ်ဘတ်လား မသိ ပြန်အမ်းတာကိုးခင်ဗျ။ ကျွန်တော့် မလွယ်နိုင်တော့တဲ့ အန္တရာယ်ကြောင့် ဘယ်လောက် ပြန်အမ်းတယ်ဆိုတာကို သတိမထားမိတော့တာပါ။ လေးဘတ်ဆိုရင် မြန်မာငွေ ၁၅၀ လောက်၊ သုံးဘတ်ဆိုရင် မြန်မာငွေ တစ်ရာကျော်ပေါ့ခင်ဗျာ။ အဲဒါက အရေးမကြီးပါဘူး။

ရေအိမ်ထဲ ရောက်သွားတဲ့အခါ ကျေနပ်သွားပါတယ်။ အနံ့အသက်ကင်းစင်ပါတယ်။ ဘိုထိုင်နဲ့လည်း ဖြစ်ပါတယ်။ သန့်ရှင်းရေးအတွက် ရေပန်းတွေ ဘာတွေတောင် ပါသေးတယ်ခင်ဗျ။ ပြီးတော့ ကိုယ်လုံးပေါ် မှန်ကြီးတွေ ရှေ့မှာ၊ လက်ဆေးကန်နဲ့၊ လက်ဆေးဖို့ ဆပ်ပြာရည်နဲ့ အကျအန။ ကျွန်တော်တို့အတွက်တော့ ဘုရားစူး ဈေးအိမ်သာလို့တောင် ပြောရမယ် ထင်ပါတယ်။

**ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်**

အထဲမှာ ထိုင်ကာ ကျွန်တော့်ဒုက္ခ ကျွန်တော် ဖြေရှင်းရင်းနဲ့ ခေါင်းထဲကို ပထမဆုံး ရောက်လာတာက ရန်ကုန်တက္ကသိုလ်ကျောင်းတော်ကြီးက အိမ်သာတွေပါပဲ။ ရန်ကုန် တက္ကသိုလ်မှာ စုစုပေါင်း ငါးနှစ်ခွဲလောက် နေခဲ့ပါတယ်။ ပြီးတော့ အဆင့်မြင့်ပညာဦးစီးဌာနက သင်ကြားပို့ချတဲ့ သင်တန်းတွေကိုလည်း တက်ဖူးတာမို့ ရန်ကုန်က တခြားတက္ကသိုလ်များမှာ လည်း သုံးနှစ်လောက်တော့ နေခဲ့ရဖူးတယ်။ ဘယ်ကျောင်းအိမ်သာမှ သန့်ပြန့်တာ မရှိခဲ့ပါဘူး။ အနံ့အသက်ကလည်း ဆိုးချက်က အခုခေတ်စကားနဲ့ ပြောရင် ကိုးကျော်ပါတယ်။

တက္ကသိုလ်မှာ သည်လောက် သက်တမ်းကြာကြာနေခဲ့ဖူးပေမယ့် အခင်းကြီး သွားဖူးတဲ့ အကြိမ်က လက်ချိုးရေလို့ ရပါလိမ့်မယ်။ လွှဲသာသမျှ မသွားဘဲနေပါတယ်။ မလွှဲသာလို့ သွားရရင်လည်း အနံ့အသက်နဲ့ ညစ်ပတ်မှုက သိပ်ကို စိတ်ပျက်စရာ ကောင်းလှတယ်။ ပြီးတော့တက္ကသိုလ်ကအိမ်သာမို့လို့ အထင်မကြီးပါနဲ့၊ ဈေးအိမ်သာ နံရံမှာလိုပဲ စာပေါင်းစုံ၊ ပုံပေါင်းစုံနဲ့ ပွထနေပါတယ်။

ဈေးအိမ်သာအကြောင်း ဘယ်လို သိလဲလို့ ကျွန်တော့်ကို မေးရင်တော့ အရင် မန္တလေးဈေးချိုမှာ ကျွန်တော့်ဦးကြီးက ဆိုင်ထွက်တာမို့ သူတို့နဲ့ လိုက်လိုက်သွားရင်း ကြုံဖူးခဲ့တဲ့ အတွေ့အကြုံအရင့်အမာနဲ့မို့ ပြောနိုင်တာပါ။

**ဘယ်သူထိုင်ထိုင် ခိုင်အောင် လုပ်စေချင်တာ**

အခုကျတော့ဗျာ၊ ဘန်ကောက် ဆင်ခြေဖုံးက ကုန်စိမ်းဈေးရဲ့ အိမ်သာဟာ အထူးတလည် သပ်ရပ်သန့်ရှင်းနေတာကို မြင်လိုက်ရတဲ့အခါ သူတို့နိုင်ငံသားတွေကို မုဒိတာပွားမိရပါတယ်။ ဒ့ါကြောင့်လည်း သူတို့ဆီကို တစ်နှစ်တစ်နှစ် နိုင်ငံစုံက ခရီးသွားတွေ သန်းနဲ့ချီပြီး လာရောက်လည်ပတ်နေကြတာပဲလို့ တွေးမိသွားရပါသေးတယ်။

သည်ဈေးအိမ်သာတင် မဟုတ်ပါဘူး။ ကျွန်တော်ဟာ ထိုင်းနိုင်ငံကို ဘန်ကောက်သာမကဘဲ ကမ္ဘောဒီးယားနယ်စပ်အထိ လည်းကောင်း၊ မြန်မာနိုင်ငံ နယ်စပ် မဲဆောက်အထိလည်းကောင်း၊ ထိုင်းနိုင်ငံ အနောက်မြောက်ပိုင်း မဟာသရက္ခန် တက္ကသိုလ်မြို့အထိလည်းကောင်း၊ ဟွာဟင်းဆိုတဲ့ ဘန်ကောက်က ကီလိုမီတာ ၂၀၀ လောက်အထိ ဝေးတဲ့ ကမ်းခြေမြို့အထိလည်းကောင်း ရောက်ခဲ့ဖူးပါတယ်။

သည်ဘိုထိုင်နဲ့ ရေအိမ်သန့်ရှင်းမှုကို သတိထားမိတာကတော့ မဲဆောက် ဝန်းကျင်က ရေတံခွန်တွေ၊ ရေပူစမ်းတွေ၊ သဘာဝ ဥယျာဉ်တွေ ရောက်ဖူးချိန်ကတည်းကပါ။ နယ်စပ်မြို့ကလေးက ဝေးလံသီခေါင် ချောင်ကျတဲ့ အများသုံး အိမ်သာတွေမှာတောင်မှ ဘိုထိုင်နဲ့၊ ဖိတ်ဖိတ်လက် သန့်ရှင်းမှုနဲ့ချည်းသာ ကြုံခဲ့ရတာပါ။

နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ကျွန်တော်ကတော့ ရေအိမ်နဲ့ တိုင်းတာ ကြည့်လိုက်ချင်ပါတယ်။ နိုင်ငံသူ နိုင်ငံသားတွေ၊ ဘယ်လောက် တောက်ပြောင်နေနေ၊ ဘာကားကြီးတွေ ဘယ်လောက် စီးနေနေ၊ ဘယ်လို အိမ်ကြီးရခိုင်နဲ့ပဲနေနေ ရေအိမ်ကို သန့်သန့်ရှင်းရှင်း ထားရ၊ သုံးရ ကောင်းမှန်း မသိသေးရင် ကျန်းမာရေး အသိ ရှိလှ၊ ပြည့်လှပြီလို့ မဆိုနိုင်သေးပါဘူး။

အဲတော့ဗျာ. . . ကုလားထိုင်မှာ ဘယ်သူတက်ထိုင်ထိုင် ကျွန်တော်ကတော့ သိပ်စိတ်မဝင်စားဘူး။ တစ်နိုင်ငံလုံး လှည်းနေလှေအောင်း မြင်းစောင်းမကျန် ဘိုထိုင်သုံးတတ်အောင် ကြိုးပမ်းနိုင်မယ့် ကုလားထိုင်ပေါ်ကလူတွေကိုသာ ကျွန်တော်ဖြင့် မျှော်လင့်နေမိတဲ့အကြောင်း မရဲတရဲ ပြောလိုက်မိသွားပြန်ပါပြီကော။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်စုံတစ်ရာ ရသွားမယ်လို့ ယူဆမိပါတယ် ခင်ဗျား။

**"ကုလားထိုင်မှာ ဘယ်သူတက်ထိုင်ထိုင် ကျွန်တော်ကတော့ သိပ်စိတ်မဝင်စားဘူး။ တစ်နိုင်ငံလုံး လည်းနေလေ့အောင်း မြင်းစောင်းမကျန် ဘိုထိုင်သုံးတတ်အောင် ကြိုးပမ်းနိုင်မယ့် ကုလားထိုင်ပေါ်ကလူတွေကိုသာ ကျွန်တော်ဖြင့် မျှော်လင့်နေမိတဲ့အကြောင်း မရဲတရဲ ပြောလိုက်မိသွားပြန်ပါပြီ. . ."**

# ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပြဋ္ဌာန်း

ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ
(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃ ။)
၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့် နေ့ရက်မှစတင်၍ အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း**ဆိုသည်မှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ကုန်းလမ်းဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက စီးပွားရေးအလို့ငှာ ငှားရမ်းခ၊ သယ်ယူပို့ဆောင်ခ သို့မဟုတ် အကျိုးကျေးဇူးတစ်ခုခုအတွက် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်တစ်စီးကိုသော်လည်းကောင်း၊ တစ်စီးထက်ပို၍သော်လည်းကောင်း အသုံးပြု၍ သယ်ယူပို့ဆောင်သောလုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် တစ်ဦးတစ်ယောက်သောသူက ဆောင်ရွက်သောကုန်သွယ်မှု သို့မဟုတ် စီးပွားရေးကိစ္စတစ်ခုခုနှင့် စပ်လျဉ်း၍ သယ်ယူပို့ဆောင်သောလုပ်ငန်းလည်း ပါဝင်သည်။

(ဂ) **သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်**ဆိုသည်မှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ စီးပွားရေးကိစ္စအလို့ငှာ အများပြည်သူသွားလာသည့် လမ်းများပေါ်တွင် သယ်ယူပို့ဆောင်ရေးအတွက် စက်အား၊ လျှပ်စစ်အား သို့မဟုတ် အခြားစွမ်းအင်တစ်မျိုးမျိုးကိုအသုံးပြု၍ မောင်းနှင်သော မော်တော်ယာဉ်ကိုသော်လည်းကောင်း၊ ဆွဲငင်သော မော်တော်ယာဉ်၊ ဝန်ဆွဲမော်တော်ယာဉ် သို့မဟုတ် နောက်တွဲတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။

(ဃ) **သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူ** ဆိုသည်မှာ ကုန်းလမ်းတွင် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်တစ်မျိုးမျိုးဖြင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူကို ဆိုသည်။

(င) **ဒေသဆိုင်ရာ သဘောတူစာချုပ်**ဆိုသည်မှာ နိုင်ငံတော်က စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်သော ဒေသအတွင်း ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည် နှစ်မျိုးလုံးကိုဖြစ်စေ စာချုပ်ဝင်နိုင်ငံ တစ်နိုင်ငံနှင့် တစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်ပြီး သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကိုဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်များနှင့် ပရိုတိုကောလ်များ ပါဝင်သည်။

(စ) **စာချုပ်ဝင်နိုင်ငံ**ဆိုသည်မှာ ဒေသဆိုင်ရာ သဘောတူစာချုပ်၏ အဖွဲ့ဝင်နိုင်ငံကိုဆိုသည်။

(ဆ) **အထူးငွေကြေးထုတ်ယူပိုင်ခွင့်ယူနစ်**ဆိုသည်မှာ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က အထူးငွေကြေး ထုတ်ယူပိုင်ခွင့်ယူနစ်ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ ငွေကြေးထုတ်ယူခြင်းအတွက် အထူးသတ်မှတ်ထားသည့် ငွေကြေးစနစ်တစ်ခုကို ဆိုသည်။

(ဇ) **ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေ**ဆိုသည်မှာ သဘာဝဘေးအန္တရာယ် အပါအဝင် သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ကြိုတင်၍သိမြင်နိုင်မှုနှင့် ရှောင်လွှဲနိုင်မှု မရှိသည့်အပြင် ဖြစ်ပေါ်လာသော အကျိုးဆက်ကို ကာကွယ်နိုင်မှု သို့မဟုတ် ထိန်းချုပ်မှု မပြုနိုင်ခြင်းကြောင့် ထိခိုက်မှု၊ ဆုံးရှုံးမှု သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်ရသော အခြေအနေကို ဆိုသည်။

(ဈ) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်သူအား ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း အမျိုးအစားအလိုက် ဦးစီးဌာနက ထုတ်ပေးသော စာတမ်းအမှတ်အသားကို ဆိုသည်။

(ည) **ခွင့်ပြုချက်**ဆိုသည်မှာ အခြားစာချုပ်ဝင်နိုင်ငံမှ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ပြည်တွင်းသို့ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ယာယီဝင်ရောက်ခွင့်အတွက်သော်လည်းကောင်း၊ နိုင်ငံတော်မှတစ်ဆင့် ဖြတ်သန်း၍ သယ်ယူပို့ဆောင်ခွင့်အတွက်သော်လည်းကောင်း ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုချက်ကိုဆိုသည်။

(ဋ) **အခကြေးငွေ**ဆိုသည်မှာ ဤဥပဒေအရ ကောက်ခံသည့် လုပ်ငန်းလိုင်စင်ခ၊ လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ခွင့်ပြုချက်အတွက်ဝန်ဆောင်ခနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေများကို ဆိုသည်။

(ဌ) **အမျိုးသားကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကုန်းလမ်းသယ်ယူပို့ဆောင်မှု လျင်မြန်ချောမွေ့စေရေး အမျိုးသားကော်မတီကို ဆိုသည်။

(ဍ) **ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ကို ဆိုသည်။

(ဎ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနကိုဆိုသည်။

(ဏ) **ဦးစီးဌာန**ဆိုသည်မှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(တ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာန** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ထ) **ခရိုင်ဦးစီးဌာန**ဆိုသည်မှာ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနကို ဆိုသည်။

(ဒ) **မြို့နယ်ဦးစီးဌာန**ဆိုသည်မှာ မြို့နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဓ) **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဌာန** ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်**

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စနစ်တကျ ကြီးကြပ်ကွပ်ကဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်စေရန်အတွက် ပုဂ္ဂလိကခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လိုအပ်ချက်များအား ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန်၊

(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ စနစ်တကျရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေနှင့်အညီ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်၍ ပြဋ္ဌာန်းဆောင်ရွက်နိုင်ရန်၊

(ဃ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကဏ္ဍမှ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ထိခိုက်စေနိုင်သည့်အကြောင်းများ လျော့ပါးစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ရန်၊

(င) မော်တော်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(စ) နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ သဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျချောမွေ့စွာ ဆောင်ရွက်နိုင်ရန်။

**အခန်း (၃)**
**အမျိုးသားကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များနှင့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| ၁။ | ပြည်ထောင်စုဝန်ကြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂။ | ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၃။ | ဒုတိယဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၄။ | ဒုတိယဝန်ကြီး ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၅။ | ဒုတိယဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၆။ | ဒုတိယဝန်ကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၇။ | ဒုတိယဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၈။ | ဒုတိယဝန်ကြီး ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၉။ | ဒုတိယဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၀။ | ဒုတိယဝန်ကြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၁။ | တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့အသီးသီးမှ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာဝန်ကြီးများ | အဖွဲ့ဝင် |
| ၁၂။ | သက်ဆိုင်ရာကုန်းလမ်း သယ်ယူပို့ဆောင်ရေးဆိုင်ရာ အဖွဲ့အစည်းမှကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| ၁၃။ | ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူပညာရှင်များ | အဖွဲ့ဝင် |
| ၁၄။ | ညွှန်ကြားရေးမှူးချုပ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

(ခ) ကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်တွင်းနှင့်နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် လွယ်ကူချောမွေ့အဆင်ပြေရေးတို့အတွက် မူဝါဒများ ချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့ အဆင်ပြေရေး၊ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံချက်များချမှတ်ပြီး ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များ ဖွဲ့စည်းပေးခြင်းနှင့် လိုအပ်သော လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဂ) အမျိုးသားကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ အောင်မြင်စွာဆောင်ရွက်ရန် အလို့ငှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ၊ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းကော်မတီနှင့် ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များအား တစ်ဖွဲ့နှင့်တစ်ဖွဲ့ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊

(ဃ) သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မော်တော်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးတို့အတွက် စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(င) ကုန်စည်နှင့်ခရီးသည်များအား လိုအပ်သောနေရာဒေသသို့ လိုအပ်သော အချိန်ကာလအတွင်း လိုအပ်သောအရေအတွက် ရောက်ရှိစေရေး၊ သွားလာလွယ်ကူမှု အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) သဘာဝဘေးအန္တရာယ်အပါအဝင် အများပြည်သူအကျိုးငှာ အခြားအရေးပေါ်ကိစ္စများတွင် အသုံးပြုရန် နိုင်ငံတော်အဆင့်အဖွဲ့အစည်းများက တာဝန်ပေးအပ်လာသည့်အခါ သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များကို တာဝန်ပေးအပ်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဆ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များ ညှိနှိုင်းသတ်မှတ်ခြင်း၊ အထူးသဖြင့် မော်တော်ယာဉ်လိုင်းများ၊ မော်တော်ယာဉ်ဂိတ်များ၊ မော်တော်ယာဉ်အသင်းများ၊ ခရီးစဉ်များ၊ သွားလာမည့်ခရီးစဉ်အရေအတွက်၊ ကုန်စည်ဂိတ်များ၊ ကုန်တင်ကုန်ချပြုလုပ်ရန် နေရာများနှင့် ဒေသများ၊ ခရီးသည်နှင့် ကုန်စည်သယ်ဆောင်ခနှုန်းထားများ သတ်မှတ်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်း၊

(ဇ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့ အဆင်ပြေစေရေးနှင့် မော်တော်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် အဖွဲ့အစည်းများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ ယင်းအဖွဲ့များ၏ ဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဈ) နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လွယ်ကူချောမွေ့အဆင်ပြေစွာ ဆောင်ရွက်နိုင်စေရန် ဒေသဆိုင်ရာသဘောတူစာချုပ်များနှင့်အညီ ဒေသအတွင်းရှိ အခြားစာချုပ်ဝင်နိုင်ငံများနှင့် ဆက်သွယ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို လမ်းညွှန်မှုပေးခြင်း၊

(ည) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များ ဆောင်ရွက်ပေးခြင်း။

**စာမျက်နှာ ၁၇ သို့**

စာမျက်နှာ ၁၆ မှ

**အခန်း (၄)**

**ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီနှင့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ**

၇။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -
(က) ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကျွမ်းကျင်သော ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သည့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။
(ခ) ပုဒ်မခွဲ (က) အရ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။
(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားရမည်။

၉။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -
(က) ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတစ်ဦးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကျွမ်းကျင်သောပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သည့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။
(ခ) ပုဒ်မခွဲ (က) အရ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။
(ဂ) နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားရမည်။

**အခန်း (၅)**

**ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များ**

၁၁။ အမျိုးသားကော်မတီသည် -
(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းဖွဲ့စည်းပြီး တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည်။
(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် သက်ဆိုင်ရာဒေသရှိ ဦးစီးဌာနမှ တာဝန်ခံအရာရှိကို ယင်းဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ အတွင်းရေးမှူးအဖြစ် ထည့်သွင်းဖွဲ့စည်းရမည်။

၁၂။ ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များသည် မိမိ၏ဆောင်ရွက်ချက်များကို သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတိုင်း အမျိုးသားကော်မတီသို့ အစီရင်ခံစာ တင်သွင်းရမည်။

**အခန်း (၆)**

**လုပ်ငန်းလိုင်စင်ဆိုင်ရာကိစ္စရပ်များ**

၁၃။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရန် လျှောက်ထားသူသည် -
(က) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ကုန်စည်ပျက်စီးမှု၊ ပျောက်ဆုံးမှု သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုအတွက် လုံလောက်စွာပေးလျော် နိုင်စွမ်းရှိသူဖြစ်ရမည်။
(ခ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့် ကိုက်ညီသူဖြစ်ရမည်။
(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ဖောက်ဖျက်မှုအတွက် နာမည်ပျက်စာရင်းထည့်သွင်းခံထားရသူ မဖြစ်စေရ။
(ဃ) ထောင်ဒဏ်ကျခံနေရသူ မဖြစ်စေရ။
(င) သက်ဆိုင်ရာတရားရုံးက လူမွဲအဖြစ် ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ မဖြစ်စေရ။

**အခန်း (၇)**

**ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခြင်း**

၁၄။ ဦးစီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနက လုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်း၍ လုပ်ငန်းအခြေအနေ၊ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်အခြေအနေနှင့် လိုအပ်ပါက သင့်လျော်သော ခရိုင်နှင့် မြို့နယ်ဦးစီးဌာနတို့ကို လုပ်ငန်းလိုင်စင် ထုတ်ပေးပိုင်ခွင့်နှင့် စီမံခန့်ခွဲရေးအရ အရေးယူပိုင်ခွင့်တို့ကို လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၅။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားသူသည် ပုဒ်မ ၁၃ ပါ သတ်မှတ်ချက်များနှင့်ညီညွတ်ပါက -
(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်ခြင်းဖြစ်လျှင် လုပ်ငန်းလိုင်စင်ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနသို့ဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနသို့ ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။
(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်ခြင်းဖြစ်လျှင် လုပ်ငန်းလိုင်စင်ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှတစ်ဆင့် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ ဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ -
(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်း ရှိ-မရှိ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန်ခွင့်ပြုခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။
(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားနှင့် သယ်ယူပို့ဆောင်မည့် မော်တော်ယာဉ်အလိုက် လုပ်ငန်းလိုင်စင်ကို ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ထုတ်ပေးရမည်။

၁၇။ ဦးစီးဌာနသည် -
(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ လုပ်ငန်းလိုင်စင် 'ခ'လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ-မရှိ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။
(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားနှင့် သယ်ယူပို့ဆောင်မည့် မော်တော်ယာဉ်အလိုက် လုပ်ငန်းလိုင်စင် 'ခ' ကို ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များသတ်မှတ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၁၈။ လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် ၎င်း၏ဆန္ဒအရ လုပ်ငန်းလိုင်စင်သက်တမ်းကို တစ်နှစ်မှ သုံးနှစ်အထိ လျှောက်ထားနိုင်သည်။

၁၉။ လုပ်ငန်းလိုင်စင် ရရှိသူသည် -
(က) သတ်မှတ်ထားသော လုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်။
(ခ) သယ်ယူပို့ဆောင်မည့်ခရီးသည်အတွက် သူတစ်ပါးထိခိုက်မှုအာမခံကိုလည်းကောင်း၊ ကုန်စည်အတွက် ကုန်းလမ်းကုန်ပစ္စည်းအာမခံကိုလည်းကောင်း တည်ဆဲဥပဒေနှင့်အညီထားရှိပြီးဖြစ်ရမည်။
(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ကိုသော်လည်းကောင်း၊ လုပ်ငန်းလိုင်စင်အရ အသုံးပြုသည့် မော်တော်ယာဉ်ကိုသော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခွင့်ရှိသည်။
(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်သော ကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ကို သော်လည်းကောင်း၊ လုပ်ငန်းလိုင်စင်အရအသုံးပြုသည့် မော်တော်ယာဉ်ကိုသော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီလွှဲပြောင်းခွင့်ရှိသည်။

၂၀။ လုပ်ငန်းလိုင်စင်ရရှိသူသည် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက သတ်မှတ်ထားသည့် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် -
(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနသို့လည်းကောင်း၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနသို့လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။
(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနက ဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန် ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ ဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ -
(က) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ-မရှိ စိစစ်ပြီး ခွင့်ပြုခြင်း၊ ပြန်လည်ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။
(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခကို ပေးသွင်းစေပြီး စည်းကမ်းချက်များသတ်မှတ်၍ သက်တမ်းတိုးမြှင့်ပေးရမည်။
(ဂ) ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခွင့်ပြုခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို လျှောက်ထားသူသို့ ပြန်လည်အကြောင်းကြားရမည်။

၂၂။ ဦးစီးဌာနသည် -
(က) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကိုသတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ-မရှိ စိစစ်ပြီး ခွင့်ပြုခြင်း၊ ပြန်လည်ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။
(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခကိုပေးသွင်းစေပြီး စည်းကမ်းချက်များသတ်မှတ်၍ သက်တမ်းတိုးမြှင့်ပေးရမည်။
(ဂ) ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခွင့်ပြုခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို လျှောက်ထားသူသို့ ပြန်လည်အကြောင်းကြားရမည်။

၂၃။ ဦးစီးဌာနကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ မိမိ၏သဘောဆန္ဒအရ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၏ လျှောက်ထားချက်အရ -
(က) အရေးတကြီး သို့မဟုတ် အထူးလိုအပ်ချက်များကို ဖြည့်တင်းဆောင်ရွက်ရန် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို စီမံထားရှိရေးအတွက် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရန် တစ်ကြိမ်လျှင် ရက်ပေါင်း ၃၀ ထက်မပိုသော ကာလအတွက် အများဆုံး သုံးကြိမ်အထိ ယာယီခွင့်ပြုလက်မှတ် ထုတ်ပေးနိုင်သည်။ ထိုသို့ထုတ်ပေးခြင်းသည် လုပ်ငန်းလိုင်စင်ထုတ်ပေးရန်အကြောင်းဖြစ်သည်ဟု မမှတ်ယူရ၊
(ခ) လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် နည်းလမ်းတကျတင်သွင်းသည့် လျှောက်လွှာကို စိစစ်ရာ၌ ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေတစ်ရပ်တွင် ကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရန် ရက်ပေါင်း ၃၀ ထက်မပိုသောကာလအတွက် တစ်ကြိမ်သာ ယာယီခွင့်ပြုလက်မှတ် ထုတ်ပေးနိုင်သည်။

၂၄။ အောက်ပါအကြောင်းကိစ္စ တစ်ရပ်ရပ် ပေါ်ပေါက်လာပါက လုပ်ငန်းလိုင်စင်ရပ်စဲစေရမည်-
(က) လုပ်ငန်းလိုင်စင် ရရှိထားသူက ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုမှု မရှိတော့ကြောင်း လျှောက်ထားခြင်း၊
(ခ) လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးခြင်း။

၂၅။ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဦးစီးဌာနနှင့် ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင်နှင့် မြို့နယ်ဦးစီးဌာနတို့သည် လုပ်ငန်းလိုင်စင်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ အစီရင်ခံရမည်။

**အခန်း (၈)**

**နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခြင်း**

၂၆။ ပြည်တွင်းမှ နယ်စပ်ဖြတ်ကျော်၍ အခြားစာချုပ်ဝင်နိုင်ငံတစ်ခုခုသို့ သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူသည် -
(က) ပုဒ်မ ၁၃ ပါ လိုအပ်ချက်များနှင့် ကိုက်ညီသူ ဖြစ်ရမည်။
(ခ) နိုင်ငံခြားသားနှင့်ဖက်စပ် လုပ်ငန်းလုပ်ကိုင်လျှင် မြန်မာနိုင်ငံသားသည် မတည်ငွေရင်း၏ ထက်ဝက်ကျော်ကို ပိုင်ဆိုင်ရမည့်အပြင် စီမံခန့်ခွဲမှုအပိုင်းတွင် နိုင်ငံခြားသားထက် ပိုမို၍ စီမံခန့်ခွဲပိုင်ခွင့်ရှိရမည်။
(ဂ) နိုင်ငံတော်၏ နယ်စပ်ကို ဖြတ်ကျော်၍ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကို ဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကို ဖြစ်စေ သယ်ယူပို့ဆောင်သည့် အတွေ့အကြုံရှိသူနှင့် လုပ်ငန်းကျွမ်းကျင်သူဖြစ်ရမည်။
(ဃ) နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ပြည်တွင်းနှင့် အခြားစာချုပ်ဝင်နိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို လိုက်နာရမည်။

၂၇။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ပုဒ်မ ၂၆ ပါသတ်မှတ်ချက်များနှင့် ညီညွတ်ပြီး နယ်စပ်ဖြတ်ကျော် ကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်လိုပါက လုပ်ငန်းလိုင်စင်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၈။ ဦးစီးဌာနသည် -
(က) ပုဒ်မ ၂၇ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ခွင့်ပြုခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။
(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းလိုင်စင်ခကို ပေးသွင်းစေပြီးလျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ထုတ်ပေးရမည်။

**ဆက်လက်ဖော်ပြပါမည်။**

ဖတ်စရာ

# လေ့လာစရာရေတံခွန်တောင်စခန်းမှထူးခြားသောဟင်္သာဂူမဟာ

**à** တိမ်တမန်

မြန်မာ့ရေမြေသဘာဝသည် အလှအပများစွာဖြင့် စီခြယ်ထားသော သဘာဝပန်းချီကားတစ်ချပ်နှင့်တူလှသည်။ စိတ်ဝင်စားစရာများစွာ၊ အဖိုးတန်ရတနာများစွာ တည်ရှိနေသောနေရာများပင်ဖြစ်သည်။ သဘာဝအတိုင်း ဖြစ်ပေါ်နေသော လိုဏ်ဂူများသည်ပင် စိတ်ဝင်စားဖွယ်ရာဖြစ်နေသည်။ ထိုအထဲတွင် မန္တလေးမြို့အနီးရှိ ရေတံခွန်တောင်စခန်းမှ ဟင်္သာဂူမှာ စိတ်ဝင်စားဖွယ်ရာကောင်းသောနေရာတစ်ခုအဖြစ် တည်ရှိသည်။

ရေတံခွန်တောင်မှာ တောင်များစွာအမည်အသီးသီးဖြင့် ဝိုင်းရံနေသည်။ တောင်တော်ပေါ်စတင်တက်သည့် ကောင်းမွန်သောဂေဟစနစ်ဖြင့် အေးချမ်းနေပြီး မျောက်များစွာသဘာဝအတိုင်း ကျင်လည်ကျက်စားနေသည်ကို မြင်တွေ့နိုင်သည်။ ရေတံခွန်တောင်ပေါ်အထိ ကားဆိုင်ကယ်များသွားလာနိုင်ပြီး ဟင်္သာဂူသွားရာလမ်းကို ယခုမှစတင်ဖောက်လုပ်လျက်ရှိသည်။

ဟင်္သာဂူသွားရန် လမ်းနှစ်သွယ်တည်ရှိသည်။ အများစုမှာ ဆိုင်ကယ်ကို အနီးအနားဆိုင်တစ်ဆိုင်တွင်ထားရှိကာ ခြေလျင်တက်ကြရသည်။ အသွား ၁ နာရီ မိနစ် ၃၀ အပြန် ၁ နာရီမျှ အဆင်းအတက်ကြာပြီး တောင်တက်ခြင်းရသကို အပြည့်အဝခံစားရကာ သဘာဝအလှအပတို့ကို မြင်တွေ့နိုင်သောနေရာပင်ဖြစ်သည်။

ဟင်္သာဂူရောက်သည်နှင့် စေတီငယ်များကို ကြည်ညိုစွာဖူးမြော်နိုင်ပြီး စေတီငယ်များကို ကျော်လွန်သည်နှင့် ထူးခြားသောအမိဋ္ဌာန်ဂူသို့ အလင်းဝင်ရာလိုဏ်ဂူပေါက်ကို တွေ့ရှိရသည်။ အလင်းဝင်လိုဏ်ပေါက်ကိုကျော်လွန်ပါက စေတီငယ်တစ်ဆူကိုပင် ကြည်ညိုဖွယ်ဖူးမြော်နိုင်ပြီး ထူးခြားသော ရွှေဟင်္သာဂူအတွင်း ဆင်းနိုင်ပြီဖြစ်သည်။ ရွှေဟင်္သာဂူကို အပေါ်စီးမှကြည့်လိုက်ပါက ထူးခြားသော သဘာဝကျောက်စက်ပန်းဆွဲများမှ ရွှေဟင်္သာမောင်နှံပုံ ဖြစ်နေသည်ကို တွေ့မြင်နိုင်သည်။

ဟင်္သာမောင်နှံနှုတ်သီးမှ သဘာဝကျောက်စက်ရေများ တစ်စက်စက်ကျနေသည်ကို ထူးခြားစွာ မြင်တွေ့နိုင်သည်။ နှစ်ကာလကြာရှည်စွာဖြစ်ပေါ်လာခြင်း၊ ကျောက်စက်ရေကျခြင်းနှင့်အတူ ရေညှိတက်နေသည့်အတွက် ဟင်္သာဦးခေါင်းတို့မှာ အမွေးအတောင်များဖြင့်တည်ရှိနေသကဲ့သို့ မြင်တွေ့နိုင်သည်။

ဟင်္သာဂူအတွင်းဆင်းနိုင်ရန် သဘာဝကြိုးလှေကားကို တပ်ဆင်ပေးထားပြီး ဂရုတစိုက်ဆင်းရသည်။ အောက်ပိုင်းတွင် ကျယ်ဝန်းသော သဘာဝဂူကို တွေ့မြင်နိုင်ပြီး ပေ ၂၀၀ ကျော်အထိ လိုဏ်ဂူရှိနေပြီး အောင်ဆီဂျင်ပြတ်လပ်သည့် နေရာများရှိသည့်အတွက် အောက်ဆီဂျင်ရသည့်နေရာအထိသာ ဆင်းသက်လေ့လာနိုင်သည်။ ဟင်္သာဂူကို သဘာဝအတိုင်းအလင်းပေးနေသည့်ဂူပေါက်မှာ ထူးဆန်းစွာတည်ရှိနေသည်။



ဒေသခံများကမူ ရွှေဟင်္သာနှုတ်သီးမှကျသော ကျောက်စက်ရေသည် ဆေးဖက်ဝင်သည်ဟု ယုံကြည်ကြသည်။ ဟင်္သာဂူမှာ ရှေးယခင်ကတည်းကတည်ရှိပြီး ရသေ့များတရားကျင့်ရာနေရာဖြစ်သည်။ အလယ်ဂူဆရာတော်ဘုရားကြီးလက်ထက် ၁၉၇၉ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ပြုပြင်မှုများပြုလုပ်ခဲ့သည်။

၂၀၀၈ ခုနှစ်တွင် စေတီငယ်များတည်ထားခြင်းများ ပြုလုပ်ပြီးစီးခဲ့သည်။ လက်ရှိကာလတွင် အခါကြီးရက်ကြီး ရုံးပိတ်ရက်များတွင် လာရောက်လေ့လာသူ များပြားသည်။ ရွှေဟင်္သာလိုဏ်ဂူအတွင်း ပြုတ်မကျစေရန် ဝါးများဖြင့် ကာရံထားသလို ဆင်းသက်ရန်အတွက်လည်း သဘာဝဝါးဖြင့်ပင် လှေကားလုပ်ထားသည့်အတွက် ယောက်ျားကလေးအများစုသာ ဆင်းသက်နိုင်သည်။ ဘုရားဖူးများစုပေါင်းအလှူငွေဖြင့် ခိုင်ခံ့သည့်လှေကားများ ပြုလုပ်ပြီးပါက လူတိုင်းဆင်းသက်လေ့လာနိုင်သည့် ထူးခြားသောနေရာတစ်ခုအဖြစ် တည်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

---

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်း တာချီလိတ်မြို့နယ်၌ဖွင့်

**တာချီလိတ် ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကျေးရွာများရှိ တိုင်းရင်းသားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းအမှတ်စဉ်(၁/၂၀၁၆) ဖွင့်ပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီခွဲက တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ရန်ရှင်း(၄)ကျေးရွာရှိ ဘုရားကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသောင်းမြင့်နှင့် ဝန်ထမ်းများက ယာဉ်မောင်းနှင့် လမ်းအသုံးပြုသူများ စည်းကမ်းပျက်မှု၊ ယာဉ်မောင်းကောင်း၊ လမ်းအမှတ်အသားဆိုင်ရာများ၊ လမ်းဘေးတိုင်အမှတ်အသားဆိုင်ရာများ၊ အဖြူ အနီ လမ်းဘေးကပ်တုံးအကြောင်းများ၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်မောင်းများလိုက်နာရမည့်အချက်များ၊ တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်းလမ်းညွှန်များ၊ အမိန့်ပေးခြင်းလမ်းညွှန်များ၊ မော်တော်ဆိုင်ကယ်စီးလျှင် လိုက်နာရမည့်အချက်များ စသည့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို သင်ကြားပေးသည်။

အဆိုပါသင်တန်းအား မိုင်းကိုးကျေးရွာအုပ်စုရှိ ရန်ရှင်း(၄) ကျေးရွာ၊ ရန်ရှင်း(၃) ကျေးရွာ၊ ရန်ရှင်း(၂) ကျေးရွာ၊ ပါဘီး(၁)ကျေးရွာ၊ ပါဘီး(၅)ကျေးရွာနှင့် မယ်ဖုန်းလုံကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူ ၁၈၈ ဦး တက်ရောက်ပြီး သင်တန်းကို နှစ်ရက်ကြာ သင်ကြားပို့ချကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## စဥ့်ကိုင်မြို့နယ်တွင် မြို့နယ်လျှပ်စစ်ရုံးနှင့်ဝန်ထမ်းအိမ်ရာဆောက်လုပ်

**စဥ့်ကိုင် ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေကျပ်သိန်း ၃၈၀ ဖြင့် မြို့နယ်လျှပ်စစ်ရုံးအဆောက်အအုံ ဆောက်လုပ်နေမှုနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ်သိန်း ၆၆၀ ဖြင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆောက်လုပ်နေမှုကို မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အထွေထွေမန်နေဂျာ ဦးစိန်ဝင်းမြင့်၊ ကျောက်ဆည်ခရိုင် လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်ဇာဇာအုန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီ၊ ဦးစိန်သောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးတို့သည် ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက ကြည့်ရှုခဲ့သည်။

အဆိုပါ စဥ့်ကိုင်မြို့နယ်လျှပ်စစ်ရုံးကို အလျား ၄၈ ပေ၊ အနံ ပေ ၃၀၊ RC တစ်ထပ်အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ အလျား ပေ ၆၀၊ အနံပေ ၅၀ လေးခန်းတွဲအဆောက်အအုံကို Nay(43)Co.Ltd မှ တင်ဒါအောင်မြင်၍ တာဝန်ယူဆောက်လုပ်လျက်ရှိပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ စနစ်တကျဆောက်လုပ်ရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေး ကြည့်ရှုစစ်ဆေးခြင်းဖြစ်ကြောင်း အင်ဂျင်နီယာ ဒေါ်ခိုင်စုဝေက ပြောသည်။

**တင်တင်ထွေး(စဥ့်ကိုင်)**

---

**သာသနဒါယကာကြီး ဒေါက်တာဦးစိုးသိန်းအတွက်**
**ဝမ်းမြောက်ဆုတောင်းဂုဏ်ပြုမေတ္တာပေးအပ်လွှာ**

၂၀၁၆ ခုနှစ်၊ (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆) ဖြင့်

**“မဟာသဒ္ဓမ္မဇောတိကဓဇ” ဘွဲ့တံဆိပ်**

ချီးမြှင့်အပ်နှင်းခြင်းကိုပိုင်ဆိုင်ရရှိပါသော၊ ပရိယတ္တိသာသနာကိုမပင်မပန်းချမ်းသာစွာသာသနာပြုနိုင်ရန် လစဉ်၊ နှစ်စဉ်အမြဲအားပေးချီးမြှောက်လှူဒါန်းလျက်ရှိသော

သာသနဒါယိကာမကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ **ဒေါ်ခင်ချို့အုန်း**

(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၏ချစ်ခင်ပွန်း

သာသနဒါယကာကြီး သဒ္ဓမ္မဇောတိကဓဇ၊ သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ

ရွှေခနေအောင်ကုမ္ပဏီလီမိတက် (မန်နေဂျင်းဒါရိုက်တာ)

**ဒေါက်တာ ဦးစိုးသိန်း** အတွက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ (၉) မိုင်၊ မစိုးရိမ်လမ်း၊ ရွှေမြိုင်သီရိသီလရှင် စာသင်တိုက်ကြီး၏

အာဒိကမ္မိက ဦးစီးပဓာနနာယက၊ သမိဒ္ဓေါဒယသမဂ္ဂဒါယီအသင်းကြီး(ဥက္ကဋ္ဌ)

တိုင်းသီလရှင် အမှုဆောင်အဖွဲ့ (အကျိုးတော်ဆောင်)ရန်ကုန်တိုင်းဒေသကြီး၊

မဟာဂန္ထဝါစကပဏ္ဍိတ **ဆရာကြီးဒေါ်ဣန္ဒာစာရီ** နှင့်

တပည့်အပေါင်းတို့မှ အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ထပ်ကာထပ်ကာ အဆင့်ဆင့်

အမြင့်ဆုံး ဘွဲ့ထူးဂုဏ်ထူးတို့ကို ရရှိပိုင်ဆိုင်ပြီး မိသားစုနှင့်အတူ ကိုယ်ကျန်းမာ

စိတ်ချမ်းသာစွာဖြင့် ဘာသာအကျိုး သာသနာအကျိုးတို့ကို ဆတက်တိုး၍ မပင်မပန်း

ချမ်းသာစွာ သယ်ပိုးဆောင်ရွက်နိုင်ပြီး အမြင့်ဆုံးသော ဘွဲ့ထူးဂုဏ်ထူးတွေကို ပိုင်ဆိုင်ရရှိ၍

အမြင့်ဆုံး အမြတ်ဆုံးဖြစ်သော နိဗ္ဗာန်ချမ်းသာကို ရရှိခံစားနိုင်ပါစေဟု

ဆုတောင်းမေတ္တာပို့သ ဂုဏ်ပြုအပ်ပါသည်။

# ဂုဏ်ပြုသိင်္ဂပူဇော်လွှာ

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ တိုက်ခွဲအမှတ် (၃၂)၊ သဲအင်းဂူဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက် ဦးစီးပဓါန နာယက၊ သောတာပတ္တိမဂ်ရှုဖွယ်ကျမ်းပြု **ဆရာတော် ဘဒ္ဒန္တစန္ဒိမာ (အောင်လံ )** အား ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ (၄) ရက် ၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့နှစ်ဦးမင်္ဂလာအခါသမယတွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရမှ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) ဖြင့် **အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်** ဆက်ကပ်လှူဒါန်းခြင်း ခံယူတော်မူရသည့်အတွက် တပည့်တော်တို့ သာသနာပြု ဥပဋ္ဌာကအဖွဲ့ဝင်များအားလုံးတို့မှ အထူးဝမ်းမြောက်ကြည်နူးစွာဖြင့် ထပ်ဆင့် ပူဇော်အပ်ပါသည် ဆရာတော်အရှင်သူမြတ်ကြီးဘုရား ॥

ကျေးဇူးတော်ရှင် အောင်လံဆရာတော်ကြီး သက်တော်ရှည် ကျန်းမာစွာဖြင့် မြတ်ဗုဒ္ဓသာသနာတော်တိုးတက်တည်တံ့ခိုင်မြဲရေးနှင့် ပဋိပတ္တိဂုဏ်ပြည့်စုံစွာ သာသနာ့တာဝန်၊ လောက သုံးပါးအကျိုး သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းပူဇော်အပ်ပါသည် ဆရာတော်အရှင်သူမြတ်ကြီးဘုရား။

**ဥပဋ္ဌာကအဖွဲ့ဝင်များ**
**တိုက်ခွဲအမှတ် (၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ**
**(ရန်ကုန်၊ မန္တလေး၊ အောင်လံ၊ ပြည်၊ ချောင်းဦး၊ ဒေးကစီ၊ အုတ်ဖို၊ ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့)**

## "လှိုက်လှဲစွာဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ"

**အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ၊ သီရိသုဓမ္မသီင်္ဂီဒေါ်ခင်ချိုအုန်း** (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၏ချစ်ခင်ပွန်း **သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မ မဏိဇောတဓရ Dr.-ဦးစိုးသိန်း**အား ၂၀၁၆ ခုနှစ်၊ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) ဖြင့် **"မဟာသဒ္ဓမ္မဇောတိကဓဇ"** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ပြုပါသည်။

**တရားလွှတ်တော်ရှေ့နေ နိုင်ငံတြီပဗ္ဗလစ်**
**ဦးသန်းအောင်နှင့်ဇနီး ဒေါ်စမ်းစမ်းမြင့် မိသားစု**

## အလက(၁)တာမွေ ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ ဖိတ်ကြားလွှာ

အလက(၁)တာမွေတွင် ပညာသင်ကြားပေးခဲ့သော အနန္တဂိုဏ်းဝင်ကျေးဇူးရှင် အငြိမ်းစား ဆရာကြီး/ဆရာမကြီးများအား ပူဇော်ကန်တော့မည့် ဒသမအကြိမ်မြောက် မြတ်ဆရာ ပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို အောက်ဖော်ပြပါအစီအစဉ်များအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အလက(၁)တာမွေ ကျောင်းသား/ကျောင်းသူဟောင်း၊ ညီအစ်ကို မောင်နှမများအားလုံး ပြန်လည်ဆုံစည်းကြခြင်းဖြင့် ကိုယ်တိုင် မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**မြတ်ဆရာပူဇော်ပွဲ - ၁၀-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)၊ နေ့လယ် ၂း၀၀နာရီ**
**မိတ်ဆုံညစာစားပွဲ - ၁၀-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)၊ ညနေ ၆း၀၀နာရီ**
**ကျင်းပမည့်နေရာ - အလက(၁)တာမွေ၊ ကျောင်းမြက်ခင်းပြင်**
**ကျောင်းသား/ကျောင်းသူဟောင်းများအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် လယ်ဝေးမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/စက်စုရပ်၊ မြေကွက်/ဦးပိုင်အမှတ်(၃)၊ ဧရိယာ(၀. ၀၈၇) ဧကရှိ ဒေါ်ရွှေအမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အမည်ဦးဝင်းမြင့်၊ နိုင်ငံသားစိစစ်ရေးအမှတ် [၉/မခန(နိုင်)၀၁၇၂၆၆]၊ အဘအမည် ဦးတင်ဖေမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီဂရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း"

**အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ၊ သီရိသုဓမ္မသီင်္ဂီ ဒေါ်ခင်ချိုအုန်း**(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး) ၏ ချစ်ခင်ပွန်း **သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိ သုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မ မဏိဇောတဓရ Dr.-ဦးစိုးသိန်း**(မန်နေဂျင်းဒါရိုက်တာ၊ ရွှေဓနအောင်ကုမ္ပဏီလီမိတက်)အား ၂၀၁၆ ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် **"မဟာသဒ္ဓမ္မဇောတိကဓဇ"** ဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဦးတိုက်အောင် (ဒါရိုက်တာ၊ ဓနအောင်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်)**
**ဇနီး-ဒေါ်ခင်စန်းဝင်း (မန်နေဂျင်းဒါရိုက်တာ၊ ချင်းတွင်းမင်းသမီးကုမ္ပဏီလီမိတက်)**
**သား-ကိုမိုးစက်တိုက်အောင်(ဒါရိုက်တာ၊ ချင်းတွင်းမင်းသမီးကုမ္ပဏီလီမိတက်)**
**(မုံရွာမြို့)**

## "လှိုက်လှဲစွာဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ"

၂၀၁၆ ခုနှစ်၊ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့တွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် **ဒေါ်သက်သက်နိုင်**(Director, ZABU THIRI HOTEL) (Director, ROYAL PRESIDENT HOTEL) အား **"သုဓမ္မသီင်္ဂီ"** ဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ပြုပါသည်။

**ဦးသူရိန်ဇော်(ဥက္ကဋ္ဌ၊ပြည်သူ့ငွေစာရင်းကော်မတီ၊ပြည်သူ့လွှတ်တော်)နှင့်ဇနီး ဒေါ်တင်အုန်းမြင့်**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

ကြော်ငြာ

## အထူးလှိုက်လှဲဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် **သုဓမ္မသိင်္ဂီဒေါ်စန်းစန်းနွဲ့**အား **"သီဟသုဓမ္မသိင်္ဂီ"**ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးလှိုက်လှဲဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်နှင့် သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ထမ်းရွက်ဆောင်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

**ဦးအိုင်ထွန်း-ဒေါ်နန်းခင်ညွန့်**
**ဦးထွန်းတင်-ဒေါ်တင်တင်ဆွေ**

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

ဦးခင်ဝင်း(ညွှန်ကြားရေးမှူးငြိမ်း၊ စီမံထူးချွန် တတိယဆင့်(၂၀၀၁) (ဥက္ကဋ္ဌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း)၊ မွန်/ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရုံးခွဲ) (21 Paradise Hotel Setse Beach & 21 Paradise Natural Hot Spring) သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ်)အား ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၄ရက်တွင် **"သုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်ကို နိုင်ငံတော်မှ အပ်နှင်းချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်။

**ဦးအောင်မြင့်ရွှေနှင့်ဝန်ထမ်းများ**
**21 Paradise Hotel (စက်စဲကမ်းခြေ)**

**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးလှမင်း၊ ဒုတိယ ဥက္ကဋ္ဌ၊ ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်း အား စစ်ကိုင်းတိုင်းဒေသကြီး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သုတေသနလုပ်ငန်း၊ အားကစား၊ စာပေ၊ ဂီတ၊ ယဉ်ကျေးမှု၊ အနုသုခုမပညာ၊ လက်မှုပညာ လုပ်ငန်းများတွင် စံပြထိုက်အောင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဧဝယာ လူမှုထူးချွန်ဆု (ဒုတိယဆင့်) ကို ချီးမြှင့်ခံရခြင်းအတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက် မိပါကြောင်း။

**ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်း**

### စက်မှုဝန်ကြီးဌာန
### အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
### အမှတ်(၁၇)အကြီးစားစက်ရုံ(မလွန်)
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း အမှတ်(၁၇)အကြီးစားစက်ရုံ(မလွန်)မှ အရောင်းထိုင်းပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | တင်ဒါအမှတ် |
|---|---|---|
| (က) | lot(1)Tractor Group | HI-17/002 |
| (ခ) | Lot(2)Rice Thresher Group | HI-17/003 |
| (ဂ) | Lot(3)Trailer Group | HI-17/004 |
| (ဃ) | Lot(4) Other Product Group | HI-17/005 |

၂။ အထက်ဖော်ပြပါ ပစ္စည်းများအား Lot No.အလိုက်သာ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။
၃။ တင်ဒါပုံစံထုတ်ယူရမည့်ရက် - ၁၁-၁-၂၀၁၆ရက်မှ ၁၉-၁-၂၀၁၆ရက် (၁၂း၀၀)နာရီ
၄။ တင်ဒါပုံစံထုတ်ပေးမည့်နေရာ - အမှတ်(၁၇)အကြီးစားစက်ရုံ(မလွန်)စီမံကိန်းဌာန
၅။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်နှင့်အချိန် - ၁၉-၁-၂၀၁၆ ရက် (၁၂း၀၀)နာရီ
၆။ တင်ဒါတင်သွင်းရမည့်နေရာ - အမှတ်(၁၇)အကြီးစားစက်ရုံ(မလွန်) စီမံကိန်းဌာန
၇။ တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် -၁၉-၁-၂၀၁၆ရက်၊ (၁၃း၀၀)နာရီ
၈။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၆၂၂၁၂၈၃၊ ၀၉-၂၅၆၂၂၁၂၉၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**အမှတ်(၁၇)အကြီးစားစက်ရုံ(မလွန်)**
**ဖုန်း-၀၉-၂၅၆၂၂၁၂၈၃၊ ၀၉-၂၅၆၂၂၁၂၉၁**
**စက်မှုဝန်ကြီးဌာန**

### အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V MAKASSAR HIGHWAY V.161A သင်္ဘောသည် ၁၀-၁-၂၀၁၆ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**"SEVEN ၆"**
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
ဆိုင်ဗင်း ၆ နဲ့ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခ လုံး၀ မယူပါ"
Ph: 09 - 33 333 511
09 - 33 333 514
09 - 33 333 644

### အများသိစေရန် ကြေညာချက်

တောင်ဥက္ကလာပမြို့နယ် မြောက်ပိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၄၅၂/ခ)။ မြေကွက်တည်နေရာအမှတ် (၄၅၂/ခ)၊ သုတ(၂)လမ်း (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ညွန့် (၁၂/ဥကတ(နိုင်) ၀၄၄၁၀၉)၊ အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား ဖခင် (ဒေါ်ညွန့်)၊ ဖခင်(ဦးလှစိန်)ကွယ်လွန်သဖြင့်တစ်ဦးတည်းသောသားဖြစ်သူ ဦးမြင့်စိန် (၁၂/ ဥကတ (နိုင်)၀၄၃၅၆၃) ကသေစာရင်းများနှင့် ကျမ်းကျိန်လွှာ တို့ တင်ပြ၍ ပိုင်ဆိုင်+အရောင်းမြေပုံတူး လျှောက် ထားလာရာ တရားဝင်ပိုင်ဆိုင်သူများ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက် လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာ အပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ခွန်သက်ပိုင်ဟိန်း[၁၀/သထန(နိုင်)၂၀၃၅၁၂]၏ နိုင်ငံကူးလက်မှတ်နံပါတ် MA947149 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၁၂၀၂၁၀၀**

## ဝန်ထမ်းအလိုရှိသည်။

**Royal Material Co.,Ltd.**

**တော်ဝင်အိမ်တွင်းအလှဆင်လုပ်ငန်း**

အမှတ် (၃၈၉)၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး (ဇဝါလမ်းအနီး)၊အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-01 2315080, 01 508132, 09 73126052.

* Sales Engineer(BE/A.G.T.I)M/F (3) Post
  - ပေါင်းသင်းဆက်ဆံရေးကောင်းမွန်သူ၊ ရုပ်ရည်အသင့်အတင့်ရှိသူဖြစ်ရမည်။
  - Sales & Marketing လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
  - Business Promotionတွင်ဦးဆောင်နိုင်ရမည်။
* Engineer (BE/A.G.T.I) M/F (3) Post
  - လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
  - Operation ပိုင်း တွင်ဦးဆောင်နိုင်ရမည်။
  - လုပ်ငန်းလိုအပ်ချက်အရ ခရီးသွားလာနိုင်သူဖြစ်ရမည်။

လျှောက်ထားသူများသည် တစ်လအတွင်း လာရောက် လျှောက်ထားနိုင်ပါသည်။






## ကြော်ငြာ

**သီတဂူရွှေပြည်ဟိန်း ကျေးဇူးခံနေးနဲ့ ဇန်နဝါရီလ၊ ၉-၁၀၊ (၅၆)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဒီဇင်ဘာလ(၂၀)ရက် (၅၅)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၇၀၅၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ ဇန်နဝါရီလ (၉၊ ၁၀)ရက်တွင် ၅၆-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူက ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်နေရာ - သီတဂူ ရွှေပြည်ဟိန်း ကျေးဇူးခံနေးနဲ့ ရွှေပြည်ဟိန်းကျောင်း မြည်သာယာ၊ ရန်ကင်း (ကျိုက္ကဆံစုပါဝင်။ တာမွေလေး။ သံလမ်းဘေး၊) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၅၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အခွင့်ဝေဆောင်းနိုင်ဘဏ်ခွဲ (AccountNo.00750100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း၊ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

### အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

သာသနဒ္ဓဇဓါယကာကြီး ဦးအောင်သန်းစိန်အား ၂၀၁၆ခု နှစ်၊ ဇန်နဝါရီလ၄ရက် (လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော်မှ ချီးမြှင့်သော (သုဓမ္မဇောတဓဇ)ဘွဲ့တံဆိပ်ကို လက်ခံရရှိ သည့်အတွက် မိသားစုနှင့်ထပ်တူ အထူးပင် ဝမ်းမြောက်ဂုဏ်ယူပြီး နိုင်ငံအကျိုး၊ သာသနာအကျိုးကို ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလယ်တောရ သမိဒ္ဓေါဒယမော်လမြိုင်သီလရှင်တိုက်မှ
ဆရာကြီးနှင့် တပည့်များ
ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

### ဆိပ်ဖြူမြို့နယ်အသင်း(ရန်ကုန်)၏
### နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့်
### ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားဖိတ်ကြားခြင်း

ဆိပ်ဖြူမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို (၁၃၇၇ခုနှစ်၊ ပြာသိုလဆန်း ၁ရက်)၊ ၁၀-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရား အနောက်ဘက်မုခ် "အဖွားခက်ဓမ္မာရုံ"၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက် ချီးမြှင့်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလှူငွေများ လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူ ဒါန်းနိုင်ပါသည်-

(၁) ဦးညဏ်စိုး ၀၉-၂၅၀၉၃၀၀၈၀
(၂) ဒေါက်တာဝင်းကြည် ၀၉-၇၃၁၅၂၇၃၄
(၃) ဦးဝင်းလွင်ဦး ၀၉-၄၂၀၀၇၃၃၂၂

အမှုဆောင်အဖွဲ့

### အမြန်ရောင်းမည်

(၁) သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ စာသင်ကျောင်းလမ်း (အလျား ၂၅ပေ× အနံ ပေ၇၀)၊ ရေ၊ မီး အိမ်ပါ (သန်လျင်ကညနရုံး၊ ချမ်းမြေ့မေတ္တာ ဆေးကုခန်းအနီး)
(၂) ဒဂုံတောင်၊ (၅၅)ရပ်ကွက်၊ ရွှေကံကော်လမ်း၊ (အလျား ပေ၂၀× အနံ ပေ ၆၀) အိမ်ပါ။ ပါမစ်မူရင်း၊ ခြံခတ်ပြီး။

ဆက်သွယ်ရန်ဖုန်း- ၀၉-၅၄၀၆၆၁၁

### Basic Engineering Course

(လျှပ်စစ်၊ စက်တပ်ဆင်၊ ပိုက်ဆက်၊ ဂဟေဆက်၊ အဲယားကွန်း)
အခြေခံ/ကျွမ်းကျင် သင်တန်း တက်လိုသူများ
ပြည်တွင်း/ပြည်ပ - အလုပ်အကိုင်ရှာနေသူများ နှင့်
ဝန်ထမ်းကောင်းများရှာနေသည့် အလုပ်ရှင်များ
**သုခစုစီ ကုမ္ပဏီ သို့ ဆက်သွယ်ပါ။**
ပန်းဆိုးတန်းမှတ်တိုင်၊ကုန်သည်လမ်းမကြီး(၃၉-လမ်းထောင့်)၊တိုက်အမှတ်(၅၀၆)။
Ph : (01) 377343, 377344, 385758, 386877, 392233









ကြော်ငြာ

ဦးအောင်အောင် LCCI
Level - I + II, III = 15%Dis:
B.A Econ; MPA; ACCA Part(II); D.A(UK); Dip in Stats;DMAc
(၂၃၉)၊ ၃လ၀၀၊ ဘားလမ်း၊ ကျောက်တံတား။ ဖုန်း-၀၉ ၅၁၀၃၀၀၂၊ ၀၉၉၇ ၅၁၀၃၀၀၂၊ ၀၉၇၈၅၁၀၃၀၀၂
Level - I+II
(A) SAT 7:00 - 8:30am SUN 26.12.2015
(B) THU 9:30 - 12:00am FRI 31.12.2015
(C) SUN 2:00 - 5:00pm 10.1.2016
(D) THU 6:00 - 8:00pm FRI 14.1.2016
(E) MON 7:00 - 8:30am TUE / WED 18.1.2016
(F) MON 4:00 - 6:00pm TUE 25.1.2016
Level - III (A)
Level- III (B)
A/C IAS (MON, TUE 12:00-2:00pm)
Cost (MON, TUE 2:00 - 4:00pm)
M A (WED 12:00- 2:00pm)
ABC (MON 10:00 -11:30am)
Stats (TUE,WED 9:30 -11:30am)

GOLDEN STAR ခရီးသွားလုပ်ငန်း
ဂျာမနီ နိုင်ငံထုတ် MAN အဆင့်မြင့် ကားများဖြင့် ...
* ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်
Ph: 209200, 544383, 430480, 705968, 703448

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph:01 707062, 09 799100100
01 703790, 09 797100100

ဆုပြည့် 0931815390 0931815395
ကျိုက်ထီးရိုး (Guest House) 8,16 Jan
ချောင်းသာ (Hotel/Guest House) 6+1FREE

ကိုကျော်နိုင် CAR RENTAL
မြို့တွင်းမြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်
KLUGER, ALPHARD ကားသစ်ကြီးများဖြင့်
ဝန်ဆောင်မှု ပေးပါသည်။
09 253582510, 09 5158803

# “အထူးလိုက်လှဲဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ”

၂၀၁၆ ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၆)ဖြင့် အန်ကယ်ကြီး ဦးခင်ဝင်း [ညွှန်ကြားရေးမှူး(ငြိမ်း) စက်မှုဝန်ကြီးဌာန] (**21 Paradise Hotel & 21 Paradise Hotspring**)အား “သုဓမ္မမဏိဇောတဓရ” ဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးစိုးဝင်း-မမ ဒေါ်အေးအေးသက်၊ ဦးမင်းထွေး-ဒေါ်ခင်အေးစိုး**
**ဒေါ်နန္ဒာသက်၊ တူလေး-မင်းထက်ထိုက် မော်လမြိုင်မိတယ်မိသားစု**


STRATEGY FIRST
မိရိုးဖလာ စီမံခန့်ခွဲမှုနှင့် မလှဲလောက်တော့သော ကိုယ်ပိုင်လုပ်ငန်းရှင်များအတွက်
own BUSINESS management
Level 2: Manage your business (48 hours)
သင့်လုပ်ငန်းကို စနစ်တကျ စီမံခန့်ခွဲနိုင်ဖို့ နည်းလမ်းကောင်းများ ရှာဖွေပါ။
သင်ကြားပေးမည့် ဘာသာရပ်ခေါင်းစဉ်များ
1. Principles of Management | Lecturer: Daw Aye Aye Win
2. Managing Finance | Lecturer: Daw Htay Htay Myint
3. Managing the Markets | Lecturer: U Aung Chit Khin
4. Managing Manufacturing & Operations | Lecturer: Daw Aye Aye Win
5. Managing Human Resource | Lecturer: Dr. Daw Ohnmar Myint
Wed, Thur, Fri, Sat (9:00 am to 12:00 pm) |15 Jan to 11 Feb 2016 | Fees: 240,000 Ks
#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon.
CALL NOW: (09) 250 7171 66 ~ 68

ယူနိုက်တက်ပွီးရှင်းမျက်စိဆေးရုံကြီး အား အမှတ်(၂၆၃-၂၆၅)၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်လိုက်ပါပြီ။

ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အပတ်စဉ် တနင်္လာနေ့ နေ့လည် (၁း၀၀) နာရီမှ
ည (၇း၃၀) နာရီထိ မျက်စိအထူးကုဆရာဝန်ကြီးများကိုယ်တိုင် အခမဲ့ စမ်းသပ်ပေးပါမည်။
ငွေကြေးမတတ်နိုင်သူများအား အခမဲ့ ခွဲစိတ်ကုသပေးပါမည်။
နီးစပ်ရာဆိုင်ခွဲများတွင် ဖုန်းဖြင့်ဖြစ်စေ လူကိုယ်တိုင်ဖြစ်စေ စာရင်းပေးသွင်းနိုင်ပါပြီ။
မှတ်ချက်။ ။ရန်ကုန်ဆိုင်ခွဲများတွင်သာ ဆောင်ရွက်ပေးပါမည်။
ဆိုင်(၁)-အမှတ်(၂၆၃)၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၀၁-၃၈၉၉၃၉၊ ၀၁-၃၈၄၈၃၈၊ ၀၁-၂၅၂၇၃၈
ဆိုင်(၂)-အမှတ်(၂၆၂)၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၀၁-၂၄၀၇၈၅
ဆိုင်(၃)-အမှတ်(၆၆/၆၈)၊ စံရိပ်ငြိမ်(၆)လမ်းထိပ်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၀၁-၅၃၂၃၁၇၊ ၀၁-၂၃၀၄၂၉၄
ဆိုင်(၄)-အမှတ်(၁၈/E)၊ လေးထောင့်ကန်လမ်းမ၊ သင်္ဃန်းကျွန်းဈေးရှေ့၊ ဇဝန၊ ရန်ကုန်မြို့။ ဖုန်း၀၁-၅၆၅၉၂၂

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ဇန်နဝါရီလ ၄ရက် (၆၈)နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၃၉)နေ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ သီလရှင် ဒါယကာကြီး **ဦးအောင်သန်းစိန်**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခဲ့သည့်အတွက် မိသားစုနှင့်အတူ ဂုဏ်ယူဝမ်းမြောက်ပါသည်။

စိတ်ထားဖြူစင်တဲ့ အစ်ကိုငယ်ရဲ့ စစ်မှန်တဲ့ သဒ္ဓါ၊ မေတ္တာ၊ စေတနာတွေကြောင့် ယခုလို ဘွဲ့တံဆိပ်ရရှိခဲ့တာဖြစ်သည့်အတွက် နောင်နှစ်ပေါင်းများစွာ ယခုထက်တိုင် ပိုမို၍ နိုင်ငံအကျိုး၊ သာသနာအကျိုး၊ ရပ်ရွာအကျိုးတို့ကို သယ်ပိုးဆောင်ရွက်နိုင်ပါစေဟု မေတ္တာပို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးကံထွန်း-ဒေါ်ငွေဝင်း မိသားစု**

**ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ထနီးကျေးရွာ**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ဇန်နဝါရီလ ၄ရက် (၆၈)နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၃၉)နေ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ သီလရှင် ဒါယကာကြီး **ဦးအောင်သန်းစိန်**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို ထိုက်ထိုက် တန်တန် ချီးမြှင့်ခဲ့သည့်အတွက် မိသားစုနှင့်အတူ ဂုဏ်ယူဝမ်းမြောက်ပါသည်။

သာသနာအတွက်သာမက လိုအပ်နေသောနေရာများ၌ လိုအပ်သလို လှူဒါန်းနေပုံတွေကို မျက်စိထဲမြင်ယောင်မိပါကြောင်းနှင့် နောင်လာမည့် အနာဂတ်တွင်လည်း ယခုထက်ပိုပြီး နိုင်ငံတော်အကျိုး၊ သာသနာအကျိုး၊ ရပ်ရွာအကျိုးများကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေဟု ဆန္ဒပြု ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

**ဦးမြစော-ဒေါ်သန်းတင် မိသားစု**

**ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ထနီးကျေးရွာ**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ဇန်နဝါရီလ ၄ရက် (၆၈)နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၃၉)နေ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ သီလရှင် ဒါယကာကြီး **ဦးအောင်သန်းစိန်**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခဲ့သည့်အတွက် မိသားစုနှင့်အတူ ဂုဏ်ယူဝမ်းမြောက်ပါသည်။

သာသနာအတွက်သာမက လိုအပ်နေသောနေရာများ၌ လိုအပ်သလို လှူဒါန်းနေပုံတွေကို မျက်စိထဲမြင်ယောင်မိပါကြောင်းနှင့် နောင်လာမည့် အနာဂတ်တွင်လည်း ယခုထက်ပိုပြီး နိုင်ငံတော်အကျိုး၊ သာသနာအကျိုး၊ ရပ်ရွာအကျိုးများကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေဟု ဆန္ဒပြု ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

**ဦးကြွယ်ကြီး-ဒေါ်စန်းမြ မိသားစု**

**ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ထနီးကျေးရွာ**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆ဖြင့် Prime Top Construction & Engineering Co.,Ltd၏ နာယကကြီး **ဦးခင်ဝင်း** (ညွှန်ကြားရေးမှူး-ငြိမ်း) 21 Paradise Hotel Setse Beach & 21 Paradise Natural Hot Spring အား သုဓမ္မဇောတိကဓဇ ဘွဲ့ ပေးအပ်ချီးမြှင့်ခံရသည့်အတွက် အထူးဝမ်းမြောက်မိပါကြောင်းနှင့် အမျိုး ဘာသာ သာသနာအကျိုး၊ နိုင်ငံ့အကျိုးတို့အား ဆတက်ထမ်းပိုး စွမ်းဆောင်နိုင်ပါရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ**

**Prime Top Construction & Engineering Co.,Ltd**







Forever Gems
by ရွှေနန်းတော်
ရွှေနန်းတော် စိန်ရွှေရတနာဆိုင် (၄)ဆိုင်၏
နှစ်သစ်အကြို အထူးကံစမ်းမဲပွင့်ပွဲကြီး
၁၇-၁-၂၀၁၆၊ ညနေ(၄)နာရီ
Myanmar Plaza (Near Sedona Hotel)
5-25% off
ဖျော်ဖြေရေးအစီအစဉ် (၁၆-၁-၂၀၁၆ နှင့် ၁၇-၁-၂၀၁၆)
နေတိုး၊ ဇေရဲထက်၊ ဝတ်မှုန်ရွှေရည်၊ ဖွေးဖွေး (လက်မှတ်ထိုးခြင်းနှင့်ဓါတ်ပုံရိုက်ခြင်း)
အောင်ထက်၊ ရဲဇေသွေးနောင်၊ ထွန်းအိန္ဒြာဗို၊ ဖြူဖြူကျော်သိန်း၊ နီနီခင်ဇော် တို့၏ဖျော်ဖြေမှု
စေမီကိုအကအဖွဲ့၏ဖျော်ဖြေမှု
TRI FAMILY Violin music Performance
ပုဂံစေတီဆီမီးခွက်အကဖျော်ဖြေမှု
World Class Fashion Show By Miss Forever Gems
Dancing with games activities
GRAND LUCKY DRAW PROGRAM
MAZDA3
Brand New ကား (၂) စီး
၅ကျပ်သား ရွှေဆွဲကြိုး (၄)ကုံး ၊ iphone (၂၀)လုံး
Samsung Note 5 (၁၅)လုံး ၊ ipad (၁၅)လုံး
Customers အတွက် Silver Card/Gold Card/Diamond Card အကျိုးခံစားခွင့်
ချက်ချင်းပေါက် ချက်ချင်းယူ ဗလာမပါ ကံစမ်းမဲ
(၁) ၂ ကျပ်သား ရွှေဆွဲကြိုး (၄) ကုံး
(၂) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၃) ၁၂ ပဲ ရွှေဆွဲကြိုး (၁၀) ကုံး
(၄) ၈ပဲ မှ ၁ပဲသား ရွှေထည်ပစ္စည်း (၂၅၀) နှင့်အခြားအဖိုးတန်ပစ္စည်းများ
၅ . ၁၀ . ၂၀၁၅ မှ ၁၇ . ၁ . ၂၀၁၆ ထိ
Myanmar Plaza ရှိ Forever Gems By ရွှေနန်းတော် အတွက်သာ
၃၀-၁၀-၂၀၁၅ မှ ၃၀-၁-၂၀၁၆ အထိ
အများဆုံးဝယ်ယူသူ (၁၀)ဦးအတွက်ထပ်ဆင့်အထူးလက်ဆောင်မွန်
ခန့်ညားခွင့်လှစ်ရောင်းချပေးနေပါပြီ
ရွှေ (၁၀)ကျပ်သား (၁) ဆု ၊ ရွှေ (၇)ကျပ်သား (၁) ဆု
ရွှေ (၅)ကျပ်သား (၁) ဆု ၊ ရွှေ (၃)ကျပ်သား (၂) ဆု
ရွှေ (၂)ကျပ်သား (၂) ဆု ၊ ရွှေ (၁)ကျပ်သား (၃) ဆု
Myanmar Plaza (HAGL, Near Sedona Hotel),Ph: 09-2653 99966, 09-2653 99977, 09-2653 99988

# "အထူးလိုက်လှဲဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာ"

၂၀၁၆ ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၆)ဖြင့် **အန်ကယ်ကြီး ဦးခင်ဝင်း(ညွှန်ကြားရေးမှူး (ငြိမ်း) စက်မှုဝန်ကြီးဌာန) (21 Paradise Hotel & 21 Paradise Hotspring)** အား **"သီရိပျံချီ"** ဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် လိုက်လှဲစွာဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အစ်မကြီးနှင့် ညီအစ်ကိုမောင်နှမများ**
**တူ/ တူမ၊ မြေးများ**
**ခြံအမှတ်(၁၁၃)၊ ကျိုက္ကမီလမ်းမကြီး၊**
**ဈေးကြိုဆန်တန်းရပ်၊ မော်လမြိုင်မြို့။**

ဒေါက်တာခင်မောင်လွင် (FAME) ရေးသားထားသော ကျန်းမာသုတ စာအုပ်များကို ဖြန့်ချိရောင်းချလိုသော အမြို့မြို့အနယ်နယ်ရှိ စာအုပ်အရောင်းဆိုင်များအနေဖြင့် **FAME Publishing House** သို့ အောက်ပါနံပါတ်များအတိုင်း ဆက်သွယ်မှာယူနိုင်ပါသည်။

**"စာအုပ်အမျိုးအစားတစ်ခုလျှင် ၅ အုပ်နှင့် အထက်ဝယ်ယူပါက"**

| CASH DOWN | CREDIT | CONSIGNMENT |
|---|---|---|
| 30% Discount | 25% Discount | 20% Discount |

**မြန်မာဘာသာ**

- ကြက်ဥနှင့် ကျန်းမာရေး
- ငှက်ပျောသီးနှင့် ကျန်းမာရေး
- သည်းခြေကျောက်တည်ရောဂါ
- သွေးတိုးရောဂါ
- ဆံကေသာအလှနှင့် ကျန်းမာရေး
- အရိုးပါး၊ အရိုးပွရောဂါ
- ဆီးကျောက်တည်ရောဂါ
- ပရိုဘိုင်အိုတစ် ခေါ် အကျိုးပြုအဏုဇီဝလေးများ
- အော်ဂဲနစ်စိုက်ပျိုးရေး၊ အော်ဂဲနစ်အစားအစာများနှင့် ကျန်းမာရေး
- မီးဖိုချောင်သုံးအစားအစာများနှင့် ကျန်းမာရေး

**အင်္ဂလိပ်ဘာသာ**

- *Gynura procumbens*
- *Ginkgo biloba*
- *Pueraria mirifica*
- *Echinacea purpurea*
- *Vitis species*
- *Orthosiphon aristatus*
- Willow bark *(Salix spp.)*
- *Astragalus membranaceus* (Fisch.) Bg.
- *Cordyceps sinensis* (Berk.) Sacc.
- Gallstones
- *Nanobacterium sanguineum*

- Medicinal Plant List of Myanmar (Second Edition)



FAME Publishing House

အမှတ် (၂၀)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုဇုန် (၃)၊ လှိုင်သာယာစက်မှုမြို့၊ ရန်ကုန်။
Ph : 01-682199, 685083, 685609 Fax : 95-1-680122
www.famepharma.com, FAME Pharmaceuticals

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း) (နောင်စစ်သည်)**

**သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)**

သူငယ်ချင်း ဦးစိုးနိုင်ဆွေ(ဒု-အကောက်ခွန်မှူး-ငြိမ်း)၏ဖခင် ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း) (စာရေးဆရာကြီး နောင်စစ်သည်)သည် ၂၈-၁၂-၂၀၁၅ ရက် နံနက် ၈း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**၁/၈၉ အပတ်စဉ်မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်လှအေးကြည်(ခ)အီလာယာချီဒေဝီ(မာတာဂျီး)**

**အသက်(၈၇)နှစ်**

ကွယ်လွန်သူ ဝဏ္ဏကျော်ထင် မဟာသဒ္ဓမ္မဇောတိကဓဇ၊ ကမ္ဘာ့ဝိပဿနာတရားပြဆရာကြီး ဦးဂိုအင်ကာ၏ဇနီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်ရွှေ(ခ)B.L.ဂိုအင်ကာ၏ မိခင်ဖြစ်သူ ဒေါ်လှအေးကြည်(ခ)အီလာယာချီဒေဝီ(မာတာဂျီး)သည် ၅-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့်တကွ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**
**နှင့်**
**ဟိန္ဒူဘာသာဝင်များ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသိန်းအောင်**

**အသက်(၈၃)နှစ်**

**(ဗန်းမော်မြို့)**

ဒေါက်တာအောင်ဇင်ဦးနှင့် ဒေါက်တာနွယ်နွယ်သိန်းတို့၏ဖခင် ဦးသိန်းအောင် အသက်(၈၃)နှစ်သည် ၃၁-၁၂-၂၀၁၅ရက် နံနက် ၈း၂၀ နာရီတွင် ဗန်းမော်မြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံမှဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အေးမိ**

**အသက်(၇၉)နှစ်**

ဒေါ်သီတာသန်း(Shwe Gandamar Int`l Trading Ltd.)၏မိခင်ကြီး ဒေါ်အေးမိသည် ၅-၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုစိုး၊ ကိုလင်း**
**MYANMAR ART ZONE**
**EVENT MANAGEMENT**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ရိုစီအောင်(ခ)ဒေါ်မာလာအောင်**

**အသက်(၆၉)နှစ်**

O.T.S(38) စည်သူတပ်ခွဲမှ (ဗိုလ်မှူးမြင့်အေး)၏ ဇနီးဖြစ်သူ ဒေါ်ရိုစီအောင်(ခ)ဒေါ်မာလာအောင် အသက်(၆၉)နှစ်သည် ၄-၁-၂၀၁၆ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**O.T.S(38) စည်သူတပ်ခွဲမှ**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာကြည်ယဉ်သောင်းညွန့်(ခ)ဘက်တီသောင်း**

**အသက် (၆၉)နှစ်**

ဦးသီဟမျိုးညွန့်၏မိခင် ဒေါက်တာကြည်ယဉ်သောင်းညွန့်သည် ၁-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ယုဇနကွန်ဒိုမိသားစု**
**အနောက်ရွှေဂုံတိုင်-ဗဟန်းမြို့နယ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်မိုးဝင်း**

**Tour Mandalay Co., Ltd**

**အသက် (၅၁)နှစ်**

ဦးခင်မြင့်(ခ)ကိုချစ်၏ ချစ်လှစွာသောဇနီးသည် ၂-၁-၂၀၁၆ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**JTPC, Japan Tourism Promotion Committee, Myanmar အဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးဇော်နိုင်ဦး**

Regent Business Academy တွင်တက်ရောက်ပညာသင်ကြားနေသော မသံသာမြတ်နိုးဦး၏ဖခင်သည် ၅-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**အုပ်ချုပ်သူများ၊ ဝန်ထမ်းများ၊ ဆရာ/ဆရာမများနှင့်**
**ကျောင်းသူ/သားများ**

## (၁၈)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဒုတိယဗိုလ်ချုပ်ကြီး စိန်အောင်(ငြိမ်း)**

တုနှိုင်းမမီသော အနန္တကျေးဇူးရှင် ဖခင်ကြီး ကွယ်လွန်ခဲ့တာ ယနေ့ ၉-၁-၂၀၁၆ ရက်မှာ (၁၈)နှစ် တိတိပြည့်ခဲ့ပါပြီ။ ကြီးမားလှသော ဖေဖေ့ရဲ့ ကျေးဇူးတရားများကို ယနေ့ထက်တိုင် တစ်နေ့မှ မေ့မရပါ။ ပေးဆပ်၍ မကုန်နိုင်တဲ့ ဖေဖေ့ရဲ့ အေးမြလှသော မေတ္တာတရား ကျေးဇူးများကို ရည်စူးပြီး နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုလုပ်ခဲ့သည့် အလှူဒါနများ၊ ယနေ့(၁၈)နှစ်ပြည့်မှာ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် ပြုလုပ်သည့် အလှူဒါန၊ ကောင်းမှုကုသိုလ်အစုစုများကို ဖေဖေအား အမျှပေးဝေပါသည်။ မြင့်မြတ်အေးချမ်းသော ဘုံဘဝမှာ သာစုခေါ်ပါဖေဖေ-----

**ချစ်ဇနီး သီရိသုဓမ္မသီဂီ ဒေါ်ခင်သိန်းနှင့်**
**ချစ်သားသမီး၊ မြေးတစ်စု**

## ကျေးဇူးအထူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**မိုးကုတ်ယောဂီ ဒေါ်ခင်ခင်အေး(မော်လမြိုင်)**

**အသက်(၉၃)နှစ်**

၂၈-၁၂-၂၀၁၅(တနင်္လာနေ့)တွင်ကွယ်လွန်သွားသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ခင်အေး (အသက် ၉၃နှစ်) စတင် မကျန်းမာသည့်အချိန်မှစ၍ ပြုစုစောင့်ရှောက်ပေးခဲ့ကြသော အာရှတော်ဝင်ဆေးရုံကြီးမှ သမားတော်ကြီး ပါမောက္ခ ဒေါက်တာသီဝတင်၊ ခုတင် ၅၀၀ အထူးကုဆေးရုံကြီး အဆုတ်နှင့်ရင်ခေါင်းဆေးပညာဌာနမှ အထူးကုဆရာဝန်ကြီး ဒေါက်တာအေးဝင်းဆက်၊ ဒေါက်တာတိုးစန္ဒာ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ ဒု-ဆေးရုံအုပ်ကြီး၊ အခန်း(၁၇၊ ၁၈)မှ သမားတော်ကြီး ပါမောက္ခ ဒေါက်တာခင်စောသန်း၊ တွဲဖက်ပါမောက္ခဒေါက်တာသင်းသင်းနွဲ့၊ အခန်း (၁၁၊ ၁၂)မှ သမားတော်ကြီး ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း၊ အထူးကြပ်မတ်ကုသဆောင်မှ ပါမောက္ခ ဒေါက်တာကြည်ကြည်စန်း၊ ရောဂါဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာဒေါ်မြတ်မွန်နှင့်တကွ အရေးပေါ်ဌာနအပါအဝင်သက်ဆိုင်ရာ ဌာနအားလုံးတို့မှ အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဓာတ်ခွဲ၊ ဓာတ်မှန်ဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး မိသားစုဆရာဝန် ဒေါက်တာအေးငြိမ်းကို၊ ကွယ်လွန်ပြီးသောအခါ နှစ်သိမ့် အားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ရပ်နီးရပ်ဝေးမှ တယ်လီဖုန်း၊ လူမှုကွန်ရက်များဖြင့် သတင်းမေးမြန်း အားပေးခဲ့ကြသူများ၊ နာရေးကိစ္စအဝဝကို အဘက်ဘက်မှ အနီးကပ် ပံ့ပိုးကူညီဆောင်ရွက်သူများ၊ လွမ်းသူ့ပန်းခြင်းများပေးပို့ခဲ့သော မိသားစုဝင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူ ဇင်မိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

သမက (၁/၃၀၀)မှ ၃၁-၁၂-၂၀၁၅ ရက်တွင် ကွယ်လွန်သွားသော အရာခံဗိုလ်/စာရေး ကျော်လွင်၏နာရေးတွင် အဘက်ဘက်မှဝိုင်းဝန်းကူညီကြသော သမက(၁/၃၀၀)မှ တပ်မှူး ဗိုလ်မှူးကြီး ဒေါ်ကေသီထွန်းနှင့် အရာရှိကြီးများ၊ အရာရှိ/စစ်သည်ဝန်ထမ်းများ၊ အိမ်ထောင်စုဝင်မိသားစုများ၊ ပုသိမ်ဒေသကောလိပ်မှ သူငယ်ချင်းများ၊ မန္တလေးနန်းတွင်း မင်္ဂလာဒုံမြို့နယ်နှင့် ထောက်ကြန့်တို့မှ ဆရာ၊ ဆရာမများ၊ တဆရ(၁) (၇၀၀)၊ မဆရ(၁)တို့မှ လုပ်ဖော်ကိုင်ဖက်နှင့် မိသားစုဝင်များ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟနှင့် သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**
**(ဇနီး)ဒေါ်မြင့်မြင့်စိန်၊ (သား)မောင်ပြည့်ဖြိုးကျော်လွင်**

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်ခင်လှလှ (သထုံ)**

**အသက် (၈၇) နှစ်**

ဂျပန်နိုင်ငံဆိုင်ရာ မြန်မာအသံမတ်ကြီး ဦးသူရိန်သန့်ဇင်-ဒေါ်ခင်စိုးနောင်တို့၏ချစ်လှစွာသော မိခင်ကြီး ဒေါ်ခင်လှလှသည် ၄-၁-၂၀၁၆ (တနင်္လာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုကျော်-မသက်**
**Steven-ရင်းရင်း**
**မျိုးလွင်-ဘုတ်ဘုတ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးဂျီအက်(စ်)ရာမား(ခ)ဦးဂျီရှန်ကာ**

**အသက်(၇၆)နှစ်**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူသာသနာရေးဗဟိုအဖွဲ့ချုပ် ဥက္ကဋ္ဌ(ဟောင်း) ဦးဂျီအက်(စ်)ရာမား(ခ)ဦးဂျီရှန်ကာသည် ၄-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့်တကွ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**
**နှင့်**
**ဟိန္ဒူဘာသာဝင်များ**

## ဝမ်းနည်းကြေကွဲခြင်း

**ရဲအုပ်သောင်းအေး (သတင်းရဲတပ်ဖွဲ့-ငြိမ်း)**

ရဲအုပ်သောင်းအေး(သတင်းရဲတပ်ဖွဲ့-ငြိမ်း) အသက်(၆၈)နှစ်သည် ၁-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သတင်းရဲတပ်ဖွဲ့ဝင်ဟောင်းများ**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တကောသလ္လ (မြိတ်)**

**(မဟာဂန္ထဝါစက ပဏ္ဍိတ)**

**ပဓာနနာယကဆရာတော်**

**သိက္ခာတော်(၅၉)ဝါ၊ သက်တော်(၇၉)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ ပါဠိတက္ကသိုလ် အောင်မင်္ဂလာတိုက်သစ်ကြီး၌ သီတင်းသုံးတော်မူသော ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ကောသလ္လ(မြိတ်)(မဟာဂန္ထဝါစက ပဏ္ဍိတ)သည် (၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်)၊ ၆-၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် အထက်ပါကျောင်းတိုက်ကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ကြောင်း ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ဈာပနရက်ကို ထပ်မံကြေညာပါမည်။)

ဈာပနကော်မတီ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ကြည် (၈၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ အမှတ်(၆၀၈)၊ (၈)လမ်း (မြောက်)နေ (ဦးဖိုးရှမ်း-ဒေါ်လှဘုံ)တို့၏သမီး၊ ဦးကျော်မြင့်-ဒေါ်ကျင်လှ၊ ဒိုက်ဦးမြို့နေ ဒေါ်ကျင်မြ၊ ဒေါ်ကျင်ကျင်သန်း၊ ဦးမြင့်အောင်-ဒေါ်စမ်းစမ်း၊ ဦးမြင့်ဝေ (B.P.I၊ စိုက်မွေး)၊ ဒေါ်ချိုချိုမြင့်၊ ဦးကျော်မျိုးနိုင်-ဒေါ်ယဉ်ယဉ်ဇော်တို့၏မွေးသမိခင်၊ မြေး ၁၄ ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွား၊ (ဦးကျော်သိန်း) ၏ဇနီး ဒေါ်ခင်ကြည်သည် ၇-၁-၂၀၁၆(ကြာသပတေးနေ့)နံနက် ၈း၁၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၆ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဝီလျံခွန်ကြည်(ခ)William Liu (၇၂)နှစ် (Albertian)

(ဦးလျှိုစီဟော့-ဒေါ်ရန်ဟော)တို့၏သား၊ မန္တလေးမြို့၊ (၃၂)လမ်း၊ (၇၆×၇၇)လမ်းကြား၊ အမှတ်(၁၇၉)နေ (ကိုနိုင်လင်း)-မဝင်းဝင်း၊ ကိုဝင်းကြည်-မခင်နွန်ကြည်၊ ကိုနေထွန်း-မဥမ္မာလွင်၊ ကိုထင်ကျော်-မနန်းစုစုခိုင်၊ ကိုအောင်ကျော်ဝင်း-မမို့မို့လွင်တို့၏ဖခင်၊ ဒေါ်ရီကြည်၏ ချစ်လှစွာသောခင်ပွန်းသည် ၅-၁-၂၀၁၆(အင်္ဂါနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၆(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**Shri G.S Sharma Ji (ခ) ဦးဂျီရှန်ကာ (B.A,B.L)**

**(မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူသာသနာရေးဗဟိုအဖွဲ့ချုပ်၏ဥက္ကဋ္ဌဟောင်း)**

**သနန္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်၏နာယကဟောင်း၊**

**ဟိန္ဒူ ဓမ္မသင်ကြားပို့ချရေး ဗဟိုကော်မတီ၏ ဥက္ကဋ္ဌဟောင်း၊**

**(YAMONA INTERNATIONAL CO., LTD ၏မန်နေဂျင်းဒါရိုက်တာ)**

**အသက် (၇၆) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ် ၁၈၀/ဘီနှင့် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၅ လမ်းနေ Shri G.S Sharma သည် ၄-၁-၂၀၁၆ (တနင်္လာနေ့)တွင် အိန္ဒိယနိုင်ငံ၊ မွမ်ဘိုင်းမြို့ရှိ Asian Heart Institute ၌ အိန္ဒိယစံတော်ချိန် ၅း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သနန္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်၊**
**အမှုဆောင်များ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ရှယ်လီချန်း (ခ) ဝေရှန်း**

**အသက်(၇၃)နှစ်**

မြစ်ကြီးနားမြို့၊ ရှမ်းစုမြောက်ရပ်ကွက်၊ အမှတ်(၁၂၉)နေ ကိုအောင်နိုင်ဦး+မရင်မေ (Family ရောင်းဝယ်ရေး)တို့၏ မိခင်၊ ဦးတင်အောင်၏ ချစ်လှစွာသော ဇနီး **ဒေါ်ရှယ်လီချန်း(ခ)ဝေရှန်း** အသက်(၇၃)နှစ်သည် (၃.၁.၂၀၁၆)ရက်နေ့ နေ့လည်(၂း၀၀)နာရီအချိန်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Board of Director**
**Peace Myanmar Group Co., Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ရိုစီအောင်(ခ)ဒေါ်မာလာအောင်**

**အသက်(၆၉)နှစ်**

Yangon Nomura Trading မှ မလှိုင်ပန်ထွာ၏မိခင်ကြီး ဒေါ်ရိုစီအောင်(ခ)ဒေါ်မာလာအောင် အသက်(၆၉)နှစ်သည် ၄-၁-၂၀၁၆ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်သူ-ဒေါ်မေလွင်ဦး**
**Aung Gyi Group Of Companies**

Hot Line No-0930500100

# (၁၈) ကြိမ်မြောက် မီးပုံးပျံစုပေါင်းပျံသန်းပွဲတော် ကျင်းပ



(၁၇)ကြိမ်မြောက် မီးပုံးပျံစုပေါင်းပျံသန်းပွဲတော်တွင် မန္တလေးမြို့ရှိ တောင်သမန်အင်းဝေဟင်၌ စုပေါင်းပျံသန်းလေ့လာခဲ့ကြသည့် မီးပုံးပျံများ။ ဓာတ်ပုံ-ကျော်စွာ(တောင်ငူ)

**မုံရွာ ဇန်နဝါရီ ၈**

မြန်မာများ၏ ရိုင်းပင်းကူညီမှုနှင့် ချစ်စရာဓလေ့များကြောင့် ၁၉၉၉ ခုနှစ်မှစတင်၍ မီးပုံးပျံပွဲတော်(မီးပုံးပျံစုပေါင်း ပျံသန်းသည့်ပွဲတော်)ကို (၁၈)ကြိမ်မြောက်အထိ နှစ်စဉ် ဆွစ်ဇာလန်နိုင်ငံသားများသည် မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ အကူအညီနှင့် Golden Eagle Ballooning ၏ ဝန်ဆောင်မှုဖြင့် ၁၈ နှစ်ဆက်တိုက် ပျံသန်းလေ့လာလျက်ရှိကြောင်း Golden Eagle မှ ဒါရိုက်တာကိုကောင်းဆက်ဇော်ထံမှ သိရသည်။

(၁၈)ကြိမ်မြောက် မီးပုံးပျံစုပေါင်းပျံသန်းပွဲတော်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှစတင်၍ လွိုင်ကော်-အင်းလေး-မန္တလေး-မုံရွာနှင့် ပခုက္ကူ-ပုဂံခရီးစဉ်ကို ၁၉ ရက်ကြာ ပျံသန်းလေ့လာမှတ်တမ်းတင်ကြမည်ဖြစ်ကြောင်း သိရသည်။ ခရီးစဉ်တွင် မီးပုံးပျံကြီးလေးလုံးနှင့်အတူ ပိုင်းလော့လေးဦးအပါအဝင် ဆွစ်ဇာလန်နိုင်ငံသား ၁၆ ဦး လိုက်ပါစီးနင်းလျက်ရှိရာ ခရီးစဉ်တွင် လိုက်ပါသူတစ်ဝက်ကျော်သည် မြန်မာနိုင်ငံသို့ အစမှယခုထိတိုင် (၁၈)ကြိမ်မြောက် လာရောက်ပျံသန်းကြခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံ ဘယ်နေရာရောက်ရောက် ကျေးလက်တောရွာပါမကျန်

**စာမျက်နှာ ၅ ကော်လံ ၄ သို့ ✱**

# သပြေကန်-သိမ်ကုန်းဧရိယာ(သို့မဟုတ်)တောင်သူတို့၏ စပါးကျီ

သပြေထွန်း

ဒီတစ်ခေါက် သပြေကန်-သိမ်ကုန်း ဧရိယာကို ပြန်လည်ရောက်တော့ ဂေးဂုကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဌ လယ်သမားကြီး ဦးတင်အောင်လင်း၏ မျက်နှာထားက သိသိသာသာကြီး ပြုံးပျော်လို့နေသည်။

"ပျော်နိုင်ပြီ၊ ပြုံးနိုင်ပြီ. . . အစ်ကိုရဲ့။ အစ်ကိုမြင်တဲ့အတိုင်းပဲ။ အနှစ်နှစ်အလလက နွေစပါးစိုက်ပျိုးလို့ မအောင်မြင်ခဲ့တဲ့လယ်တွေ၊ မိုးများရင်မြုပ်တတ်တဲ့ အနိမ့်ပိုင်းတွေ ဒီနှစ်ကစပြီး နွေစပါးနဲ့စိမ်းပြီလေ။ နေရာမလပ်ကို စိုက်နိုင်နေပြီ။ စိုက်သမျှကောင်းတော့ မကြာခင် နွေစပါးကနေ ငွေဖြစ်လာပြီး အဆင်ပြေလာတော့မယ်လေ။ ပျော်နိုင်ပြီ။ ဒါကလည်း ကျွန်တော်တို့ဘက်က ဦးဆောင်ပြီး သက်ဆိုင်ရာကို တင်ပြနေရုံနဲ့ပြီးတာမျိုးမဟုတ်ပါဘူး။ ဆည်မြောင်းဦးစီးဌာနက စိတ်ပါလက်ပါစေတနာနဲ့ စီမံဆောင်ရွက်ပေးလို့လည်း ထိထိရောက်ရောက်အောင်မြင်တာပါ"ဟု တက်ကြွစွာ ပြန်လည်ပြောပြသည်။

သပြေကန်-သိမ်ကုန်းဧရိယာ၏ သဘာဝပထဝီဝင်ကို လေ့လာကြည့်မည်ဆိုပါက ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် တည်ရှိသောမိုးစပါး၊ နွေစပါးစိုက်ဒေသတစ်ခုဖြစ်ပြီး အရှေ့ဘက်တွင် ဇင်းဘောင်ချောင်းနှင့်အဖောင်ရေတံခါး၊ အနောက်ဘက်တွင် နောင်တော်ကြီးချောင်းနှင့် စံပုလဲရေတံခါး၊ တောင်ဘက်တွင် ကျုံကန်ချောင်းနှင့် အောက္ကဘာရေထိန်းတံခါး၊ မြောက်ဘက်တွင် ဘန့်ဘွေးစုကျွန်းပတ်တာနှင့် အနောက်မြောက်ဘက်တွင် သကံရေတံခါး ဝန်းရံလျက်ရှိသည်။

အဆိုပါ သပြေကန်-သိမ်ကုန်း ဧရိယာသည် ကျွန်းပတ်တာများ၏ အပြင်ဘက်တွင်တည်ရှိသည့် အပိုင်းဖြစ်ပြီး ရေချို ရေငန် နှစ်မျိုးလုံး

**စာမျက်နှာ ၅ ကော်လံ ၁ သို့○**



သပြေကန်-သိမ်ကုန်းဧရိယာအတွင်းရှိ နွေစပါးခင်းများ ရိတ်သိမ်းနေမှုနှင့် ဂေးဂု-သိန္နီမြောင်းတူးဖော်ခြင်းလုပ်ငန်းအား စက်ဖြင့်ဆောင်ရွက်နေမှု(ပုံသေး)ကို တွေ့ရစဉ်။



themirror.npt@gmail.com
www.facebook.com/themirrordaily